ကြေးမုံ
The Mirror

၁၃၆၅ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်၊ စနေနေ့၊ (12-7-2003) (၃၉၂၉)

ယနေ့ထုတ် စောင်ရေ ၂၂၄၁၂၆

ဗုဒ္ဓ ဓမ္မ သံဃ တော် မင်္ဂလာ မုတ္တမံ။ သည်းခံခြင်းသည် မြတ်သောမင်္ဂလာ မည်၏။

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

မြန်မာနိုင်ငံအနေနှင့် လူငယ်များသည် နိုင်ငံ၏အရေးအပါဆုံးအင်အားစုတစ်ခုဖြစ်သည်ဟု ခံယူ လူငယ်များ ဘက်စုံဖွံ့ဖြိုးရေးကို နိုင်ငံတော်အစိုးရအနေနှင့် အလေးထား ဆောင်ရွက်ပေးလျက်ရှိ ယနေ့မြန်မာလူငယ်များ လူနေမှုအဆင့်အတန်းနှင့် လူမှုဘဝမြင့်မားရေး အခွင့်အလမ်းများ ရရှိနေ

ရန်ကုန် ဇူလိုင် ၁၁

၂၀၀၃ခုနှစ် ကမ္ဘာ့လူဦးရေနေ့ (2003 World Population Day) အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အပြည်ပြည်ဆိုင်ရာ စီးပွားရေးလုပ်ငန်း ဗဟိုဌာနအဆောက်အအုံခန်းမ၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ တရားသူကြီးချုပ်၊ ရှေ့နေချုပ်၊ စာရင်းစစ်ချုပ်၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများနှင့် သံရုံးတာဝန်ခံများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများမှ ဌာနေကိုယ်စားလှယ်များနှင့်တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပမှ အစိုးရမဟုတ်သော လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှတာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ အနုပညာရှင်များ၊ ဆရာ ကျောင်းသား၊ ကျောင်းသူများနှင့် အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

မိန့်ခွန်းပြောကြား

ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီး ခင်ညွန့်က မိန့်ခွန်းပြောကြားရာတွင် ယခုကဲ့သို့ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော ၂၀၀၃ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားတွင် အမှာစကား ပြောကြားခွင့်ရသည့်အတွက် မိမိအနေနှင့် များစွာ ဂုဏ်ယူ ဝမ်းမြောက်မိပါကြောင်း၊ မြန်မာနိုင်ငံတွင် ကမ္ဘာ့လူဦးရေနေ့ကို နှစ်စဉ်ကျင်းပခဲ့ရာမှာ ယခုနှစ်ပါဆိုလျှင် (၁၄)ကြိမ်တိုင်တိုင် ရှိခဲ့ပြီဖြစ်ကြောင်း၊ ဤကဲ့သို့ ကျင်းပခြင်းသည်လည်း မြန်မာနိုင်ငံအနေနှင့် ကုလသမဂ္ဂအဖွဲ့ကြီး၏ ရည်မှန်းချက်၊ ဦးတည်ချက်နှင့် လုပ်ငန်းစဉ်များကို မည်မျှအရေးထားကြောင်း ပေါ်လွင်စေကြောင်း၊ ကမ္ဘာတစ်လွှားနိုင်ငံများမှာလည်း ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားကို လူဦးရေနှင့် ဆက်စပ်သည့် အခြေအနေအရပ်ရပ်ကို သက်ရှိလူသားများအနေနှင့် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ✻

သံလွင်တံတား(မော်လမြိုင်) သံပေါင်တပ်ဆင်နေမှုကို ဇူလိုင် ၉ရက်က မော်လမြိုင်ဘက်ကမ်းမှ တွေ့ရစဉ်။ (သတင်းကျော်ဖုန်း) (သတင်းစဉ်)

အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၃ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် အခမ်းအနားတွင် ပိုစတာပြိုင်ပွဲ အဆင့်(၅) အလွတ်တန်း ပထမဆုရ ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်မှ မောင်ဇာနည်ထွန်းအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်စဉ်။ (သတင်းစဉ်)

ပြည်တွင်းပုလဲရောင်းချပွဲနှင့် ပုလဲလက်ဝတ်ရတနာ ဒီဇိုင်း ပြပွဲ၊ ပြိုင်ပွဲ ယှဉ်ပြိုင်ကြည့်ရှု ဝယ်ယူနိုင်

ရန်ကုန် ဇူလိုင် ၁၁

မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်းမှ ပုလဲများကို ပြည်တွင်းတွင် မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲနှင့် ပုလဲလက်ဝတ်ရတနာဒီဇိုင်း ပြပွဲ၊ပြိုင်ပွဲကို ချိပ်ပိတ်စနစ်၊ ဈေးပြိုင်စနစ်များဖြင့် ၂၀၀၃ခုနှစ် ဇူလိုင် ၂၆ ရက်မှ ၂၈ရက်အထိ ကျင်းပမည်ဖြစ်၍ လာရောက်ယှဉ်ပြိုင် ကြည့်ရှုဝယ်ယူနိုင်ကြောင်း သိရသည်။

အသေးစိတ်စုံစမ်းမေးမြန်းလိုသူများသည် အမှတ်(၉၀)ကန်ဘဲ့ ရန်ကင်းမြို့နယ်ရှိ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်း ၅၅၄၇၄၆၊ ၅၇၁၀၃၈နှင့် ၅၇၈၄၇၀ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းနိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၁၂-၇-၂၀၀၃
(စနေနေ့)

အမျိုးသားရေးစွမ်းအား အခိုင်အမာတည်ဆောက် ပြည်ထောင်စုကြီး အစွန့်ရှည်တည်တံ့ရေး ထိန်းသိမ်းကာကွယ်

ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် သမိုင်းအစဉ်အလာကြီးမားပြီး ယဉ်ကျေးမှုအဆင့်အတန်းမြင့်မားသည့် နိုင်ငံဖြစ်သည်။ ယနေ့ အချိန်အခါသည် နိုင်ငံတော်တစ်ဝန်း တည်ငြိမ်အေးချမ်းပြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်း ခေတ်မီဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းအကောင်အထည်ဖော်နေသော ကာလဖြစ်သည်။

ထိုသို့သော အချိန်အခါကောင်းတွင် ရရှိဖြစ်ထွန်းနေပြီဖြစ်သည့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှု၊ ငြိမ်းချမ်းသာယာမှုများကို တိုင်းရင်းသားပြည်သူတိုင်းက ဝိုင်းဝန်းထိန်းသိမ်းမြှင့်တင်ကြရမည်ဖြစ်သည်။ အရှိန်အဟုန်ရလျက်ရှိသည့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးနှင့်အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရမည့် အချိန်အခါဖြစ်သည်။

မိမိနိုင်ငံတော်၊ မိမိလူမျိုး၏ အနာဂတ်ထွန်းလင်းတောက်ပြောင်စေရေးအတွက် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ကမ္ဘာတည်သရွေ့ အစွန့်ရှည်တည်တံ့ခိုင်မြဲနေစေရန် လိုအပ်သည်။ ဘိုးဘွားအမွေအနှစ် စစ်စစ်ဖြစ်သော ပြည်ထောင်စုကြီး ထာဝရခိုင်မြဲတည်တံ့နေစေရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ညီညီညွတ်ညွတ်လက်တွဲကာကွယ်စောင့်ရှောက် ကြရမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ကို မိမိနိုင်ငံ၏ အတိတ်သမိုင်းကြောင်းပေါ်တွင် အခြေတည်ပြီး မိမိလူမျိုး၏ အမျိုးသားရေးနှုန်းစံများနှင့်အညီ တည်ဆောက်နိုင်မှသာ အစွန့်ရှည်တည်တံ့ခိုင်မြဲနိုင်မည်ဖြစ်သည်။ မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားအားလုံးတို့သည် မြန်မာနိုင်ငံအား ကျူးကျော်သူနယ်ချဲ့များကို ခုခံတိုက်ခိုက်ရာတွင် တညီတညွတ်တည်းလက်တွဲ ပါဝင်ဆောင်ရွက်ခဲ့ကြသည့် အစဉ်အလာရှိသည်။ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့်အချုပ်အခြာအာဏာကို ထိန်းသိမ်းကာကွယ်ရာတွင် အသက်၊ သွေး၊ ချွေးဖြင့် ရင်းနှီးဆောင်ရွက်ခဲ့သော အတိတ်သမိုင်းရှိခဲ့သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက အတိတ်သမိုင်းသင်ခန်းစာများကို ရယူပြီး အနာဂတ်နိုင်ငံတော် တောက်ပြောင် ဝင့်ကြွားနိုင်စေရန် အမျိုးသားစည်းလုံးညီညွတ်ရေးကို ဦးစားပေးအကောင်အထည်ဖော် တည်ဆောက်ခဲ့သည်။ တိုင်းရင်းသား စည်းလုံးညီညွတ်မှု စွမ်းပကားဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အမျိုးသားလမ်းကြောင်းမှန်ကို အခိုင်အမာ ထားလျှောက်လှမ်းခဲ့ခြင်းဖြစ်သည်။

ယနေ့အချိန်အခါသည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုစွမ်းအားဖြင့်ကိုယ်နိုင်ငံတော်ကို ကိုယ်တည်ဆောက်နိုင်သည့် ကာလသို့ ရောက်ရှိနေပြီဖြစ်သည်။နိုင်ငံတော်တစ်ဝန်း နယ်စပ်ဒေသများအပါအဝင် ဒေသအားလုံးအကြားအလပ်မရှိ ဖွံ့ဖြိုးတိုးတက်လာစေရန် အဘက်ဘက်က စီမံဖြည့်ဆည်းပေးလျက်ရှိသည်။

နိုင်ငံသူ၊ နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ဆည်မြောင်းတာတမံများ၊ လမ်းများ၊ တံတားများ၊ ဆက်သွယ်ရေးနှင့် စွမ်းအင်ကဏ္ဍများပါ ဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာစေရန် တည်ဆောက်ပေးလျက်ရှိသည်။ နိုင်ငံတော်က ပြည်သူများ၏ အခြေခံလိုအပ်ချက်များကို ယင်းသို့ ဖြည့်ဆည်းအကောင်အထည်ဖော်ရာတွင် အရင်းအနှီး အကန့်အသတ်၊ စက်ကိရိယာ အကန့်အသတ်၊ အချိန်ကာလအကန့်အသတ်များကို နည်းမျိုးစုံဖြင့် ကျော်လွှားဆောင်ရွက်ခဲ့ရခြင်းဖြစ်သည်။

ယခုအခါ နိုင်ငံတော်ကို အမျိုးသားရေး ဦးတည်ချက်များနှင့်အညီ ဖြစ်ထွန်းလာစေရန် တည်ငြိမ်ခိုင်မာစွာ တည်ဆောက်နိုင်ရေးအတွက် မိမိတို့၏ ကိုယ်ပိုင်အမျိုးသားရေးစွမ်းအား အခိုင်အမာတည်ဆောက်ထားရန် အထူးလိုအပ်သည်။ ပြည်သူများ၏ စုစည်းညီညွတ်မှုပေါင်းစည်းအားမာန်အပြင် နိုင်ငံတော် တည်ဆောက်ရေး၌ ပါဝင်ကြိုးပမ်းကြမည့် လူ့စွမ်းအားအရင်းအမြစ်များ၏ အရည်အသွေးများလည်း ထက်မြက်နေရန် လိုအပ်မည်ဖြစ်သည်။

နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီး အေးချမ်းသာယာ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အရှိန်အဟုန်ဖြင့် ကြိုးပမ်းစွမ်းဆောင်လျက်ရှိရာတွင် တိုင်းရင်းသားပြည်သူအားလုံးကလည်း ဒေသအလိုက်၊ ကဏ္ဍအလိုက် မိမိတို့ဆောင်ရွက်ကြရမည့် လုပ်ငန်းတာဝန်များကို ဖွဲလုံ့လဖြင့် ဖိဖိစီးစီးပါဝင်အားထုတ်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ နိုင်ငံသူ၊ နိုင်ငံသားများအားလုံးက ဘိုးဘွားအမွေအနှစ် ပြည်ထောင်စုကြီး ထာဝရအစွန့်ရှည်တည်တံ့ခိုင်မြဲရေးကို ထိန်းသိမ်းကာကွယ်နိုင်ရန်အတွက် ကိုယ်ပိုင်အမျိုးသားရေးစွမ်းအားများ အခိုင်အမာတည်ဆောက်ရာတွင် နိုင်ငံချစ်စိတ်ဓာတ်၊ အမျိုးသားရေးစိတ်ဓာတ်၊ သူ့ကျွန်မခံစိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်များ အစဉ်နိုးကြားထက်မြက်စွာ ပါဝင်ကြိုးပမ်းဆောင်ရွက်သွားကြရန်ကြေးမုံက တိုက်တွန်းပါသည်။ ။

ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

အမေရိကန်က လေ့ကျင့်ပေးသော အီရတ်ရဲတပ်ဖွဲ့ဝင်များ အမေရိကန်တို့နှင့်ဝေးရာမှာနေလိုပြီး သိမ်းပိုက်ရေးတပ်များ အီရတ်ညွန်နစ်နေပြီ

ဘဂ္ဂဒက် ဇူလိုင် ၁၁

အီရတ်တွင်ကျူးကျော်ရေးတပ်များအပေါ် နေ့စဉ်နှင့်အမျှတိုက်ခိုက်မှုများဖြစ်ပွားနေသည်။ မကြာမီကဖြစ်ပွားသော ပစ်ခတ်မှုတွင် အမေရိကန်တို့အကျအဆုံးမှာ နှစ်ဦးတိုးသွားသည်။ အမေရိကန်များက လေ့ကျင့်ပေးထားသော အီရတ်ရဲတပ်ဖွဲ့ဝင်များကပင် သိမ်းပိုက်ရေးတပ်ဖွဲ့များနှင့်ဝေးဝေးနေလိုကြောင်း ကြာသပတေးနေ့ကပြောဆိုခဲ့ကြသည်။ အကြောင်းမှာ သိမ်းပိုက်ရေးတပ်များကို ပစ်ခတ်ကြရာ၌ ကြားညပ်သွားမည်ကို စိုးရိမ်ရသောကြောင့်ဖြစ်သည်ဟုဆိုသည်။

- တည်ရှိ -

အမေရိကန်တို့လေ့ကျင့်ပေးထားသော ရဲတပ်ဖွဲ့ဝင်များသည် ယခုအခါ အမေရိကန်တို့ထုတ်ပေးထားသော ရဲတပ်ဖွဲ့ဝတ်စုံများကို ဝတ်ဆင်နေကြပြီဖြစ်သည်။

အီရတ်ရဲတပ်ဖွဲ့စခန်းကို အမေရိကန်တပ်များကလည်း အခြေခံစခန်းအဖြစ်အသုံးပြုထားသည်။ ယခုအခါအီရတ်ရဲတပ်ဖွဲ့ဝင်အများအပြားက ၄ရနာရီအတွင်းငင်းတို့စခန်းမှ အမေရိကန်များထွက်ခွာမသွားလျှင် အီရတ်ရဲတပ်ဖွဲ့ဝင်များသည် စခန်းမှထွက်ခွာသွားကြမည်ဟုအသိပေးထားသည်။ ထိုရဲတပ်ဖွဲ့စခန်းသည် ဖော်လူဂျာမြို့တွင်တည်ရှိသည်။

ထိုမြို့တွင်အမေရိကန်တပ်က ဆန္ဒပြသူ အီရတ်လူမျိုး ၂၀ကို ဧပြီလကုန်ပိုင်းက ပစ်သတ်ခဲ့ပြီးနောက်ပိုင်း ယင်းမြို့၌ အမေရိကန်များအား အပြင်းအထန်တိုက်ခိုက်မှုအများအပြားပေါ်ပေါက်ခဲ့သည်။

- သက်ဆင်းနေကြ -

လွန်ခဲ့သောသီတင်းပတ်များအတွင်းက ဆက်ဒမ်လိုလားသူများသည် အမေရိကန်နှင့်ဗြိတိန် သိမ်းပိုက်ရေးတပ်များကို ကြိမ်ဖန်များစွာထိုးနှက်တိုက်ခိုက်ခဲ့ကြသည်။ ထိုတိုက်ခိုက်မှုများကြောင့် ယခုအခါ သိမ်းပိုက်ရေးသမားများသည် အီရတ်၌ နိုင်ငံရေးနှင့်စစ်ရေးညွန်အတွင်း သက်ဆင်းနေကြရပြီဟုဆိုသည်။

အမေရိကန်စစ်ဘက်က ၎င်းတို့အီရတ်တွင် ရင်ဆိုင်နေရသော စစ်ပွဲများသည် ပီပြင်သောပြောက်ကျားစစ်ပွဲအသွင်မျိုးမဟုတ်သည်သာမက တစ်နိုင်ငံလုံးကျယ်ပြန့်စွာဆင်နွှဲနေသော စစ်ပွဲမျိုးလည်းမဟုတ်၊ စုစည်းသော တိုက်ခိုက်မှုမျိုးလည်းမဟုတ်ပါဟု ငြင်းဆိုခဲ့ကြသည်။

အီရတ်တွင်ဖြစ်ပွားနေသော တိုက်ပွဲအများအပြားသည် ဘဂ္ဂဒက်မြို့ အနောက်ပိုင်းနှင့် မြောက်ပိုင်းတွင်သာ ဖြစ်ပွားနေသည်။ ထိုဒေသကို ဆွန်နီတြိဂံဒေသဟု သညာပြုထားသည်။ ၎င်းနယ်မြေသည် ဆက်ဒမ်ကိုထောက်ခံမှုအားကောင်းသော နယ်မြေဖြစ်သည်။ ဖော်လူဂျာမြို့၊ ရာမာဒီမြို့နှင့် ဘာကူဘာမြို့များသည် ဆွန်နီတြိဂံခွင်အတွင်း တည်ရှိသည်။

အင်တာနက်။

သပိတ်မှောက်ဆန္ဒပြ

ဘဂ္ဂဒက်မြို့တောင်ဘက် ကီလိုမီတာ ၆၀၀အကွာ ဘာဆရာ ဆိပ်ကမ်းမြို့တွင် ဇူလိုင် ၁၀ ရက် ကဗြိတိန်တပ်သားများက ဆိပ်ကမ်းအလုပ်သမားများ သပိတ်မှောက်ဆန္ဒပြနေကြရာ နောက်သို့ ဆုတ်ပေးရန် အင်အားပြ၍ ညွှန်ကြားနေစဉ်။
(ဓာတ်ပုံ-အင်တာနက်)

နျူသဘောတူညီချက်အား အီရန်လက်မှတ်ရေးထိုးသင့်

မော်စကို ဇူလိုင် ၁၁

အီရန်နိုင်ငံ၏ နျူကလီးယား အဆောက်အအုံများအား ပိုမိုတင်းကျပ်သည့် စစ်ဆေးမှုများ ပြုလုပ်ရေးအတွက် သဘောတူညီမှုအား လက်မှတ်ရေးထိုးရန်နှင့် အီရန်၏ နျူကလီးယားအစီအစဉ်သည် ငြိမ်းချမ်းရေး အကျိုးအတွက်သာဖြစ်ကြောင်း ကမ္ဘာတစ်ဝန်းလုံး၏ ယုံကြည်မှုပြန်လည်ရရှိရေးအားထုတ်ရန် ရုရှားနှင့် ပြင်သစ်နိုင်ငံတို့က အီရန်နိုင်ငံအား အင်္ဂါနေ့တွင် တိုက်တွန်းလိုက်သည်။

အဆိုပါ နှစ်နိုင်ငံမှ နိုင်ငံခြားရေးနှင့် ကာကွယ်ရေးဝန်ကြီးများသည် အရှေ့အလယ်ပိုင်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အောင်မြင်ရေးအတွက် အကြိတ်အနယ်ဆွေးနွေးကြသည်။

နိုင်ငံတကာ အဏုမြူစွမ်းအင်အေဂျင်စီ (အိုင်အေအီးအေ)အကြီးအကဲ တီဟီရန်သို့ အလည်အပတ် မသွားမီတစ်ရက်အလိုတွင် ရုရှားနှင့် ပြင်သစ်တို့က ယခုကဲ့သို့ တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်သည် စစ်ရေးအရ ခြိမ်းခြောက်မှုဖြစ်သည်ဟု စစ်ပွဲမဖြစ်မီက အမေရိကန်အစိုးရ မှားယွင်းစွာအကဲဖြတ်ခဲ့

ဝါရှင်တန် ဇူလိုင် ၁၁

အီရတ်စစ်ပွဲမဖြစ်ပွားမီက အမေရိကန်သမ္မတဘုရှ် အစိုးရက အီရတ်နိုင်ငံသည် စစ်ရေးအရခြိမ်းခြောက်မှုတစ်ရပ်ဖြစ်နေသည်ဟု အီရတ်နိုင်ငံ၏ အခြေအနေကို မှားယွင်းစွာအကဲဖြတ်ခဲ့ကြောင်း မကြာမီက အငြိမ်းစားယူသွားသည့် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထောက်လှမ်းရေးနှင့် သုတေသနဌာနမှ တာဝန်ရှိ ပုဂ္ဂိုလ်ဟောင်း တစ်ဦးက ပြောကြားလိုက်သည်။

အငြိမ်းစားယူခဲ့

အဆိုပါ ပုဂ္ဂိုလ်သည် ဂရက်သေလမန်ဖြစ်ပြီး နိုင်ငံခြားရေးဌာန ထောက်လှမ်းရေးနှင့် သုတေသနဌာန လက်အောက်ရှိ မဟာဗျူဟာနှင့် စစ်ဘက်ဆိုင်ရာရုံး၏ ညွှန်ကြားရေးမှူးရာထူးမှ စက်တင်ဘာလအတွင်းက အငြိမ်းစားယူခဲ့သူဖြစ်သည်။

အချို့သောအမှားများသည် ထောက်လှမ်းရေး အသိုက်အဝန်း၏ လုပ်ဆောင်မှုအမှားများဖြစ်သည်။ သို့ရာတွင် အမှားအများစုသည် ရရှိနေသည့် သတင်းအချက်အလက်များကို အထက်တန်းတာဝန်ရှိ ပုဂ္ဂိုလ်များက မှားယွင်းစွာအသုံးပြုသည့် လမ်းစဉ်အမှားပင်ဖြစ်ကြောင်း သေလမန်က လက်နက်ထိန်းချုပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

၂၀၀၃ ခုနှစ် မတ်လတွင် အီရတ်နိုင်ငံအား စစ်ရေးအရ အမေရိကန်က ဝင်ရောက်တိုက်ခိုက်ရာတွင် အီရတ်နိုင်ငံက ၎င်း၏ အိမ်နီးချင်းနိုင်ငံများနှင့် အမေရိကန်ပြည်ထောင်စုတို့အတွက် ခြိမ်းခြောက်မှုအန္တရာယ်အဖြစ် မရောက်ရှိခဲ့ကြောင်း၎င်းကဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ထုတ်ကုန်နှစ်ဆ တိုးမြှင့်ကြ

အီရတ်နိုင်ငံ ရာမာဒီမြို့ လမ်းဘေးတစ်လျှောက်တွင် ပေါက်ကွဲစေသည့် ပစ္စည်းများ ရှာဖွေနေသည့် အမေရိကန် တပ်သားတစ်ဦးအား ဇူလိုင် ၉ ရက်က တွေ့ရစဉ်။ (အီရတ်နိုင်ငံတွင် ခုခံတွန်းလှန်တိုက်ခိုက်မှုများကြောင့် အမေရိကန်တပ်သားများမှာ နေ့စဉ် တိုက်ခိုက်ခံနေရသည်။)

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင် အစုအပြုံလိုက် ဖျက်ဆီးနိုင်သောလက်နက် မတွေ့နိုင်တော့ဟု ဗြိတိသျှ အဆင့်မြင့်အရာရှိများက ယုံကြည်ယူဆလာဟု ဘီဘီစီထုတ်လွှင့်

လန်ဒန် ဇူလိုင် ၁၁

အီရတ်နိုင်ငံတွင် အစုအပြုံလိုက်ဖျက်ဆီးနိုင်သော လက်နက်များကို ရှာဖွေတွေ့ရှိလိမ့်မည်ဟု ဗြိတိသျှ အစိုးရအဖွဲ့တွင်းမှ အဆင့်မြင့်အရာရှိကြီးများက ယုံကြည်ယူဆခြင်း မရှိတော့ကြောင်း ဗြိတိသျှအသံလွှင့် ကော်ပိုရေးရှင်း(ဘီဘီစီ)က ကြာသပတေးနေ့တွင် ပြောကြားလိုက်သည်။

သဘောကွဲလွဲမှု

ဘီဘီစီက ယခုကဲ့သို့ သတင်းထုတ်ပြန်ခြင်းဖြင့် ဗြိတိသျှအစိုးရနှင့် ပြည်သူ့ဘဏ္ဍာရန်ပုံငွေဖြင့် လုပ်ကိုင်နေသော ဘီဘီစီသတင်းဌာနတို့အကြား အငြင်းပွားမှုတစ်ရပ် ပေါ်ပေါက်လာနိုင်သလို အီရတ် စစ်ပွဲနှင့်ပတ်သက်၍ တရားမျှတမှု ရှိ မရှိ သဘောထားကွဲလွဲမှုများ တိုးပွားလာစေနိုင်သည်။

အီရတ်နိုင်ငံတွင် အစုအပြုံလိုက် ဖျက်ဆီးနိုင်သော လက်နက်များရှိသည်ဟု ဗြိတိသျှအစိုးရအဖွဲ့မှ အထက်တန်းဝန်ကြီးများက ထင်မြင်ယူဆနေကြောင်း၊ သို့ရာတွင် ယခုအချိန်အထိ ယင်းသို့သော လက်နက်များကို ရှာဖွေတွေ့ရှိခြင်း မရှိကြောင်း ဘီဘီစီ နိုင်ငံရေးအယ်ဒီတာ အင်ဒရူးမားက ပြောကြားသည်။

လက်ခံယူဆ

အီရတ်စစ်ပွဲ ဖြစ်ပွားခါနီး အချိန်တွင် ဆက်ဒမ်ဟူစိန်က အစုအပြုံလိုက် ဖျက်ဆီးနိုင်သော လက်နက်များကို ဖျက်ဆီးခဲ့ခြင်းသော်လည်းကောင်း၊ သို့ဝှက်ထားခြင်းသော်လည်းကောင်း ဖြစ်နိုင်သည်ဟု ယခု လောလောဆယ်ကာလတွင် ဗြိတိသျှဝန်ကြီးများက လက်ခံယူဆထားကြောင်း ၎င်းက ပြောကြားသည်။

ပယ်ချ

ဗြိတိသျှအရာရှိကြီးများက အီရတ်တွင် လက်နက် မတွေ့နိုင်တော့ဟု ယူဆသည်ဆိုသော ဘီဘီစီ၏ သတင်းဖော်ပြချက်ကို ဝန်ကြီးချုပ် တိုနီဘလဲ၏ရုံးမှ ပြောရေးဆိုခွင့်ရှိသူက ပယ်ချခဲ့သည်။ တိုနီဘလဲသည် ၎င်း၏ ရပ်တည်ချက်ကို ပြောင်းလဲခြင်းမရှိဟု ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ထပ်လောင်းပြောကြား

အီရတ်နိုင်ငံတွင် အစုအပြုံလိုက် ဖျက်ဆီးနိုင်သော လက်နက်များကို ရှာဖွေ တွေ့ရှိမည်သာ ဖြစ်ကြောင်း တိုနီဘလဲက အင်္ဂါနေ့တွင်ထပ်လောင်း ပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ် ရှေးဟောင်းအမွေအနှစ် ပစ္စည်းများ ဂျော်ဒန် အကောက်ခွန်အရာရှိများ ဖမ်းမိ

အမ္မန် ဇူလိုင် ၁၀

ဂျော်ဒန်အကောက်ခွန်အရာရှိများက ၁၀ရက်အတွင်းတွင် နိုင်ငံခြားသားခရီးသည်များနှင့် အီရတ်ခရီးသည်များထံမှ အီရတ်ရှေးဟောင်းအမွေအနှစ်ပစ္စည်း ၂၀၀ကျော်ကို သိမ်းဆည်းလိုက်ကြောင်း၊ အများစုမှာ ပြတိုက်များနှင့် ရှေးဟောင်းသုတေသနဌာနများမှ ခိုးယူလာသည့်လက္ခဏာ ရှိကြောင်းဖြင့် ဂျော်ဒန်အကောက်ခွန်ဌာန ညွှန်ကြားရေးမှူးချုပ် မာမွတ်က ဗုဒ္ဓဟူးနေ့တွင် ပြောကြားလိုက်သည်။

အီရတ် ရှေးဟောင်းပစ္စည်းများခိုးထုတ်ရန် ကြိုးပမ်းမှုတွင် အီရတ်မှ ပြန်လာသော လူသားချင်းစာနာထောက်ထားရေး အကူအညီပေးသည့်လေယာဉ်များ အသုံးချမှုပါဝင်ကြောင်း မာမွတ်က ပြောကြားသည်။

ကြေးရုပ်များ၊ မြေအိုးများ၊ ဆူမာရီယံခေတ်က အရွယ်အစားအမျိုးမျိုး ပါဝင်သည့် တံဆိပ်တုံးများအပါအဝင် လေယာဉ်ပေါ်မှ ရှေးဟောင်းအမွေအနှစ်ပစ္စည်း ၂၄ ခုကို မာကာလေဆိပ်၌ တာဝန်ကျသည့်အကောက်ခွန်အရာရှိများက သိမ်းဆည်းလိုက်သည်။

အီရတ်ရှေးဟောင်းပစ္စည်း ၁၆၈ ခုကိုတင်လာသည့် ကားတစ်စီးကိုလည်း အီရတ်-ဂျော်ဒန်နယ်စပ်ရှိ အကောက်ခွန်အရာရှိများက ဖမ်းဆီးရမိလိုက်သည်။ ၎င်းတို့တွင် ရုပ်တုငယ်များ၊ ရှေ့ခေတ်အနုပညာမြောက် လက်ရာများ ပါဝင်ပြီး ခိုးထုတ်သူများမှာ အီရတ်များဖြစ်ကြောင်း မာမွတ်ကပြောဆိုသည်။

ထိုဖမ်းဆီးမိသော အီရတ်ရှေးဟောင်းပစ္စည်းများကို အမ္မန်ရှေးဟောင်းသုတေသနဌာနတွင် သိမ်းဆည်းမည်ဖြစ်ပြီး အီရတ်နိုင်ငံ၌လုံခြုံစိတ်ချရသည့်အခါမှ ပြန်လည်လွှဲပြောင်းပေးအပ်မည်ဟုသိရသည်။ ***အင်တာနက်။***

အီရတ် ငြိမ်းချမ်းရေးထိန်းသိမ်းမှု လုပ်ငန်းတာဝန် နိုင်ငံတကာတပ်ဖွဲ့သို့ လွှဲပြောင်းပေးဖွယ်ရှိ

ဖီလာဒဲဖီးယား ဇူလိုင် ၁၁

အီရတ်နိုင်ငံတွင် ပြောက်ကျားစစ်ပွဲပုံစံ တိုက်ခိုက်မှုများ အရှိန်အဟုန် မြင့်မားလာမှုကြောင့် အမေရိကန်ပြည်ထောင်စုသည် ယင်းနိုင်ငံ၏ ငြိမ်းချမ်းရေး ထိန်းသိမ်းမှုလုပ်ငန်းတာဝန်များကို နိုင်ငံတကာတပ်ဖွဲ့သို့ တစ်နှစ်အတွင်း လွှဲပြောင်းပေးအပ်လာဖွယ်ရှိကြောင်း၊ ယင်းသို့ လွှဲပြောင်းပေးအပ်မှု မရှိပါက အီရတ်လူမျိုးတို့၏ ခုခံတိုက်ခိုက်မှု ပိုမိုကျယ်ပြန့်လာမည့် ဘေးအန္တရာယ်ဖြစ်ပေါ်လာနိုင်ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ ပညာရှင်များက ဗုဒ္ဓဟူးနေ့၌ သတိပေးလိုက်ကြသည်။

အီရတ်နိုင်ငံတွင် တိုက်ခိုက်ရေးစစ်ဆင်မှုလုပ်ငန်းများ ပြီးဆုံးပြီဟု သမ္မတဂျော့ဂျ်၊ ဒဗလျူ၊ဘုရှ်က မေလ ၁ ရက်တွင် ထုတ်ပြန်ကြေညာခဲ့ချိန်နောက်ပိုင်း ပြောက်ကျားတိုက်ခိုက်မှုများကြောင့် အမေရိကန်စစ်သည် ၂၉ ဦး သေဆုံးခဲ့ရပြီးဖြစ်သည်။

အီရတ်နိုင်ငံတွင် ပြောက်ကျားစနစ်ဖြင့် တိုက်ခိုက်မှုများပေါ်ပေါက်လာရခြင်းသည် အမေရိကန် ပြည်ထောင်စု၏ ကျူးကျော်သိမ်းပိုက်မှုကို လက်မခံလိုသော ဆွန်နီနှင့် ရှီးယားမွတ်စလင်တို့အတွင်း အမျိုးသားရေးစိတ်ဓာတ် ပြန်လည်ရှင်သန်လာခြင်းကြောင့် ဖြစ်ပုံရကြောင်း အမေရိကန်ကြည်းတပ်စစ်ကောလိပ်မှ ပညာရှင်များက ပြောကြားကြသည်။

အမေရိကန်တပ်ဖွဲ့သည် အီရတ်နိုင်ငံတွင် ယခုအချိန်မှ နောက်တစ်နှစ်အထိ ဆက်လက် ရှိနေဦးမည်ဆိုပါက အမေရိကန်၏ စစ်ရေးတည်ရှိမှုအပေါ် အမြင်မကြည်လင်သည့်စိတ်ဓာတ်ကို အီရတ်ပြည်သူလူထုက ပိုမိုလက်ခံလာမည်ဖြစ်ရာ အမေရိကန်တပ်ဖွဲ့မှာ ပိုမိုအခက်တွေ့လာမည်ဖြစ်ကြောင်းပင်ဆယ်လ်ဗေးနီးယားအခြေစိုက်စစ်ကောလိပ် မဟာဗျူဟာ လေ့လာရေးသိပ္ပံမှ သုတေသနပါမောက္ခ ဒဗလျူ အင်ဒရူးတာရီးလ်က ပြောကြားသည်။

ဆန်းစစ်ဝေဖန်သူအချို့၏ အဆိုအရ အမေရိကန်တပ်ဖွဲ့သည် အီရတ်နိုင်ငံတွင် ငါးနှစ်မှ ၁၀ နှစ်အထိ စခန်းချနိုင်ကြောင်း၊ အီရတ်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့သည် ဆက်ဒမ်ဟူစိန်၏ ဖိနှိပ်ပုံမျိုးဖြင့် ခုခံတိုက်ခိုက်နေသူများကို နှိမ်နင်းခြင်းမရှိဟု အီရတ်လူမျိုးများက ယူဆလာပါက အမေရိကန်တပ်ဖွဲ့ဝင်များမှာ ခုခံတိုက်ခိုက်မှုနှင့် ပိုမို၍ တွေ့ကြုံလာရနိုင်ကြောင်း စစ်ကောလိပ်၏ စစ်သမိုင်းသိပ္ပံမှ ညွှန်ကြားရေးမှူး ကွန်ရက်ကရိန်းက ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ။

ကမ္ဘာ့အကြီးဆုံး ရေအားလျှပ်စစ်စက်ရုံ စတင်လည်ပတ်

ဘေဂျင်း ဇူလိုင် ၁၀

တရုတ်နိုင်ငံရှိ မြစ်ကျဉ်းသုံးသွယ်ရေကာတာ စီမံကိန်း ရေအားလျှပ်စစ်စက်ရုံမှ ပထမဆုံးသော လျှပ်စစ်ဓာတ်အားပေးစက် စတင်လည်ပတ်နေပြီဖြစ်ရာ တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်းနှင့်အလယ်ပိုင်းဒေသများသို့ နေ့စဉ်လျှပ်စစ်ဓာတ်အား ကီလိုဝပ်နှစ်သန်း ပိုမိုပေးနိုင်ပြီဖြစ်သည်။ ၎င်းစီမံကိန်းသည် ကမ္ဘာပေါ်တွင် အကြီးမားဆုံးရေအားလျှပ်စစ်စီမံကိန်းတစ်ခုဖြစ်ပြီး ယခုကဲ့သို့ ဖွင့်လှစ်နိုင်ခြင်းသည် လုပ်ငန်းစတင်ချိန်မှ ဆယ်စုနှစ်ကျော်အတွင်း ကြိုးပမ်းဆောင်ရွက်မှု၏ အထိမ်းအမှတ်ရလဒ်ဖြစ်သည်။ ***စီစီတီဗွီ။***

အာဆီယံကုန်စည်ပြပွဲ ဗီယက်နမ်၌ ကျင်းပမည်

ဟန္နိုင် ဇူလိုင် ၁၀

ဗီယက်နမ်နိုင်ငံသည် ၂၀၀၄ခုနှစ် အရှေ့တောင်အာရှနိုင်ငံများအသင်း (အာဆီယံ)ကုန်စည်ပြပွဲ (အေတီအက်ဖ်)ကို လာမည့်နှစ် ဧပြီလတွင် ဟန္နိုင်မြို့၌ အိမ်ရှင်နိုင်ငံအဖြစ် ကျင်းပမည်ဖြစ်သည်။

အေတီအက်ဖ်သည် ပြည်ပပို့ကုန် တိုးမြှင့်ကာ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို တိုးမြှင့်ပြီး အာဆီယံအသင်းကြီးအား ကုန်သွယ်ရေး ရင်းနှီးမြှုပ်နှံရေးနှင့် ခရီးသွားလုပ်ငန်း စွမ်းဆောင်ရည်မြင့်မားသည့် အာဆီယံဂုဏ်သိက္ခာကို ဖန်တီးရေးအတွက် အရေးပါသည့်ပြပွဲတစ်ပွဲလည်း ဖြစ်ကြောင်း ဗီယက်နမ် ကုန်သွယ်ရေးဝန်ကြီးဌာနက အင်္ဂါနေ့တွင် ထုတ်ပြန်သည့် အစီရင်ခံစာ၌ ဖော်ပြထားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

တွေ့ဆုံ

အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်တွင် လုံခြုံရေးကောင်းမွန်စေရန် တာဝန်ယူဆောင်ရွက်နေသော နိုင်ငံတကာ ငြိမ်းချမ်းရေးထိန်းသိမ်းမှုတပ်ဖွဲ့၌ ပါဝင်သည့် နယ်သာလန်စစ်သည်များအား မြို့တော်ကဘူးသို့ အလည်အပတ် ရောက်ရှိနေသော နယ်သာလန် နိုင်ငံခြားရေးဝန်ကြီး ဂျက်ဒီဟုပ်ရှစ်ဖာက ဇူလိုင် ၁၀ရက်က တွေ့ဆုံနှုတ်ဆက်စဉ်။

(ဓာတ်ပုံ-ဆင်ဟွာ)

ဇူလိုင် ၉ ရက်က အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် နောက်ကြောင်းပြန် လစာငွေများ ရရှိရန် သံဆူးကြိုးများအကြား နေပူကျဲကျဲအောက်တွင် တန်းစီစောင့်ဆိုင်းနေကြသည့် အီရတ်တပ်သားဟောင်းများအား တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်တို့က အီရတ်တွင် အရပ်သား အသေနည်းအောင်တိုက်ခဲ့ဟုဆို လေ့လာချက်အရ အရပ်သား ၇၀၀၀ ကျော် သေဆုံးကြောင်း တွေ့ရှိရ

ဘဂ္ဂဒက် ဇူလိုင် ၁၀

အီရတ်စစ်ပွဲအတွင်း အရပ်သူ၊ အရပ်သားများ မည်မျှသေဆုံးရသည်ကို သိရှိနိုင်ရန် စာနယ်ဇင်းသမားများ၊ ငြိမ်းချမ်းရေး လိုလားသူများနှင့် အမေရိကန်နှင့် ဗြိတိန်ပညာရှင် အသိုင်းအဝိုင်းမှ ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများက ကြိုးစားခဲ့ကြသည်။

ခန့်မှန်းချက်

မကြာသေးမီက အီရတ်အရပ်သား သေဆုံးမှု စာရင်းတစ်ခု ထွက်ပေါ်လာသည်။ ထိုစာရင်းကို အိုင်ဘီစီမှ ကောက်ယူခြင်းဖြစ်သည်။ ထိုစာရင်းအရ သေဆုံးသူဦးရေ အနည်းဆုံး ခန့်မှန်းချက်မှာ ၆၀၅၅ ဦးရှိပြီး အများဆုံး ၇၇၀၆ ဦး ရှိသည်ဟု ဆိုသည်။ ထိုစာရင်းများကို သတင်းဌာနများ၊ သေဆုံးသူစာရင်းကောက်ယူမှု အစီအစဉ်များ၊ ပုဂ္ဂလိက စာရင်းကောက်ယူသူများနှင့် ပြည်တွင်း၊ ပြည်ပမှ ရရှိသောသတင်းများအပေါ်တွင် အခြေခံ၍ ပြုစုထားခြင်းဖြစ်သည်ဟုဆိုသည်။

ရွေးချယ်တိုက်ခိုက်

အမေရိကန်နှင့် ဗြိတိသျှတပ်များသည် အီရတ်စစ်ပွဲတွင် အရပ်သူ၊ အရပ်သား အသေအပျောက် နည်းပါးအောင် ပစ်မှတ်များကို ရွေးချယ်၍သာ တိုက်ခိုက်ခဲ့သည်။ တိုက်ခိုက်ရာ၌လည်း အလွန်တိကျစွာ ထိမှန်နိုင်သော လက်နက်များကိုသာ အသုံးပြုပစ်ခတ်ခဲ့သည်ဟု အကြိမ်ကြိမ် ပြောဆိုခဲ့သည်။

အမေရိကန်နှင့် ဗြိတိန်တို့၏ အထက်ပါ စကားများကြောင့် ယခုစစ်ပွဲသည် အလွန်သန့်ရှင်းသည်။ အရပ်သူ၊ အရပ်သား အသေအပျောက် အထိအခိုက် အလွန်နည်းမည်ဟု ယူဆကြပေလိမ့်မည်။ သို့သော် အရပ်သား အသေအပျောက် ၅၀၀၀ မှ ၇၀၀၀ အထိရှိသော ကိန်းဂဏန်းသည် သေးငယ်သော အရေအတွက် မဟုတ်ပါ။

အဓိပ္ပာယ်မဲ့

အကယ်စင်စစ် အမေရိကန်များ ဦးဆောင်သောအဖွဲ့၏ စကားသည် နိုင်ငံရေးအရ ပြောသော စကားသာဖြစ်သည်၊ အဓိပ္ပာယ်မဲ့သော စကားသာ ဖြစ်သည်ဟု သုတေသီ ဂျွန်စလိုဘိုဒါက ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။ ၎င်းပုဂ္ဂိုလ်မှာ ဗြိတိန် ကီလီတက္ကသိုလ်မှ ပါမောက္ခတစ်ဦး ဖြစ်သည်။

အင်တာနက်။

အိမ်ဖြူတော်ဝန်ခံချက် သတင်းထောက်များ ပိုင်းမေး အမေရိကန်သမ္မတ မနည်းရှောင်တိမ်းနေရ

ပရီတိုးရီးယား ဇူလိုင် ၉

အမေရိကန်သမ္မတဘုရှ်က အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်အား ရာထူးမှ ဖယ်ရှားရန် ကြိုးပမ်းမှုတွင် သူမှန်ကန်ကြောင်း အခိုင်အမာ ပြောဆိုလိုက်သည်။ သို့သော် တစ်ချိန်တည်းမှာပင် အီရတ်၏ နျူကလီးယား လက်နက်အစီအစဉ်နှင့် စပ်လျဉ်း၍ အားနည်းချက်ရှိသော ထောက်လှမ်းရေး သတင်းအချက်အလက်များကို အသုံးပြုခဲ့မိကြောင်း အမေရိကန်သမ္မတ အိမ်ဖြူ၏ ဝန်ခံချက်နှင့် ပတ်သက်သော မေးခွန်းများကိုမူ သမ္မတဘုရှ်က မနည်းရှောင်တိမ်းနေရသည်ဟု သိရသည်။

အာဖရိကတိုက် ခရီးစဉ်၏ ဒုတိယခရီးတစ်ထောက်အဖြစ် သမ္မတဘုရှ် တောင်အာဖရိကနိုင်ငံသို့ ရောက်ရှိစဉ် သမ္မတအိမ်ဖြူတော်က ဝန်ခံပြောဆိုပြီးနောက် ပထမဆုံးအကြိမ်အဖြစ် သတင်းထောက်များနှင့် တွေ့ဆုံ ခြင်းဖြစ်သည်။

လှီးလွှဲပြောဆို

ဇန်နဝါရီလအတွင်းက ပြောကြားသော ပြည်ထောင်စုမိန့်ခွန်းတွင် အီရတ်၏ နျူကလီးယားလက်နက် အစီအစဉ်ကို အလေးပေး စွပ်စွဲပြောဆိုခဲ့မှုနှင့် စပ်လျဉ်း၍ နောင်တရမှု ရှိ၊မရှိ သတင်းထောက်များ၏ မေးမြန်းချက်ကို သမ္မတဘုရှ်က လှီးလွှဲပြောဆိုလိုက်သည်။

ဆက်ဒမ်ဟူစိန်သည် ကမ္ဘာ့ငြိမ်းချမ်းရေးကို ခြိမ်းခြောက်နေသူဖြစ်သည် ဆိုခြင်းကို မိမိစိတ်ထဲတွင် သံသယမရှိ ယုံကြည်ကြောင်း၊ ဆက်ဒမ်ဟူစိန်အား ဖယ်ရှားလိုက်ခြင်းမှာ အမေရိကန်ပြည်ထောင်စုနှင့် မဟာမိတ်တို့ မှန်ကန်သည့် လုပ်ဆောင်ခြင်းဖြစ်သည်ဆိုသော အချက်ကိုလည်း မိမိစိတ်ထဲတွင် သံသယမရှိကြောင်းဖြင့် သမ္မတဘုရှ်က ပြောကြားလိုက်သည်။

ဝါရှင်တန်၌လည်း အမေရိကန်ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲလ်အနေဖြင့် အတိုက်အခံ ဒီမိုကရက်အမတ်များက ဖိအားပေးနေသည့် အထက်လွှတ်တော် လက်နက်ကိုင်တပ်များရေးရာကော်မတီ ရှေ့မှောက်တွင် အလားတူပင် အဖြေရကျပ်အောင် အစစ်ခံနေရသည်ဆို၏။

အင်တာနက်။

အမေရိကန်တပ်ဖွဲ့ကို ပြောက်ကျားတို့က ဆက်လက်တိုက်ခိုက် လက်နက်ငယ်ဖြင့်သာမက လက်နက်ကြီးများပါ သုံးစွဲတိုက်ခိုက်လာ

ဘဂ္ဂဒက် ဇူလိုင် ၁၀

ပြောက်ကျားတပ်ဖွဲ့များသည် အမေရိကန် သိမ်းပိုက်ရေးတပ်များကို မော်တာများ၊ ဒုံးကန်အားသုံး လက်ပစ်ဗုံးများဖြင့် ကြာသပတေးနေ့က တစ်ညတာ ပစ်ခတ်တိုက်ခိုက်ခဲ့ကြသည်။ ထိုညက မြို့လေးမြို့တွင် တိုက်ခိုက်မှုများ ဖြစ်ပွားခြင်းဖြစ်ပြီး အထိအခိုက် အကျအဆုံးစာရင်းကို မသိရသေးဟု ဆိုသည်။

ကြာသပတေးနေ့ တစ်ရက်တည်းမှာပင် ရာမာဒီမြို့၌ စိန်ပြောင်းဖြင့် တိုက်ခိုက်မှု သုံးကြိမ်ဖြစ်ပွားခဲ့ကြောင်း အမေရိကန်စစ်ဘက် ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

တီကရစ်မြို့ရှိ အမေရိကန် အမှတ် (၄) ခြေမြန်တပ်မကိုလည်း ဒုံးကန်အားသုံး လက်ပစ်ဗုံးများနှင့် အတိုက်ခံခဲ့ရသည်။ တီကရစ်မြို့သည် သမ္မတဟောင်း ဆက်ဒမ်ဟူစိန်၏ ဇာတိမြို့ဖြစ်သည်။

ဘာလက်မြို့ရှိ အမေရိကန်ထောက်ပံ့ပို့ဆောင်ရေး တပ်စခန်းသည်လည်း စိန်ပြောင်းဖြင့် အပစ်ခံခဲ့ရသည်။

အမေရိကန်များနှင့် ဗြိတိန်များသည် မတ်လအတွင်းက အီရတ်စစ်ပွဲကို စတင်ဆင်နွှဲခဲ့ကြပြီး ဧပြီလတွင် နိုင်ငံကို သိမ်းပိုက်နိုင်ခဲ့သောကြောင့် ဆက်ဒမ်အစိုးရ အဆုံးသတ်သွားခဲ့သည်။ ထိုအချိန်နောက်ပိုင်းတွင် အီရတ်များသည် လက်နက်ငယ်များဖြင့်သာ ဆန့်ကျင် တိုက်ခိုက်ခဲ့ကြသည်။

သို့သော် ယခုရက်ပိုင်းအတွင်း လက်နက်ကြီးများကိုပါ သုံးစွဲတိုက်ခိုက်လာကြသည်ဟု ဆိုသည်။

ဖော်လူဂျာမြို့သည် ဘဂ္ဂဒက်မြို့ အနောက်ဘက် မိုင် ၃၀ (ကီလိုမီတာ ၅၀)အကွာတွင် တည်ရှိသည်။ ထိုမြို့တွင် အမေရိကန်တို့ နောက်ခံအားပြုထားသော အီရတ်ရဲစခန်းနှင့် မြူနီစီပါယ် အဆောက်အအုံများကို ဒုံးကန်အားသုံး လက်ပစ်ဗုံးများဖြင့် တိုက်ခိုက်သည်ကို တွေ့ရကြောင်း မျက်မြင်သက်သေများက ပြောပြသည်။

ရာမာဒီမြို့သည် ဘဂ္ဂဒက်မြို့တော်၏ မြောက်ဘက် မိုင် ၆၀ (ကီလိုမီတာ ၁၀၀)အကွာတွင် တည်ရှိသည်။ ရာမာဒီနှင့် ဖော်လူဂျာမြို့ နှစ်မြို့သည် အမေရိကန် သိမ်းပိုက်ရေးကို ပြင်းပြင်းထန်ထန် ဆန့်ကျင်ကြသော အဆူပူဆုံးနေရာများဖြစ်သည်။ ယခုသီတင်းပတ်စောစောပိုင်းက ရာမာဒီမြို့တွင် အမေရိကန်တို့လက်ချက်ဖြင့် အီရတ်တစ်ဦး သေဆုံးသွားသည်။ ထိုသေဆုံးမှုအတွက် အီရတ်များက လက်စားချေမည်ဟု သစ္စာနှံထားကြသည်။

မေလ ၁ ရက်တွင် အမေရိကန် သမ္မတဘုရှ်က အီရတ်တွင် အဓိက စစ်ပွဲကြီး ပြီးသွားပြီဖြစ်ကြောင်း ကြေညာခဲ့သည်။ ထိုကြေညာချက် ထွက်ပေါ်ခဲ့ပြီးနောက်ပိုင်း ဖြစ်ပေါ်လာသော တိုက်ခိုက်မှုများကြောင့် သေဆုံးသွားသော အမေရိကန်စစ်သား ဦးရေမှာ ၂၉ ဦး ရှိသွားပြီဖြစ်သည်။

ထိုအတောအတွင်း ဆက်ဒမ်ထံမှ ပေးပို့သည်ဆိုသော တိပ်ခွေအသံလွှင့်ချက် ထွက်ပေါ်လာသည်။ ထိုတိပ်ခွေတွင် ဆက်ဒမ်က အီရတ်များကို သိမ်းပိုက်ရေးတပ်များအား ဆန့်ကျင်တိုက်ခိုက်ကြရန် တိုက်တွန်းလှုံ့ဆော်ထားသည်။ **အင်တာနက်။**



ဂျပန်အမျိုးသမီးအား အဓမ္မပြုကျင့်ခဲ့မှုဖြင့် အမေရိကန် မရိန်းတပ်သားကို တရားစွဲဆို

တိုကျို ဇူလိုင် ၁၀

ဂျပန်အစိုးရရှေ့နေများသည် ဒေသခံ ဂျပန်အမျိုးသမီးတစ်ဦးအား မေလနှောင်းပိုင်းတွင် အဓမ္မပြုကျင့်ကာ ရိုက်နှက်မှုဖြင့် ဂျပန်နိုင်ငံတောင်ပိုင်း အိုကီနာဝါကျွန်းတွင် အခြေစိုက်သည့် အမေရိကန် မရိန်းတပ်သားတစ်ဦးကို အင်္ဂါနေ့တွင် တရားစွဲဆိုလိုက်သည်။

အသက်(၂၁)နှစ်အရွယ် မရိန်းဒုတိယတပ်ကြပ် ဟိုဆေးတော်ရက်စ်အား ဂျပန်အမျိုးသမီးအား ဒဏ်ရာရရှိစေသည့် အဓမ္မပြုကျင့်မှုဖြင့် စွပ်စွဲထားသည်။ တရားမစွဲဆိုမီ ၎င်းအား လွှဲပြောင်းပေးအပ်ရန် အမေရိကန်က သဘောတူညီခဲ့ပြီးနောက် ဇွန် ၁၈ ရက်တွင် ဂျပန်ရဲတပ်ဖွဲ့က ၎င်းကို ဖမ်းဆီးခဲ့သည်။

တော်ရက်စ်သည် မေလ ၂၅ ရက်က ဂျပန်အမျိုးသမီး၏ မျက်နှာကို တစ်ချက်ရိုက်နှက်ပြီး အဓမ္မပြုကျင့်ခဲ့သည်ဟု ကျိုဒိုသတင်းဌာနက ဖော်ပြသည်။ ယင်းသို့ရိုက်နှက်မှုကြောင့် ဂျပန်အမျိုးသမီး၏ နှာရိုး ကျိုးခဲ့ရသည်။

အိုကီနာဝါပြည်နယ် ရဲတပ်ဖွဲ့သည် တော်ရက်စ်အား ဖမ်းဆီးရန် ဖမ်းဝရမ်းကို ဇွန် ၁၆ ရက်က ရရှိခဲ့ပြီး ၎င်းအား လွှဲပြောင်းပေးအပ်ရန် ထိုနေ့မှာပင် ဂျပန်အစိုးရက ၎င်း၏ မေတ္တာရပ်ခံချက်ကို အမေရိကန်အစိုးရထံ တင်ပြခဲ့သည်။ နောက်နှစ်ရက်အကြာတွင် ၎င်းအား ဂျပန်ရဲတပ်ဖွဲ့သို့ လွှဲပြောင်းပေးအပ်ခဲ့သည်။

ဂျပန်နိုင်ငံရှိ အမေရိကန်တပ်ဖွဲ့များ၏ စစ်ဆင်ရေးနှင့် စီမံခန့်ခွဲရေး ကိစ္စတို့နှင့် ပတ်သက်၍ နှစ်နိုင်ငံ အမေရိကန်တပ်ဖွဲ့များဆိုင်ရာ သဘောတူညီချက်အရ ရာဇဝတ်မှုကျူးလွန်သည်ဟု စွပ်စွဲခံရသည့် အမေရိကန် စစ်မှုထမ်းများအား တရားမစွဲဆိုမချင်း အမေရိကန်စစ်တပ်အနေဖြင့် ၎င်းတို့ကို လွှဲပြောင်းပေးအပ်ရန် မလိုအပ်ပေ။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက်မြို့ မြောက်ဘက် ၃၈ မိုင်အကွာ ဘာကူဘာမြို့ရှိ ဘဏ်တစ်ခု၏ ရှေ့တွင် မသင်္ကာသူ အီရတ်နိုင်ငံသားတစ်ဦးနှင့် ၎င်း၏ကားကို ဇူလိုင် ၁၀ ရက်တွင် အမေရိကန် တပ်သားများက ရှာဖွေစစ်ဆေးနေစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်စစ်စရိတ် ထုတ်ဖော်ပြောကြား အီရတ်၌ တစ်လ ဒေါ်လာ ၃ ဒသမ ၉ ဘီလျံရှိ

ဝါရှင်တန် ဇူလိုင် ၉

အာဖဂန်နစ္စတန်နိုင်ငံ၌ အမေရိကန်စစ်စရိတ် တစ်လလျှင် ဒေါ်လာသန်း ၉၅၀ ရှိပြီး အီရတ်နိုင်ငံတွင် စစ်စရိတ် ဒေါ်လာ ၃ ဒသမ ၉ ဘီလျံရှိကြောင်း အမေရိကန်၏ ပြည်ပစစ်ဆင်ရေးစရိတ်များကို ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲလ်က ယမန်နေ့က ထုတ်ဖော်ပြောကြားလိုက်သည်။

အမေရိကန်အထက်လွှတ်တော် လက်နက်ကိုင်တပ်များကော်မတီ ရှေ့မှောက် အစစ်ခံရာတွင် ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲလ်က အထက်ပါအတိုင်း ပြောကြားလိုက်ခြင်းဖြစ်သည်။ ၎င်းကော်မတီ၏ ကြားနာစစ်ဆေးမှုမှာ အမေရိကန်တို့အဖို့ ပြည်ပ၌ လောလောလတ်လတ် စစ်ဆင်တိုက်ခိုက်မှုများမှ သင်ခန်းစာ ရယူနိုင်ရန် ရည်ရွယ်သည်ဟုဆိုသည်။

အီရတ် မြေပြင်တပ်များတွင် အခြားနိုင်ငံများမှ တပ်များပါ ယခုထက် ပိုမိုပါဝင်သင့်သည်ဟု ကာကွယ်ရေးဝန်ကြီး ရမ်းစဖဲလ်၊ အငြိမ်းစားဗိုလ်ချုပ်ကြီး ဖရန့်နှင့် ကော်မတီဝင်အမတ် သုံးလေးဦးတို့ သဘောတူကြသည်ဆို၏။

အင်တာနက်။

ကင်းလှည့်စောင့်ကြပ်

အီရတ်နိုင်ငံ ရာမာဒီမြို့အနီး လမ်းဘေးတစ်နေရာတွင် ပခုံးထမ်း၍ ပစ်ခတ်ရသောလက်နက် ကိုင်ဆောင်ကာ အကြမ်းဖက်တိုက်ခိုက်မှုများကို ကင်းလှည့်စောင့်ကြပ်နေသည့် အမေရိကန် တပ်သားတစ်ဦးအား ဇူလိုင် ၉ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပရီတိုးရီးယား၌ သမ္မတဘုရှ်အား ကန့်ကွက် ဆန္ဒပြ

ပရီတိုးရီးယား ဇူလိုင် ၁၀

အမေရိကန် သမ္မတ ဘုရှ်၏ အာဖရိက ခရီးစဉ် အတွင်း တောင်အာဖရိကနိုင်ငံသို့ ရောက်ရှိနေစဉ်ပရီတိုးရီးယားမြို့၌ လူတစ်ထောင်ကျော်ခန့်က ကန့်ကွက်ဆန္ဒပြခဲ့ကြသည်။

ဆန္ဒပြသူများက အီရတ်နိုင်ငံအပေါ် အမေရိကန်တို့၏ ကျူးကျော်မှုနှင့် အရှေ့အလယ်ပိုင်းဒေသအပေါ် အမေရိကန်အစိုးရ၏ မူဝါဒတို့ကို ပြစ်တင်ရှုတ်ချခဲ့ကြပြီး အမေရိကန်သံရုံးရှေ့တွင် အမေရိကန် အလံငယ်များကို မီးရှို့ခဲ့ကြသည်။

စီအင်န်အင်န်။

အီရတ်သို့ အမေရိကန်တပ်သားများ ထပ်မံမစေလွှတ်သင့် ရဲတပ်ဖွဲ့အား အလျင်အမြန်လက်နက်တပ်ဆင်သင့်ဟု ချာလာဘီပြောဆို

အန်ကာရာ ဇူလိုင် ၁၀

အမေရိကန်အနေဖြင့် အကြမ်းဖက်တိုက်ခိုက်မှုများကိုနှိမ်နင်းရန် အီရတ်သို့ တပ်သားများ ထပ်မံမလွှတ်သင့်ကြောင်းနှင့် ယင်းသို့ စေလွှတ်မည့်အစား အီရတ်ရဲတပ်ဖွဲ့ကို အလျင်အမြန် လက်နက်တပ်ဆင်ပေးပြီး လေ့ကျင့်မှုပေးရမည်ဖြစ်ကြောင်း အီရတ်နိုင်ငံရေးခေါင်းဆောင် အာမက်ချာလာဘီက ဗုဒ္ဓဟူးနေ့တွင် ပြောကြားသည်။

နေ့စဉ်နီးပါး

ဧပြီလတွင် အီရတ်သမ္မတဟောင်း ဆက်ဒမ် ရာထူးမှ ဖယ်ရှားခံခဲ့ရပြီး နောက်ပိုင်း အမေရိကန်တပ်သားများသည် နေ့စဉ်နီးပါး တိုက်ခိုက်ခံနေသည်။ အီရတ်နိုင်ငံတွင် အဓိက စစ်ဆင်တိုက်ခိုက်မှုများ ပြီးဆုံးသွားပြီဖြစ်ကြောင်း မေ ၁ ရက်တွင် ကြေညာခဲ့ပြီးချိန်နောက်ပိုင်း ရန်လိုတိုက်ခိုက်မှုများကြောင့် အမေရိကန်တပ်သား ၂၉ ဦး သေဆုံးခဲ့ရသည်။

အမေရိကန်အစိုးရအနေဖြင့်လည်း အဖျက်လုပ်ရပ်များနှင့် တိုးမြှင့်ရင်ဆိုင်နေရပြီး အီရတ်နိုင်ငံမှ ခုခံတွန်းလှန်မှုမှာ စုစုစည်းစည်း လှုပ်ရှားခြင်းဖြစ်သည်ဟု ပိုမိုထင်မြင်လာသည်။

ပထမဆုံးခြေလှမ်း

အရပ်သားများအား ထိန်းချုပ်ရေးအတွက် ပထမဆုံးခြေလှမ်းဖြစ်သည့် အီရတ်အုပ်ချုပ်ရေးကောင်စီ ဖွဲ့စည်းမှုသည် အကြမ်းဖက်မှုများကို တားဆီးနိုင်မည်ဖြစ်ကြောင်း အန်ကာရာမြို့တွင် တူရကီတာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးပြီးနောက် ချာလာဘီက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

ပါကစ္စတန်စီးပွားရေး ကိုယ်စားလှယ်အဖွဲ့အား ဗာ့ဂျ်ပါယီး တွေ့ဆုံ

နယူးဒေလီ ဇူလိုင် ၁၀

အိန္ဒိယဝန်ကြီးချုပ် အတဲလ်ဘီဟာရီ ဗာ့ဂျ်ပါယီးသည် နယူးဒေလီသို့အလည် အပတ်ရောက်ရှိနေသည့် ပါကစ္စတန် စီးပွားရေးလုပ်ငန်းရှင်များ ကိုယ်စားလှယ် အဖွဲ့အား အင်္ဂါနေ့က တွေ့ဆုံပြီး အဆိုပါကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်သည် ကုန်သွယ်ရေးနှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးလည်း ပါဝင်သည့် မကြာသေးမီက မိမိတင်ပြခဲ့သော ငြိမ်းချမ်းရေးအစီအစဉ်အား အပြုသဘောဆောင်သည့် တုံ့ပြန်မှုပင်ဖြစ်ကြောင်း ပြောကြားလိုက်သည်။

အိန္ဒိယနှင့် ပါကစ္စတန်တို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်မှုသည် နှစ်နိုင်ငံဆက်ဆံရေးအတွက် အပြုသဘောဆောင်သည့် အနေအထားကို ဖန်တီးပေးမည် ဖြစ်ကြောင်း ပါကစ္စတန် စီးပွားရေးကိုယ်စားလှယ်အဖွဲ့နှင့် ၄၅ မိနစ်ကြာတွေ့ဆုံဆွေးနွေးခဲ့သည့် ဗာ့ဂျ်ပါယီးက ပြောကြားသည်ဟု အိန္ဒိယပြည်ပရေးရာ ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အဖွဲ့ဝင်ခုနစ်ဦးပါဝင်သည့်ပါကစ္စတန် ကိုယ်စားလှယ်အဖွဲ့က ငြိမ်းချမ်းရေး ကမ်းလှမ်းမှုအတွက် အိန္ဒိယ ဝန်ကြီးချုပ်အား ချီးကျူးစကား ပြောကြားလိုက်သည်။

ဗာ့ဂျ်ပါယီး ဘတ်စ်ကားခရီးစဉ်ဖြင့် ပါကစ္စတန်နိုင်ငံ လာဟိုးမြို့သို့ လာရောက် လည်ပတ်ပြီးနောက် အိန္ဒိယ-ပါကစ္စတန် ကုန်သည်ကြီးများနှင့် စက်မှုအသင်း ဖွဲ့စည်းထူထောင်ခဲ့သည်ကို ပါကစ္စတန်ကိုယ်စားလှယ်အဖွဲ့က ပြန်ပြောင်းပြောကြားလိုက်ပြီး ငြိမ်းချမ်းရေးအစီအစဉ်ကြောင့် အိန္ဒိယနိုင်ငံ၌ ဆွေးနွေးပွဲကျင်းပ နိုင်ခြင်းကို ကျေနပ်အားရဖြစ်မိကြောင်းလည်း ပြောကြားသည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ထိုင်းလူမျိုးများ၏ ပျမ်းမျှလူ့သက်တမ်း ကျဆင်း အိဒ်စ်ရောဂါကြောင့်ဟု ကုလအစီရင်ခံစာ၌ ဖော်ပြ

ဗန်ကောက် ဇူလိုင် ၁၀

အိပ်ချ်အိုင်ဗွီ-အိဒ်စ်ရောဂါကြောင့် ထိုင်းပြည်သူများ၏ ပျမ်းမျှ လူ့သက်တမ်းသည် ၇၀ ဒသမ ၃ နှစ်မှ ၆၈ ဒသမ ၉ နှစ်သို့ ကျဆင်းခဲ့ရကြောင်း ကုလသမဂ္ဂ လူသားဖွံ့ဖြိုးမှု အစီရင်ခံစာကိုကိုးကား၍ ထိုင်းနိုင်ငံထုတ် သတင်းစာများက ဗုဒ္ဓဟူးနေ့တွင် ရေးသားဖော်ပြသည်။

အိဒ်စ်ရောဂါကူးစက်ခံစားနေရသည့် ထိုင်းလူမျိုးများအတွက် ဆေးဝါး ရရှိနိုင်မှုအားနည်းခြင်းသည် ထိုင်းလူမျိုးများ၏ လူ့သက်တမ်းကျဆင်းရခြင်း အဓိကအကြောင်းရင်းဖြစ်ကြောင်း ကုလသမဂ္ဂ လူသားဖွံ့ဖြိုးမှု အစီရင်ခံစာကို ကိုးကား၍ သည်နေးရှင်းသတင်းစာက ဖော်ပြသည်။

ထိုင်းနိုင်ငံတွင် အိပ်ချ်အိုင်ဗွီ-အိဒ်စ်ရောဂါ ခံစားနေရသူ ခုနစ်သိန်းရှိသည်ဟု ခန့်မှန်းထားသည်။ သို့ရာတွင် ယင်းအနက် ၁၀၀၀၀ သာ ၎င်းတို့၏ ဘဝ ရှင်သန်ရပ်တည်နိုင်ရေးအတွက် လိုအပ်သည့်ဆေးဝါးများကို ရရှိကြသည်။

လူ့သက်တမ်းကျဆင်းမှုကြောင့် ထိုင်းနိုင်ငံသည် ကုလသမဂ္ဂလူသားဖွံ့ဖြိုးရေးအစီအစဉ်တွင် လူသားဖွံ့ဖြိုးမှုအညွှန်းကိန်း၌ နိုင်ငံတကာအဆင့်အနေဖြင့် ၇၀ မှ ၇၄ သို့ ကျဆင်းခဲ့သည်။ ***အမ်အင်အေ၊ ဆင်ဟွာ။***

ဂုဏ်ထူးဆောင်

အာဂျင်တီးနား ဘောလုံးအသင်းတွင် စွမ်းစွမ်းတမံကြိုးပမ်းကစားခဲ့သည့် အာဂျင်တီးနားတိုက်စစ်မှူး ဘာတစ္စတူတာ (ယာ)အား အာဂျင်တီးနားဘောလုံးအသင်း အကြီးအကဲက ဂုဏ်ထူးဆောင်ဆုတံဆိပ် ဇူလိုင် ၁၀ ရက်က ပေးအပ်စဉ်။

(ဓာတ်ပုံ-အင်တာနက်)

အရှေ့မြောက်အာရှဒေသ ငြိမ်းချမ်းသာယာရေးအတွက် တရုတ်နှင့် တောင်ကိုရီးယား ပူးပေါင်းဆောင်ရွက်မည်

ဘေဂျင်း ဇူလိုင် ၁၀

အရှေ့မြောက်အာရှဒေသ ငြိမ်းချမ်းရေးနှင့် ချမ်းသာကြွယ်ဝမှုတိုးမြှင့်ရန်အတွက် တောင်ကိုရီးယားနိုင်ငံက တရုတ်ပြည်နှင့် ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရန် တောင်ကိုရီးယား သမ္မတ နိုမူဟွန်းက ဘေဂျင်းတွင် တိုက်တွန်း ပြောကြားလိုက်သည်။

တိုက်တွန်း

နိုမူဟွန်းက တရုတ်ပြည်၏ ဂုဏ်သရေအရှိဆုံး တက္ကသိုလ်များတွင် အပါအဝင်ဖြစ်သည့် ကင်ဟွာ တက္ကသိုလ်တွင် မိန့်ခွန်းပြောကြားစဉ် ဖော်ပြပါအတိုင်း တိုက်တွန်းပြောကြားခြင်းဖြစ်သည်။

အရှေ့မြောက် အာရှဒေသ၏ စီးပွားရေးကဏ္ဍသည် ဥရောပသမဂ္ဂ (အီးယူ)နှင့် မြောက်အမေရိကနှင့် ရင်ပေါင်တန်းနိုင်သည့် အခြေအနေအထိ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ထုတ်လုပ်မှု၊ ရင်းနှီးမြှုပ်နှံရေး၊ ဘဏ္ဍာရေး၊ စစ်ရေး၊ ပြန်ကြားရေးနှင့် နည်းပညာစီမံမှု စသည့်ကဏ္ဍရပ်များတွင် ကြွယ်ဝချမ်းသာသော အထင်ကရ နေရာဖြစ်လာမည်ဟု နိုမူဟွန်းက ပြောကြားသည်။

အရှေ့မြောက်အာရှနိုင်ငံများအနေဖြင့် ဆွေးနွေးရေးနှင့် အပြန်အလှန်ဖလှယ်ရေးကဏ္ဍတွင် ခိုင်မာစေရန်နှင့် နှစ်နိုင်ငံ အပြန်အလှန်ယုံကြည်မှု တိုးမြှင့်နိုင်ရန်နှင့် စီမံချက်များအား ပူးပေါင်းဆောင်ရွက်ခြင်းဖြင့် နှစ်ဦးနှစ်ဖက် အကျိုးကျေးဇူးချဲ့ထွင်ရန်ကိစ္စကို နိုမူဟွန်းက တိုက်တွန်းပြောကြားသည်။

ရှေ့ပြေးစီမံချက်

ဆက်သွယ်ရေး လုပ်ငန်းများ၊ စွမ်းအင်၊ သဘာဝအရင်းအမြစ်များ၊ သဘာဝပတ်ဝန်းကျင် ကာကွယ်ရေးနှင့် တရုတ်ပြည်နှင့် ကိုရီးယားကျွန်းဆွယ် ဆက်သွယ်သည့် သံမဏိတံတားသစ် ဆောက်လုပ်ရေးလုပ်ငန်းများ၌ ဒေသဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရာတွင် တရုတ်နှင့် ဥရောပသမဂ္ဂတို့က ရှေ့ပြေးစီမံချက်များကို ဖော်ဆောင်နိုင်ကြမည်ဖြစ်ကြောင်း နိုကပြောကြားသည်။

အဓိကပြဿနာ

အဓိကအရေးကြီးဆုံး ပြဿနာမှာ ကိုရီးယားကျွန်းဆွယ် ဒေသတွင် ငြိမ်းချမ်းရေး ဆက်လက်ထိန်းသိမ်းနိုင်ရေးဖြစ်ကြောင်း နိုက ဆက်လက်ပြောကြားသည်။

တရုတ်ပြည်က မြောက်ကိုရီးယား နျူကလီးယားပြဿနာအား ဖြေရှင်းရာတွင် အပြုသဘောနှင့် အကျိုးဖြစ်ထွန်းသည့်ကဏ္ဍမှ ပါဝင်မှုအပေါ် ရိုကတန်ဖိုးထားကြောင်း ပြောဆိုပြီး ကိုရီးယားကျွန်းဆွယ်တွင် ငြိမ်းချမ်းရေး ဆက်လက်ထိန်းသိမ်းနိုင်မှုအပေါ်ကိုလည်း ချီးမွမ်းပြောကြားသည်။

မြှင့်တင်ပြောကြား

ထို့ပြင် နိုမူဟွန်းက တောင်ကိုရီးယားနှင့် တရုတ်ပြည်အကြား ပူးပေါင်းဆောင်ရွက်ချက်ကိုလည်း အလေးထား ပြောကြားသွားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

မဟာသုခါရာမစာသင်တိုက်တွင် ဝါဆိုသင်္ကန်း ဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၁၁

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက် ကျောက်ရေတွင်း ဓမ္မပါလလမ်း မဟာသုခါရာမစာသင်တိုက်၌ ပဓာနနာယက ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဝိရောစန (ဒွိပိဋကဓရ)နှင့် စာချ၊ စာသင်သံဃာတော် အပါး ၁၂၀တို့အား စုပေါင်းဝါဆို သင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို ဇူလိုင်၁၃ ရက်(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် ကျင်းပမည်ဟု သိရသည်။ (က-ပ)

မြို့ခြံချေတာ၊ ထိန်းပါလေလွှင့်၊ ထုတ်ကုန်မြှင့်

၂၀၀၃ ခုနှစ် ပထမတန်း ကွင်းပိတ် (ရှုံးထွက်)ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင်၁၀ရက်က အောင်ဆန်းအားကစားပြိုင်ကွင်းတွင် ကျင်းပရာ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်က အနိုင်ရဗိုလ်စွဲသွားသော စီးပွား/ကူးသန်း(ခ)အသင်းအား ပထမဒိုင်းဆုချီးမြှင့်ပေးအပ်စဉ်။ (ကြေးမုံ)

ပုန်းညက်ပန်းဖြာ ဝါဆိုခါ

ပြူဗ္ဗာသာဠ် ကြယ်ထွန်းလို့၊ လဝန်းတဲ့သော်တာ။
သည့်ချိန်ခါ ယုဂန်ဖျားက၊ နှစ်ပါးရောင်ခြည်ဆိုက်၊
လင်းနိုက်မို့သာ။
ရနံ့ငယ်ဖြာ၊ ညှာတံကင့်ဖူး။
ပုန်းညက်နိုင် ပင်မင်းရယ်၊သင်းလှိုင်ပျံ့ကျူး။

သာသနာဝင် ရဟန်းသံဃာတော်များ ဝါဆိုဝါကပ်ပြုသော ဝါဆိုလချိန်အခါမှာ ပြုဗ္ဗာသာဠ်နက္ခတ်နှင့် စန်းယှဉ်သည်။ ကရကဋ်ရာသီခါ ဖြစ်ပါသည်။ ပုန်းညက်ပန်းပွင့်သောလဖြစ်ပါသည်။ နေ့နာရီ ၃၂၊ ညဉ့်နာရီ ၂၈ ဖြစ်ပါသည်။ ဂဠုန်တနင်္ဂနွေနှင့် ဗုဒ္ဓဟူးနေ့ ညနေပိုင်း ရာဟုရက်ရာဇာနေ့ဖြစ်ပါသည်။ ခြင်္သေ့အင်္ဂါနှင့် ဆင်ဗုဒ္ဓဟူးနံနက်ပိုင်းသည် ပြဿဒါးနေ့ ဖြစ်ပါသည်။ နဂါးဦးခေါင်း မြောက်သို့ လှည့်ပါသည်။ ပွဲတော်အနေဖြင့် ဝါဆိုပွဲ ဓမ္မစကြာအခါတော်နေ့ ဖြစ်ပါသည်။ ရှေးက နွေဥတုကုန်ဆုံးသော လဖြစ်သည်မို့ နွေတာလ (ဝါ) နွယ်တာလ ဟုလည်း ခေါ်ဆိုခဲ့ကြသေးသည်။

ဤသည့် ဝါဆိုလအခါ၌ ဘုရားမြတ်စွာသည် အချက်ကြီး ကိုးချက်ကို ဆောင်ရွက်တော်မူခဲ့ပါသည်။

ဒဂုန်-ဝတ်မှုန်

၁။ ဝါဆိုလပြည့် ကြာသပတေးနေ့ သန်းခေါင်ယံတွင် အလောင်းတော်မြတ်သည် မယ်တော်မာယာဝမ်း၌ ပဋိသန္ဓေတည်နေကိန်းဝပ်တော်မူသည်။
၂။ ဝါဆိုလပြည့် တနင်္လာနေ့တွင် သက်တော် (၂၉)နှစ်ရှိသော အလောင်းတော်အား နတ်ဝတ်၊နတ်တန်ဆာများကို နတ်သားများက ဆက်သကြရသည်။
၃။ ဝါဆိုလပြည့် တနင်္လာနေ့တွင် ကိသာဂေါတမီနှမငယ်အား တစ်သိန်းတန် ဘယက်တန်ဆာကို အလောင်းမင်းသားက ဆုချပေးသနားသည်။
၄။ ဝါဆိုလပြည့် တနင်္လာနေ့ ညသန်းခေါင်ယံတွင် ယသော်ဓရာမိဖုရားနှင့် ရာဟုလာရင်သွေးတော်ကို စွန့်ပစ်၍ တောထွက်တော်မူသည်။
၅။ ဝါဆိုလပြည့်နေ့ တနင်္လာနေ့ညဉ့်ပင် တောထွက်တော်မူသော အလောင်းတော်အား ယုတ်မာစိတ်ထားမာရ်နတ်သားက တောမထွက်ရန်ဟန့်တားကန့်ကွက်သည်။
၆။ ဝါဆိုလပြည့် စနေနေ့ည နေဝင်စအချိန်တွင် (၃၅)နှစ်အရွယ်ရှိ ဗုဒ္ဓမြတ်စွာသည် ဓမ္မစကြာတရားရတနာကို ပဉ္စဝဂ္ဂီငါးဦးတို့အား ဟောကြားတော်မူသည်။
၇။ ဝါဆိုလပြည့် စနေနေ့ည ဓမ္မစကြာတရား ဟောကြားပြီးချိန်တွင် ဧဟိဘိက္ခုရဟန်းအဖြစ် ခွင့်ပြု၍ ရတနာသုံးပါး ပြည့်စုံလာပါသည်။
၈။ ဝါဆိုလပြည့်နေ့ သက်တော် (၄၁)နှစ်၊ ဝါတော်ခြောက်ဝါရရှိပြီးသော မြတ်စွာဘုရားသည် တိတ္ထိတို့ကို နှိမ်နင်းခြင်းငှာ ရေ၊ မီး အစုံအစုံသော တန်ခိုးပြာဋိဟာကို ပြတော်မူသည်။
၉။ ဝါဆိုလပြည့်နေ့ည တန်ခိုးပြဋိဟာပြပြီးသည့်အဆုံး၌ တာဝတိံသာနတ်ပြည်သို့ ကြွတော်မူ၍ အဘိဓမ္မာတရားကို ဟောကြားခြင်းငှာ သတ္တမဝါကပ်တော်မူသည်။ ဤသည့် ဂုဏ်ထူးကိုးချက်နှင့် ပြည့်စုံသော ဝါဆိုလပြည့်နေ့၌ စောစောထ၍ ဘုရားရှိခိုး ဝတ်ပြုခြင်း၊ ဓမ္မစကြာပါဠိ ရွတ်ဆိုခြင်း၊ ကြားနာခြင်း၊ ဒါနပြုခြင်း၊ သီလဆောက်တည်ခြင်း၊ တရားအားထုတ်ခြင်းတို့ကို ပြုသင့်ကြပါသည်။

ဘုရားရှင် (၄၅)နေရာ ဝါဆိုသော ဌာနများကို ဗုဒ္ဓဘာသာဝင်များ ကြည်ညိုဖွယ် မှတ်သားနိုင်ပါစေရန် စေတနာထားကာ ရာဖွေတင်ပြလိုက်ပါသည်။

ပထမဝါ-ကာသိတိုင်း ဗာရာဏသီပြည်၊ မိဂဒါဝုန်တော။ ဒုတိယဝါ-မဂဓတိုင်း၊ ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်း။ တတိယဝါ၊ စတုတ္ထဝါ- ဤဝေဠုဝန်မှာပင်။ ပဉ္စမဝါ-ဝဇ္ဇီတိုင်း၊ ဝေသာလီပြည်၊ ကူဋာဂါရ ကျောင်း။ ဆဋ္ဌမဝါ-ဗာကုလတောင်၊ ဗာကုလာရာမကျောင်း။ သတ္တမဝါ-တာဝတိံသာနတ်ပြည်။ အဋ္ဌမဝါ- ဘဂ္ဂတိုင်း၊ ကေသကသာဝနီကျောင်း။ နဝမဝါ- ဝံသိကတိုင်း၊ ကောသမ္ဗီ ဃောသိတာရုံကျောင်း။ ဒသမဝါ-ပါလိလေယျကတော၊ ဘဒ္ဒသာလအင်ကြင်းပင်ရင်းကျောက်ဖြာ။ ဧကာဒသမဝါ-မဂဓတိုင်း၊ နာဠပုဏ္ဏားရွာ၊ ဒက္ခိဏာဂိရိကျောင်း။ ဒွါဒသမဝါ-ဝေရဉ္ဇာပြည်၊ နဠေရုပုစိမန္ဒကျောင်း။ တေရမသဝါ-ဇာလီယပြည်၊ ဇန္တုရွာ၊ စာလိယတောင်ဖြူ၊ မဟာဝိဟာရ။ စုဒ္ဒသမဝါ- ကောသလတိုင်း၊ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း။ ပန္နရသမဝါ- သက္ကတိုင်း၊ ကပိလဝတ်ပြည်၊ နိဂြောဓာရုံကျောင်း။ သောဠသမဝါ- အာဠဝီတိုင်း၊ အာဠဝီပြည်၊ အဂ္ဂါဠဝစေတီ။ သတ္တရသမဝါ- မဂဓတိုင်း၊ ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်း။ အဋ္ဌာရသမဝါ- စာလိယပြည်၊ ဇန္တုရွာ၊ စာလိယ တောင်ဖြူကျောင်း။ ဧကူနဝီသတိမဝါ-အဋ္ဌာရသမဝါနှင့်တူ၏။ ဝီသတိမဝါ-မဂဓတိုင်း၊ ရာဇဂြိုဟ်ပြည်၊ ဝေဠု ဝန်ကျောင်း။ ဧကဝီသတိမဝါ-ကောသလတိုင်း၊ သာဝတ္ထိပြည်၊ ပုဗ္ဗာရုံကျောင်း။ ဒွါဝီသတိမဝါ- သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း။ ဧကဝီသတိမဝါ၊ ဒွါဝီသတိမဝါ၊ တေဝီသတိမဝါ၊ စတုဝီသတိမဝါ၊ ပဉ္စဝီသတိမဝါ၊ ဆဗ္ဗီသတိမဝါ၊ သတ္တဝီသတိမဝါ၊ အဋ္ဌဝီသတိမဝါ၊ ဧကူနတိံသတိမဝါ၊ တိံသတိမဝါ၊ ဧကတိံသတိမဝါ၊ ဒွတ္တိံသတိမဝါ၊ တေတ္တိံသတိမဝါ၊ စတုတ္တိံသတိမဝါ၊ ပဉ္စတိံသတိမဝါ၊ ဆတ္တိံသတိမဝါ၊ သတ္တတိံသတိမဝါ၊အဋ္ဌတ္တိံသတိမဝါ၊ဧကူနစတ္တာလီသမဝါ၊ စတ္တာလီသမဝါ၊ ဧကစတ္တာလီသမဝါ၊ ဒွါစတ္တာလီသမဝါ၊ တေစတ္တာလီသမဝါ၊ စတုစတ္တာလီသမဝါ၊ ပဉ္စစတ္တာလီသမဝါ။

မှတ်ချက်။ ။၂၁ဝါမှ ၄၅ ဝါအထိ၊ ဝါဧကဝီသတိမဝါမှ ပဉ္စစတ္တာလီသမဝါအထိ ပုဗ္ဗာရုံကျောင်းနှင့် ဇေတဝန်ကျောင်း တစ်လှည့်စီ ဝါဆိုတော်မူသည်။ ဘုရားရှင်ဝါဆိုမှု ကြည်ညိုနိုင်ကြပါစေ။

ဝါဦးပြင်ပြင် သွင်ကနဲ၊ မင်ခဲစျာန်ကြွ ပျံသလို
ဆင်မြီရန်က တစ်ဘဏ်ပိုတယ်၊ မခံချင်ငို ညိုမတဲ့
ကိုးထန်ခြုံထို့သံလှူ့ချီအောင်
အမွှန့်ဝသီ ဖန်တီးနိုင်တော့ခဲ့။
မာလာပုန်းညက် ပွင့်မှန်ကူငယ်၊ မမူ့တစ်မူ ခိုင်အနွဲ့
မကြွူ့တကြွူ ကြိုင်တစ်လှဲ့နှင့်၊ ဂနိုင်ပိုင်ချဲ့ ဘုရင့်စံ
ဆက်နှုန်းမသွေ ဖွေကာသမှာ၊ တာရာဇေဠွေလ
ပြုဗ္ဗာသာဠ်။
ဘာသာစုံခ ဘုံမျှော့မှန်ဝယ်၊ပဝရနိဗ္ဗာန်ရည်သန်ပွားလို့
ငါးပဉ္စမ သင်္ဂါယနာ၊ တင်ထူးကေရာ
ရှင်တော်မြတ်နှင့် ပဉ္စလျာကို၊ သဘင့်မင်္ဂလာ
မြှောက်ချီးချိန်ပလေး။ ။

မင်းတုန်းမင်းကြီးသည် ဤဝါဆိုလတွင် ပဉ္စမသင်္ဂါယနာ တင်ခဲ့သည်ဟုအထူးထုတ်၍ပြထားသည်။ဝါဆိုလ၏ ကြည်နူးဖွယ်ကောင်းပုံ၊ ကောင်းကင်ဘုံ၏ အခြေအနေ၊ ငွေလမင်းနှင့် ပြုဗ္ဗာသာဠ်နက္ခတ်တို့ ယှဉ်တွဲဟန်၊ ပွင့်ညှာတံဆင့်ဆင့်နှင့် ပုန်းညက်ပန်းတို့ ပွင့်ပုံ၊ ရဟန်းလောင်းများ ပဉ္စင်းခံပွဲကျင်းပပုံများကို စိတ်ဝင်စားဖွယ်ရာဖြင့် နဘေကဗျာ အထူးစုံလှတဲ့ စလေဆရာဦးပုည၏ ရှစ်ဆယ်ပေါ်တေးထပ်ဖြင့် နိဂုံးချုပ်အပ်ပါသည်။ ။

(၁၃)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၁

ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မိသားစု (၁၃)ကြိမ်မြောက် ဝါဆိုသင်္ကန်း ဆပ်ကပ်လှူဒါန်းပွဲကို ဇူလိုင် ၉ ရက် နံနက် ၆နာရီက ဗဟန်းမြို့နယ် ကြားတောရလမ်းရှိအထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဓမ္မာရုံ၌ကျင်းပရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ရုံးချုပ်) မှ ဒုတိယ ညွှန်ကြားရေးမှူးချုပ်နှင့် ညွှန်ကြားရေးမှူးများ၊ ဒုတိယညွှန်ကြားရေးမှူးများ၊ရန်ကုန်တိုင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ တိုင်းအုပ်ချုပ်ရေးမှူးနှင့် ခရိုင်အဆင့်/မြို့နယ်အဆင့် အုပ်ချုပ်ရေးမှူးများ၊ မိသားစုဝင်များ တက်ရောက်ကြည်ညိုကြပြီး ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။(သတင်းစဉ်)

နိဗ္ဗာန်ရောက်ကြောင်း တရားဟောကြားမည်

ရန်ကုန် ဇူလိုင် ၁၁

၁၃၆၅ ခုနှစ် ဝါဆိုလပြည့်နေ့၊ ဇူလိုင် ၁၃ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁၂ နာရီခွဲတွင် ရန်ကုန်မြို့ ဒဂုံမြို့သစ်အရှေ့ပိုင်း တိပိဋကဓရ ဂန္ထဝင်ကျောင်း ဦးစီးပဓာန နာယက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ အရှင်သူမြတ်ကလည်းကောင်း၊ ညနေ ၃ နာရီတွင် နိုင်ငံတော်သံဃမဟာနာယက အဖွဲ့-အဖွဲ့ဝင် ပဲခူးတိုင်း ကြို့ပင်ကောက်မြို့ တိုက်ကျောင်းပါဠိတက္ကသိုလ် ဦးစီးပဓာနနာယက ဘဒ္ဒန္တနရိန္ဒာစာရ(အဂ္ဂမဟာ ပဏ္ဍိတ) အရှင်သူမြတ်ကလည်းကောင်း ဗိုလ်တထောင် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ရင်ပြင်ရှိ ဆိပ်ကမ်းလုပ်သား ပေါင်းစုံ ဓမ္မာရုံကြီး၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားချီးမြှင့်မည် ဖြစ်သည်။ (က-ပ)

စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၁၁

တာမွေမြို့နယ် ပုသိမ်ညွှန့် (စံပြ) ရပ်ကွက်လုံးဆိုင်ရာ သာသနာ့ဝေယျာဝစ္စဓမ္မာရုံကြီးတွင်(၁၄)ကြိမ်မြောက် ဓမ္မစကြာတရားပူဇော်ပွဲ၊ စုပေါင်းဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် စာချ၊စာအောင် သံဃာတော်များအား ဆုချီးမြှင့်ပွဲကို ကျင်းပမည်ဖြစ်သည်။ ၁၃၆၅ခု ဝါဆိုလပြည့် ဇူလိုင် ၁၃ရက်(တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ရပ်ကွက်အတွင်းရှိ ကျောင်းနှစ်ကျောင်းမှ ဝါဆိုတော်မူကြသည့် သံဃာတော် ၈၆ပါးတို့အား ဝါဆိုသင်္ကန်းများဆက်ကပ်လှူဒါန်းမည် ဖြစ်ကြောင်းသိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၂-၇-၂၀၀၃ (စနေနေ့)

နံနက်ပိုင်း

- **၇:၀၀** ၁။ မြဝတီအဖွင့်
- **၇:၀၅** ၂။ အဖွင့်သီချင်း
- **၇:၁၀** ၃။ မျိုးချစ်တပ်မတော်
- **၇:၂၀** ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- **၇:၃၀** ၅။ မြန်မာသံစဉ်ချိုနှာဝင်
- **၇:၄၀** ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၇:၅၅** ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
- **၈:၀၀** ၈။ မြဝတီရုပ်မြင်သံကြားသတင်း
- **၈:၁၀** ၉။ ဆရာတော်ဦးဃောသိတ တရားတော် (ဓမ္မာနုပဿနာသတိပဋ္ဌာန်တရားတော်)
- **၉:၁၀** ၁၀။ အပိတ်နှုတ်ဆက်စကား
- **၉:၁၁** ၁၁။ ပြီးပါပြီ။

ညပိုင်း

- **၄:၀၀** ၁။ မြဝတီအဖွင့်
- **၄:၀၅** ၂။ အဖွင့်သီချင်း
- **၄:၁၀** ၃။ ချစ်သူစုံတွဲတူယှဉ်နွဲ့
- **၄:၂၀** ၄။ လက်စွမ်းပြဟန်ဂီတသံ
- **၄:၃၀** ၅။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- **၄:၄၀** ၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- **၄:၄၅** ၇။ မြန်မာသံစဉ်ချိုးနှာဝင်
- **၄:၅၅** ၈။ မျိုးချစ်တပ်မတော်
- **၅:၀၀** ၉။ အဝေးသင်ပညာရေး ပို့ချမှုအစီအစဉ်
  (က) ပထမနှစ်(စိတ်ပညာ)
  (ခ) ပထမနှစ်(ဝါဏိဇ္ဇဗေဒ)
- **၅:၃၀** ၁၀။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
- **၅:၄၀** ၁၁။ သာယာသီကြွေးခေတ်ဆန်းတေး
- **၆:၀၀** ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
- **၆:၁၀** ၁၃။ နိုင်ငံတကာသတင်း
- **၆:၂၀** ၁၄။ မိုးလေဝသသတင်း
- **၆:၂၅** ၁၅။ မြန်မာ့ရှုခင်း
- **၆:၄၀** ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
- **၇:၀၀** ၁၇။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း အဏ္ဏဝါချစ်သူ (အပိုင်း-၅)**
- **၈:၀၀** ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
  ၁၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
  ၂၀။ လျှပ်တစ်ပြက်ရိုက်ချက်
  ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မိုးကြိုးကွန်ရက်နှင့်လျှပ်စီးဓား အပိုင်း(၃၂)**
  ၂၂။ သင့်အတွက်မနက်ဖြန်
  ၂၃။ အပိတ်နှုတ်ဆက်စကား
  ၂၄။ ပြီးပါပြီ။

မိန့်ခွန်းပြောကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့် ၂၀၀၃ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားစဉ်။ (သတင်းစဉ်)

စက်မှုစွမ်းအား ခေတ်ကျော်လွှား

လူငယ်များအတွက် ကျန်းမာရေးအပါအဝင် နိုင်ငံနှင့်အဝန်း ပြီးပြည့်စုံသော ကျန်းမာရေးအစီအစဉ်များ ပြုလုပ်ပေးနေ မိမိတို့ ပညာရေးစနစ်သည်လည်း လူငယ်များ စာရိတ္တမြင့်မားရေး၊ ဘဝ၏ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရေး သွန်သင်လျက်ရှိ

✳ **ရှေ့ဖုံးမှ**

သိရှိနားလည် သဘောပေါက်ပြီး လိုက်လျောညီထွေ ကျင့်ကြံနေထိုင်နိုင်စေမည့် အသိတရား မြင့်မားလာစေရန် ဦးတည်ပြီး ကျင်းပနေကြကြောင်း။

ယခုနှစ် ကမ္ဘာ့လူဦးရေနေ့ဆောင်ပုဒ်မှာ **"သန်းတစ်ထောင် ငယ်ရွယ် ကျန်းမာဖို့၊ ပညာပေးလို့ စောင့်ရှောက်စို့"** ပဲဖြစ်ကြောင်း၊ ယနေ့ ကမ္ဘာ့လူဦးရေသည် သန်းပေါင်း ၆၃၀၀ ခန့်ရှိသည့်အနက် သန်းပေါင်းတစ်ထောင်ကျော်သည် အသက်၁၅နှစ်နှင့် ၂၄နှစ်အကြားရှိလူငယ်လူရွယ်များပင်ဖြစ်ကြောင်း၊ ဤလူငယ် အများစုသည်လည်း ဖွံ့ဖြိုးဆဲနိုင်ငံများမှာ နေထိုင်ကြခြင်းဖြစ်ပြီး ကမ္ဘာ့ ဆယ်ကျော်သက်ရွယ် လူဦးရေသည် သန်းပေါင်း ၅၅၀ဖြစ်သည်ဟု ခန့်မှန်းထားကြောင်း။

ခံစားခွင့်မရ

သို့ရာတွင် ကမ္ဘာမှာရှိသော လူငယ်အများစုသည် ကျန်းမာရေး ခံစားခွင့်များ မရရှိသည့်အပြင် လိုအပ်သော သတင်းအချက်အလက်နှင့် ဝန်ဆောင်မှုလုပ်ငန်းများလည်း မရရှိနိုင်သည့် အနေအထားမှာရှိနေကြောင်း၊ ဆယ်ကျော်သက်များနှင့် လူငယ်လူရွယ်များသည် သူတို့၏ခန္ဓာကိုယ်၏ သဘောသဘာဝကို နားလည်မှုနည်းပါးသည့်အတွက် လူငယ်လူရွယ်များသည် လိင်မှတစ်ဆင့် ကူးစက်သော ရောဂါများ၏ အန္တရာယ်၊ မူးယစ်ဆေးဝါးသုံးစွဲမှုအန္တရာယ်၊ မတရားခေါင်းပုံဖြတ်ခံရခြင်းနှင့် အကြမ်းဖက်ခံရခြင်းတို့ကို တွေ့ကြုံရတတ်ကြောင်း။

ယနေ့ကမ္ဘာကြီးတွင် AIDS ရောဂါသည် လူသားများ ရင်ဆိုင်နေရသော ရောဂါဆိုးများအနက် အဆိုးရွားဆုံးရောဂါဖြစ်ပြီး အမျိုးသား၊ အမျိုးသမီး၊ ကလေးသူငယ်များပါမကျန် ပျမ်းမျှ နေ့စဉ် လူ ၁၄၀၀၀ ကျော်သည် ဤရောဂါဆိုး၏ အန္တရာယ်ကျရောက်ခြင်း ခံနေရကြောင်း၊ ကမ္ဘာတွင် AIDS ရောဂါ ကူးစက်ခြင်းခံရသူ သန်း ၆၀ကျော်ရှိပြီး ရောဂါကြောင့် သေဆုံးရသူပေါင်း သန်း ၂၀ကျော်သွားပြီဖြစ်ကြောင်း၊ HIV ရောဂါပိုးရှိနေသူ ၅၀ရာခိုင်နှုန်းသည် အသက် ၁၅နှစ်မှ ၂၄နှစ်အတွင်းရှိ လူငယ်များဖြစ်ကြပြီး အများစုသည် အသက် ၂၀မတိုင်မီကတည်းက ရောဂါဝေဒနာကို ခံစားနေရသူများ ဖြစ်ကြကြောင်း။

ဤအခြေအနေများသည် မလိုလားအပ်သော အခြေအနေများပင် ဖြစ်ကြောင်း၊ လူငယ်လူရွယ်များကို ပညာပေးခြင်း၊ စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်းနှင့် စည်းရုံးခြင်းအားဖြင့် HIV/AIDS ကို တားဆီးနိုင်မှာဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်လူရွယ်များအကြား ရောဂါပြန့်ပွားမှု တားဆီးရေးအတွက် ကမ္ဘာ့နိုင်ငံများအနေနှင့် ထိရောက်သော တားဆီးကာကွယ်ရေး အစီအစဉ်များ ချမှတ်သွားရန် လိုအပ်မှာဖြစ်ကြောင်း။

ပြဿနာများ

ဖွံ့ဖြိုးပြီးနိုင်ငံများမှ လူငယ်လူရွယ်များအပါအဝင် လူငယ်လူရွယ် အများအပြားသည် စီးပွားရေးနှင့် လူမှုရေးအကျပ်အတည်း၊ အခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရကြောင်း၊ မူးယစ်ဆေးဝါးသုံးစွဲမှု၊ ရာဇဝတ်မှုကျူးလွန်မှု၊ ဂိုဏ်းများဖွဲ့ပြီး အကြမ်းဖက်မှုသည် ယနေ့ကမ္ဘာတွင် ကြုံတွေ့နေရသော ပြဿနာများဖြစ်ကြောင်း၊ အချို့အနောက်နိုင်ငံများမှာဆိုလျှင် တစ်ကျောင်းတည်းနေ ကျောင်းသူ၊ကျောင်းသားများ၊ ဆရာ၊ ဆရာမများကို သေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်မှု ဖြစ်စဉ်များပင် ပေါ်ပေါက်ခဲ့ကြောင်း၊ ထို့ကြောင့် ကမ္ဘာ့နိုင်ငံများအနေနှင့် တစ်နိုင်ငံချင်းဖြစ်စေ၊ စုပေါင်း၍ဖြစ်စေ လူငယ်လူရွယ်များ၏ ဘဝအဆင့်အတန်း ပိုမိုမြင့်မားစေရန် လုပ်ဆောင်ရန် အချိန်ကျပြီဖြစ်ကြောင်း။

လက်ရှိ မြန်မာနိုင်ငံ၏ လူဦးရေသည် ၅၂ဒသမ ၄သန်းကျော်ရှိပြီး အသက် ၁၅နှစ်မှ ၂၄နှစ်အတွင်း လူငယ်လူရွယ်ဦးရေသည် ကိုးသန်းခန့်ရှိကြောင်း။

နိုင်ငံတော်အစိုးရ၏ လမ်းညွှန်မှု၊ ပံ့ပိုးကူညီဆောင်ရွက်မှု၊ မြန်မာနိုင်ငံ၏ ကြွယ်ဝသော ယဉ်ကျေးမှုနှင့် ထုံးတမ်းစဉ်လာတို့၏ သွန်သင်မှုတို့ကြောင့် မြန်မာနိုင်ငံမှာရှိသော လူငယ်လူရွယ်များသည် ကမ္ဘာ့ဒေသ အများအပြားတွင်ရှိကြသော ညီအစ်ကို မောင်နှမများထက် ပိုမိုကောင်းမွန်သာလွန်သော လူနေမှုဘဝ၊ ပိုမိုမြင့်မားသော လူမှုတန်ဖိုးများကို ပိုင်ဆိုင်နေသည်ဟု ဆိုနိုင်ကြောင်း။

အသက်ငယ်ငယ်နှင့် အိမ်ထောင်ကျခြင်း၊ ကလေးရခြင်းတို့သည် လူငယ်များ၏ ပညာရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများကို ပိတ်သွားစေပြီး ရေရှည်အားဖြင့် သူတို့၏ဘဝအပြင် သူတို့သားသမီးများ၏ ဘဝအရည်အသွေးကိုပါ ထိခိုက်စေနိုင်သည်ဟု အများက လက်ခံထားကြောင်း၊ သို့ရာတွင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင်ရှိသော အမျိုးသမီးငယ် ၈၂သန်းသည် အသက် ၁၈နှစ်မပြည့်မီ အိမ်ထောင်ကျကြမည့် အခြေအနေရှိနေကြောင်း၊ ထို့အပြင် နှစ်စဉ်နှစ်တိုင်း အသက် ၁၅နှစ်နှင့် ၁၉နှစ်အရွယ်ကြားရှိသော ငယ်ရွယ်သူ အမျိုးသမီးလေးများသည် ကောင်းမွန်ခြင်းမရှိလှသော အခြေအနေများမှာ ကလေးမွေးဖွားကြမှာဖြစ်ပြီး အမျိုးသမီးငယ် လေးသန်းတို့သည်လည်း သန္ဓေသားဖျက်ချကြမည့် အခြေအနေရှိနေကြောင်း။



သဝဏ်လွှာဖတ်ကြား

မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) **ကိုယ်စားလှယ်** Mr. Najib M Assifi **က ၂၀၀၃ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ်အခမ်းအနားတွင် ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့မှ အမှုဆောင်ညွှန်ကြားရေးမှူး** Ms. Thoraya Obaid **၏ ၂၀၀၃ခုနှစ် ကမ္ဘာ့လူဦးရေနေ့ သဝဏ်လွှာကို ဖတ်ကြားစဉ်။** (သတင်းစဉ်)

အိမ်ထောင်ပြု အသက်မြင့်

မြန်မာနိုင်ငံမှာ အိမ်ထောင်ပြုသော အသက်သည် ယေဘုယျအားဖြင့် မြင့်ကြောင်း၊ ၁၉၇၀ပြည့်နှစ်များက အမျိုးသမီးများသည် အသက် ၁၉နှစ်ခန့်မှာ အိမ်ထောင်ပြုကြပြီး ၁၉၉၀ပြည့်နှစ်များအတွင်း အိမ်ထောင်ပြုကြသူများသည် အသက် ၂၂နှစ်ခန့်မှာ အိမ်ထောင်ပြုကြကြောင်း၊ သားဦးမွေးသောအသက်လည်းမြင့်လာသည့်အတွက် မိခင်နှင့်ကလေး ကျန်းမာရေး ထိခိုက်စေနိုင်သော ဆယ်ကျော်သက်ရွယ် ကလေးမွေးဖွားသော ဦးရေလျော့နည်းစေကြောင်း၊ လုံးဝ အိမ်ထောင်မပြုသူများ ရာခိုင်နှုန်းသည်လည်း တိုးတက်များပြားလာလျက်ရှိကြောင်း၊ ဆယ်ကျော်သက်ရွယ် ယောကျာ်းလေးများ၏ ၉၈ရာခိုင်နှုန်းနှင့် မိန်းကလေးများ၏ ၉၃ရာခိုင်နှုန်း၊ အသက် ၂၀ မှ ၂၄နှစ်အတွင်းရှိ လူရွယ်များ၏ ၇၇ရာခိုင်နှုန်းနှင့် မိန်းမရွယ်များ၏ ၆၅ရာခိုင်နှုန်းတို့သည် အိမ်ထောင်မပြုကြသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် မိမိတို့နိုင်ငံတွင် ကျန်းမာရေးအတွက် အန္တရာယ်ကြီးမားသော ဆယ်ကျော်သက်အရွယ် အိမ်ထောင်ပြုခြင်းနှင့် ကိုယ်ဝန်ဆောင်ခြင်း၊ ကလေးမွေးဖွားခြင်းများသည် လွန်စွာနည်းပါးသည်ကို တွေ့ရကြောင်း။

မြန်မာနိုင်ငံအနေနှင့် လူငယ်များသည် နိုင်ငံ၏ အရေးအပါဆုံး အင်အားစုတစ်ခုဖြစ်သည်ဟု ခံယူသည့်အတွက် လူငယ်များ ဘက်စုံဖွံ့ဖြိုးရေးကို နိုင်ငံတော်အစိုးရအနေနှင့် အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ လူငယ်များအတွက် ကျန်းမာရေး၊ ပညာပေးရေး အစီအစဉ်များအပါအဝင် နိုင်ငံနှင့်အဝန်း ပြီးပြည့်စုံသော ကျန်းမာရေးအစီအစဉ်များ ပြုလုပ်ပေးနေသကဲ့သို့ မိမိတို့၏ ပညာရေးစနစ်သည်လည်း လူငယ်များ၏ အကျင့်စာရိတ္တ ကောင်းမွန်မြင့်မားရေး၊ ဘဝ၏ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရေးအတွက် သွန်သင်ဆုံးမမှုများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ ထို့ကြောင့် ယနေ့ဆိုလျှင် မြန်မာလူငယ်များသည် ၎င်းတို့၏ လူနေမှုအဆင့်အတန်း မြင့်မားရေးနှင့် လူမှုဘဝ မြင့်မားရေးတို့အတွက် တစ်ကြိမ်တစ်ခါမှ မရဖူးသေးသော အခွင့်အလမ်းများ ရရှိနေပြီဖြစ်ကြောင်း။

ဂုဏ်ပြုမှတ်တမ်းတင်

ဤကဲ့သို့ လုပ်ဆောင်သည့်နေရာတွင် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ်၊ ကုလသမဂ္ဂ လူဦးရေဖွံ့ဖြိုးမှုအစီအစဉ် စသည့် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများ၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းကဲ့သို့သော အစိုးရမဟုတ်သော အဖွဲ့အစည်းများ၏ လူငယ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်မှုများကို ဂုဏ်ပြုမှတ်တမ်းတင်လိုကြောင်း။

နိုင်ငံ၏အနာဂတ်ကို ပုံပြင်ပြောင်းလဲရာတွင် ဆယ်ကျော်သက်များနှင့် လူငယ်လူရွယ်များ အရေးပါမှုကို မြန်မာနိုင်ငံအနေနှင့် အလေးထားပြီး အသိအမှတ်ပြုကြောင်း၊ ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တစ်ဖက်မှာကြိုးစားနေရင်း လူငယ်များ အထူးသဖြင့် ဆယ်ကျော်သက်ရွယ်များ တိုးတက်ဖွံ့ဖြိုးရေးအတွက် မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများအားလုံးနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ကြောင်း။

သန္နိဋ္ဌာန်ချ

မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများဖြစ်သော UNDP၊ UNFPA နှင့် WHO စသည့် အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုခိုင်မာစေလျက် လူဦးရေဆိုင်ရာ လုပ်ငန်းအစီအစဉ်များကို ချမှတ်ဆောင်ရွက်ရာတွင် တက်ကြွသောအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်သွားရန် သန္နိဋ္ဌာန်ချထားကြောင်း ပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေနှင့် လူငယ်လူရွယ်များနှင့် ဆယ်ကျော်သက်များ၏ လူနေမှုဘဝ မြင့်မားရေးအတွက် ဖြည့်ဆည်းလုပ်ဆောင်ပေးရင်း မိမိတို့လူငယ်များကို အနာဂတ်ကမ္ဘာကြီးကို ဦးဆောင်နိုင်သော လူချွန်လူကောင်းများဖြစ်စေရန် ဝိုင်းဝန်းလုပ်ဆောင်ကြပါစို့ဟု တိုက်တွန်းပြောကြားလိုကြောင်း။

ထို့အပြင် ယခုနှစ် ကမ္ဘာ့လူဦးရေနေ့၏ ဆောင်ပုဒ်ဖြစ်သော "သန်းတစ်ထောင် ငယ်ရွယ်ကျန်းမာဖို့၊ ပညာပေးလို့ စောင့်ရှောက်စို့" ကို အပြည့်အဝ အကောင်အထည်ဖော်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြပါရန် ပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ (UNFPA) ကိုယ်စားလှယ် Mr. Najib M Assifi က ကုလသမဂ္ဂ လူဦးရေရန်ပုံငွေအဖွဲ့ အမှုဆောင်ညွှန်ကြားရေးမှူး Ms. Thoraya Obaid ၏ ၂၀၀၃ခုနှစ် ကမ္ဘာ့လူဦးရေနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအစီအစဉ်ကို ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်က ၂၀၀၂ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အပြည်ပြည်ဆိုင်ရာ ပိုစတာပြိုင်ပွဲ အလွတ်တန်း ပထမဆုရ ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ်မှ မောင်ရဲအောင်မြတ်အား လည်းကောင်း၊ ၂၀၀၃ခုနှစ် ပိုစတာပြိုင်ပွဲအဆင့်(၅) အလွတ်တန်းတွင် ပထမဆုရ ရန်ကုန်တိုင်း ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်မှ မောင်ဇာနည်ထွန်း၊ ဒုတိယဆုရ ရန်ကုန်တိုင်း သဃ်္ဃန်းကျွန်းမြို့နယ်မှ မောင်ရဲအောင်မြတ်နှင့် တတိယဆုရ ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ်မှ ဦးအောင်မိုးတို့အား လည်းကောင်း ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး အခမ်းအနား ပထမပိုင်းအစီအစဉ်ကို ရပ်နားလိုက်သည်။

စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ✻

ကျောက်ဇေယျ စပါးမျိုး စိုက်ပျိုးမှု

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း ကျိုက်မရောမြို့နယ် ခရုံစိုက်ပျိုးရေးပညာပေးစခန်းတွင် ကျောက်ဇေယျ စပါးမျိုး စိုက်ပျိုးမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

✪ ကျောဖုံးမှ

မိမိတို့နိုင်ငံ၏ လူဦးရေအများစုမှာ ကျေးလက်ဒေသနေ ပြည်သူများဖြစ်ကြောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးအပါအဝင် ပြည်နယ်/တိုင်းဒေသအသီးသီး အကြားအလပ်မရှိ ဖြစ်နိုင်သမျှ တန်းတူရည်တူ ဖွံ့ဖြိုးတိုးတက်လာအောင်နိုင်ငံတော်အစိုးရ အနေဖြင့် ဖြည့်ဆည်းစီမံ အကောင်အထည်ဖော်ပေးလျက်ရှိကြောင်း၊ သဲအိမ်ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း မိမိတို့ ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးသွားမှာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

မှာကြား

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းက လိုအပ်သည်များမှာကြားပြီး သဲအိမ်ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်းခွဲနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲတို့ကို အဆင့်တိုးမြှင့်ပေးရန် ကိစ္စများနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများအား ညှိနှိုင်းမှာကြားသည်။

ပေးအပ်

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက ကျောင်းသား၊ ကျောင်းသူများအတွက် ဗလာစာအုပ်ဒါဇင် ၁၀၀ကို သဲအိမ်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းခွဲ ကျောင်းအုပ်ဆရာကြီး ဦးလွင်မိုးနိုင်သို့ပေးအပ်ပြီး ကျေးရွာဥက္ကဋ္ဌ ဦးချောက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ကျေးရွာမှ သက်ကြီး အဘိုး၊အဘွားများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး ဂါရဝပြု ကန်တော့ကြသည်။

ထိုမှတစ်ဆင့် သဲအိမ်တိုက်ကျောင်းသို့သွားရောက်ပြီးဆရာတော် ဘဒ္ဒန္တနိမ္မလအား ဖူးမြော်ကန်တော့၍ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ကျေးရွာကိုလည်းကောင်း၊ ကျေးလက်ကျန်းမာရေးဌာနခွဲ အဆောက်အအုံကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြပြီး သထုံမြို့သို့ ပြန်လည်ရောက်ရှိကြသည်။

တွေ့ဆုံ

ယင်းနောက် နံနက်၉နာရီ၄၅မိနစ်တွင် သထုံမြို့ သုဝဏ္ဏခန်းမ၌ သထုံခရိုင်နှင့် သထုံ၊ကျိုက်ထို၊ဘီးလင်း၊ပေါင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအား တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် သထုံခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး တင်အောင်က မိုးစပါးနှင့် မိုးသီးနှံစိုက်ပျိုးနိုင်မှုများ၊ ငရုတ်ကောင်းနှင့် သစ်ဆိမ့်ပင်စိုက်ပျိုးမှုများ၊ဝက်၊ကြက်၊ ပုစွန်၊ငါးမွေးမြူခြင်းလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

အမှာစကားပြောကြား

ထို့နောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကားပြောကြားရာ၌ သထုံခရိုင် သထုံဒေသသို့ ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း ဦးဆောင်၍ မိမိတို့အဖွဲ့ ရောက်ရှိလာသည်မှာ ဒေသဖွံ့ဖြိုးတိုးတက်မှုကို ကြည့်ရှုစစ်ဆေးရန် အပြင်ယခုကဲ့သို့ ခရိုင်၊ မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာအဆင့်မှ အုပ်ချုပ်ရေး တာဝန်ခံများ၊ ဝန်ထမ်းများ၊ ဒေသခံ မြို့မိမြို့ဖများနှင့် တွေ့ဆုံဆွေးနွေးရန်အတွက်ဖြစ်ကြောင်း။

သထုံဒေသ၌ သထုံမြို့အပါအဝင် ကျေးလက်ဒေသများ၏ ဖွံ့ဖြိုးတိုးတက်မှု၊ မိုးစပါးနှင့် မိုးသီးနှံများ အင်တိုက်အားတိုက် စိုက်ပျိုးနေမှုတို့ကို ဝမ်းသာအားရဖွယ်ရာ တွေ့ရှိရကြောင်း၊ ဒေသခံပြည်သူများက မိမိတို့ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဖြစ်သည့် ရာသီသီးနှံစိုက်ပျိုးမှုလုပ်ငန်း၊ ဥယျာဉ်ခြံလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းတို့ကို ကြိုးစားပမ်းစား လုပ်ကိုင်နေသကဲ့သို့ နိုင်ငံတော်အစိုးရ အပိုင်းကလည်း ရန်ကုန်-မော်လမြိုင် လမ်းမကြီးအပါအဝင် လမ်းပန်းဆက်သွယ်မှုလုပ်ငန်းများ တိုးတက်ကောင်းမွန်အောင် အလေးထား လုပ်ကိုင်ပေးလျက်ရှိကြောင်း၊ သဲဖြူချောင်းတံတား၊ ကော့စံနိုင်တံတား၊ ရင်းငြိမ်တံတား၊ ဒုံသမိရထားတံတားတို့ကို ပြုပြင်တည်ဆောက်ပေးခဲ့ပြီးဖြစ်ကြောင်း။

ရေရရှိရေး

စိုက်ပျိုးရေးအတွက် ရေရရှိရေးလုပ်ငန်းများအဖြစ် ဝါးပါးရေလှောင်တမံ၊ ဇိုက္ကရဲရေထိန်းတံခါးတို့ တည်ဆောက်ခဲ့သကဲ့သို့ ရေဘေးကာကွယ်ရေးအတွက် တာတမံအရှည် ၁၄မိုင်ကျော်နှင့် ရေနုတ်မြောင်း ၅၃မိုင်ခန့်ကို ထိန်းသိမ်း တည်ဆောက်ပေးခဲ့ကြောင်း။

ယင်းတာတမံနှင့် ရေနုတ်မြောင်းများကြောင့် လယ်မြေဧက ၈၁၀၀၀ ကျော်ကို ရေနစ်မြုပ်မှုမှ ကာကွယ်ပေးနိုင်ခဲ့ကြောင်း၊ ဆက်လက်၍လည်း ကတိုက်ရေလှောင်တမံနှင့် ကျုံထော်ရေထိန်းတံခါးတို့ကို တည်ဆောက်လျက်ရှိရာ သထုံခရိုင် ပါဝင်သည့် မွန်ပြည်နယ်၏စိုက်ပျိုးရေးလုပ်ငန်းများသည် သိသာစွာ ဆက်လက်တိုးတက်လာဦးမှာ သေချာကြောင်း။

တစ်ချိန်တည်းမှာပင် သထုံခရိုင် ပြည်သူများ၏ ပညာရေး၊ကျန်းမာရေး အဆင့်အတန်း မြင့်မားရေး၊ ကျောင်းနေအရွယ် ကလေးတိုင်း ပညာသင်ကြားနိုင်ရေး၊ အခြေခံပညာ အဆင့်ဆင့်သာမက အဆင့်မြင့်ပညာ သင်ကြားနိုင်မည့် အခွင့်အလမ်းများ တိုးတက်ရရှိရေးတို့ကို စီမံချက်ရှိရှိ လုပ်ကိုင် ဆောင်ရွက်ပေးလျက်ရှိကြောင်း။

အသွင်ကူးပြောင်း

နိုင်ငံတော်အစိုးရ၏ ယခုကဲ့သို့ အပတ်တကုတ် ကြိုးစားလုပ်ကိုင်မှုများကို အစိုးရတစ်ရပ်က လုပ်ကိုင်ပေးရမည့် သာမန်လုပ်ငန်းများသာ ဖြစ်သည်ဟု ထင်မြင်ယူဆနေ၍မရကြောင်း၊ မိမိတို့အစိုးရသည် စိုက်ပျိုးရေး၊ မွေးမြူရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ပညာရေး၊ ကျန်းမာရေးစသည့် ကဏ္ဍစုံကို တစ်ပြိုင်တည်း ပြောင်းလဲတည်ဆောက် ပြုပြင်ပေးနေရသည့် ခေတ်ပြောင်း တော်လှန်ရေးအစိုးရဖြစ်ကြောင်း၊ တိုင်းပြည်ကိုခေတ်ဟောင်း၊ စနစ်ဟောင်းတစ်ခုမှ ခေတ်သစ်၊ စနစ်သစ် တစ်ခုသို့ အသွင်ကူးပြောင်းတည်ဆောက်ပေးနေသည့်အစိုးရဖြစ်၍ လုပ်ငန်းများကို တွန်းတွန်းတိုက်တိုက် တစ်ပြိုင်တည်း ပြောင်းလဲပြုပြင်ရခြင်း၊ အသစ်တည်ဆောက်ရခြင်းတို့ကို မနားမနေလုပ်ဆောင်နေရကြောင်း။

ဤဖြစ်စဉ်ကိုဒေသဆိုင်ရာအုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများက နားလည်သိရှိပြီး မိမိတို့ တက်တက်ကြွကြွ ပါဝင်ရမည့် တိုင်းပြုပြည်ပြု အခန်းကဏ္ဍကို ပိုမို အလေးအနက်ထားကြရန် လိုအပ်ကြောင်း၊ အများပြည်သူ၏ကောင်းကျိုးကို သယ်ပိုးရာ၌ မိမိတို့၏ လုပ်ကိုင်ဆောင်ရွက်ပုံ အမှားအယွင်းများကြောင့် နိုင်ငံတော်အုပ်ချုပ်ရေးယန္တရားအပေါ် အမြင်မကြည်လင်မှုများ မဖြစ်ပေါ်ရအောင် ဆင်ခြင်ဉာဏ်ဖြင့်သတိပြုကြရန်လိုကြောင်း၊ ပြည်သူများက လေးစားယုံကြည် အားကိုးသော၊ ပြည်သူများက ကျေးဇူးတင်နေသော အုပ်ချုပ်ရေးအဖွဲ့များဖြစ်အောင်၊ ဌာနဆိုင်ရာအဖွဲ့အစည်းများဖြစ်အောင် မိမိကိုယ်ကို ပြုပြင်ကြပ်မတ် ထိန်းကိုင်သွားကြရမှာ ဖြစ်ကြောင်း၊ အရာရာကို နို့သက်ခံပြီး တာဝန်ပေးမှသာ၊ တွန်းအားပေးမှသာ လုပ်တတ် ကိုင်တတ်ကြသည်များ မဖြစ်စေဘဲ တီထွင်ကြံဆလုပ်ကိုင်၍ ဒေသအကျိုး၊ နယ်မြေအကျိုး၊ နိုင်ငံတော်အကျိုးကို သယ်ပိုးသွားကြရန်ဖြစ်ကြောင်းဖြင့် ရှင်းလင်းမှာကြားသည်။

ရည်မှန်းချက်နှစ်ရပ်

ယင်းနောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းက မှာကြားရာ၌ မိမိတို့သည် နိုင်ငံတော်ကြီးကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီး ဖြစ်လာစေရမည်ဆိုသည့် အမျိုးသားရေး ရည်မှန်းချက်ဖြင့် လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အတူ တပ်မတော်ကိုလည်း စွမ်းရည်ထက်မြက်သော ခေတ်မီတပ်မတော် ဖြစ်လာစေရန် ရည်မှန်းချက်ရှိရှိ ထူထောင်လျက်ရှိကြောင်း၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီး ကမ္ဘာ့အလယ်၌ ထည်ထည်ဝါဝါ အစွမ်းရှည်စွာရပ်တည်နိုင်ရေးအတွက် ယင်းရည်မှန်းချက်နှစ်ရပ်သည် အပြန်အလှန် ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီလျက် ရှိကြကြောင်း။

ယနေ့ တိုင်းပြည်ကြီးကို ခေတ်မီတိုးတက်အောင် တည်ဆောက်နေခြင်းသည် တပ်မတော်အတွက် မဟုတ်သကဲ့သို့ တပ်မတော်ကို ခေတ်မီအောင်တည်ဆောက်နေခြင်းသည်လည်း တပ်မတော်အတွက် မဟုတ်ကြောင်း၊နိုင်ငံတော်ကြီးအစွမ်းရှည်စွာ ရပ်တည်ရေး၊ ပြည်သူများ၏ လူနေမှုဘဝ လုံခြုံမြင့်မားတိုးတက်ရေးတို့အတွက်ပဲဖြစ်ကြောင်း။

မျက်မြင်တွေ့နိုင်

မိမိတို့၏ ရည်မှန်းချက်များနှင့် ချမှတ်ထားသော မူဝါဒများ၏ မှန်ကန်မှု၊ စည်းလုံးညီညွတ်မှုနှင့် အလုပ်လုပ်နိုင်မှု စွမ်းအားများကြောင့် ယနေ့ နိုင်ငံတော်ကြီး နေရာဒေသအနှံ့၌ ငြိမ်းချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ဝါးထင်ထင် တွေ့မြင်ခံစားနေကြရပြီဖြစ်ကြောင်း၊ ပြီးခဲ့သော အစိုးရခေတ်အဆက်ဆက်က မတည်ဆောက်နိုင်ခဲ့သော ငြိမ်းချမ်းမှု၊ တည်ငြိမ်မှု၊ ပူးပေါင်းဆောင်ရွက်မှုတို့ကို ယခုတည်ဆောက်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ငြိမ်းချမ်းမှု၊ တည်ငြိမ်မှု ရရှိလာသည်နှင့်အမျှ ဝေးလံခေါင်သီသော နယ်စပ်ဒေသများ မည်သို့ဖွံ့ဖြိုးလာနေသည်ကို မျက်မြင်တွေ့ရှိနိုင်ပြီဖြစ်ရာ၊ သထုံဒေသရှိပြည်သူများကလည်း မိမိဒေသအတွင်း ရရှိနေသည့် တည်ငြိမ်အေးချမ်းမှုကို ပိုမိုခိုင်မာကျယ်ပြန့်အောင် တည်ဆောက်ရင်း မိမိနယ်မြေ၊ မိမိဒေသ ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်းသွားကြရမှာဖြစ်ကြောင်း။

ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များနှင့် ဝန်ထမ်းအဖွဲ့အစည်းများကလည်း နိုင်ငံတော်ကို ကိုယ်စားပြုထားသူများပီပီ၊ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ဖော်ဆောင်ရာ၌ ရှေ့ဆောင်ရှေ့ရွက် ပြုနိုင်သူများ၊ ပြည်သူက လေးစားသူများဖြစ်အောင် ကျင့်ကြံနေထိုင်အားထုတ်သွားရန်လိုကြောင်း၊ လုပ်ငန်းများကိုဆောင်ရွက်ရာ၌ ကျွမ်းကျင်မှုနှင့် စေတနာရှိရန် လိုအပ်သကဲ့သို့ လုပ်နည်းလုပ်ဟန် မှန်ကန်ရန်လည်းအရေးကြီးကြောင်း၊တည်ဆဲဥပဒေစည်းမျဉ်း၊ စည်းကမ်း၊ ညွှန်ကြားချက်များနှင့်ညီညွတ်သော လုပ်နည်းလုပ်ဟန်များဖြင့် လုပ်ငန်းများကို စနစ်တကျ အကောင်အထည်ဖော်နိုင်ရမှာဖြစ်ကြောင်း။

အစိုးရဝန်ထမ်းများ၏ စေတနာပါသော ကြိုးစားဆောင်ရွက်မှု၊ ပြည်သူများ၏ပူးပေါင်းဆောင်ရွက်မှုတို့ဖြင့်သာ ဒေသဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို အမှန်တကယ်လက်တွေ့ အကောင်အထည်ဖော်သွားကြရမှာဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းက သထုံခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများအတွက် ဗလာစာအုပ်များကို မွန်ပြည်နယ်ပညာရေးမှူး ဦးအောင်မြို့သို့ ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်သည်။

ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် နံနက် ၁၁ နာရီ

မွန်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်က ဆောင်ရွက်ပေးထားသောလုပ်ငန်းများ

လယ်ယာကဏ္ဍ

၁။ အဇင်းရေလှောင်တမံ(မုဒုံမြို့နယ်)၊ ဝါးပါးရေလှောင်တမံ(သထုံမြို့နယ်) ဘီးလင်းကျောက်ဖြည့်ရေလွှဲဆည်(ဘီးလင်းမြို့နယ်)၊ ရွှေနတ်တောင်ရေလှောင်တမံ(မော်လမြိုင်မြို့နယ်)၊ ဝင်းဖနုံရေလှောင်တမံ(မုဒုံမြို့နယ်)၊ ဇိုက္ကရဲရေထိန်းတံခါး(သထုံ)တို့ကို တည်ဆောက်ဖွင့်လှစ်ခဲ့သည်။ ပေါင်မြို့နယ်၌ ကတိုက်ရေလှောင်တမံနှင့် သထုံမြို့နယ်၌ ကျုံထော်ရေထိန်းတံခါးတို့ကို တည်ဆောက်နေဆဲဖြစ်သည်။

၂။ ရေဘေးကာကွယ်ရေးအတွက် တာတမံအရှည် ၄၈ဒသမ ၆မိုင်၊ ရေနုတ်မြောင်းအရှည် ၁၁၈မိုင်ကျော် တည်ဆောက်ထိန်းသိမ်းခြင်းဖြင့် စိုက်ပျိုးမြေဧက ၁ဒသမ ၄၈သိန်းကျော်ကို အကျိုးပြုလျက်ရှိသည်။

လမ်းပန်းဆက်သွယ်ရေးကဏ္ဍ

သဲဖြူချောင်းတံတား၊ အတ္တရံတံတားများကို တည်ဆောက်ဖွင့်လှစ်ခဲ့ပြီး သံလွင်တံတား(မော်လမြိုင်)နှင့် ရေးရထားတံတားတို့ကို တည်ဆောက်လျက်ရှိသည်။

ပညာရေးကဏ္ဍ	ယခင်	ယခု
၁။ အခြေခံပညာကျောင်းများ (အထက+အလက+အမက+မူလတန်းလွန်)	၁၂၀၅	၁၃၅၃
၂။ တက္ကသိုလ်/ကောလိပ်များ	၁	၄

ကျန်းမာရေး	ယခင်	ယခု
၁။ ဆေးရုံ	၂၀	၂၅
၂။ ဆရာဝန်	၁၂၀	၁၈၃
၃။ ကျေးလက်ကျန်းမာရေးဌာန	၅၃	၅၆

၄။ အဆင့်မြှင့်ဆေးရုံများအဖြစ် ပြည်နယ်ခုတင်-၂၀၀ဆံ့ဆေးရုံကို ခုတင်-၃၅၀ဆံ့ ခေတ်မီအထူးကုဆေးရုံကြီးအဖြစ်လည်းကောင်း၊ ၁၆-ခုတင်ဆံ့မြို့နယ်ဆေးရုံ ခုနစ်ရုံကို ၂၅-ခုတင်ဆံ့ ဆေးရုံများအဖြစ်လည်းကောင်း အဆင့်တိုးမြှင့်ခဲ့သည်။

စီးပွားကူးသန်း ရှေ့သို့လှမ်း

၁၅မိနစ်တွင် အမှတ်(၂)စက်မှုဝန်ကြီးဌာန အမှတ်(၁) တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှုစက်ရုံ(သထုံ)သို့ ရောက်ရှိကြသည်။

ရှေးဦးစွာ စက်ရုံခန်းမဆောင်၌ မြန်မာ့တာယာနှင့် ရော်ဘာပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးဦးခွန်းက စက်ရုံကို ၁၉၈၅ခုနှစ်တွင် စတင်လည်ပတ်၍ တာယာများထုတ်လုပ်ခဲ့မှု၊ ယခုအခါ မော်တော်ယာဉ်တာယာ ၂၄မျိုးနှင့် စက်ဘီးတာယာသုံးမျိုး ထုတ်လုပ်လျက်ရှိသည့်အခြေအနေများ၊ စက်ရုံ၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီး ဒုတိယဗိုလ်မှူးကြီးခင်မောင်ကျော်က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆွေးနွေးမှာကြား

ထို့နောက် အတွင်းရေးမှူး(၂)က အမှတ်(၁) စက်မှုဝန်ကြီးဌာနက ထုတ်လုပ်သည့် စက်ဘီးများအတွက် စက်ဘီးတာယာများကို ဤစက်ရုံ ထုတ်တာယာများဖြင့် အသုံးပြုနိုင်ရေး၊ ရော်ဘာနည်းပညာ ဖွံ့ဖြိုးတိုးတက်ရေး အတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အမှတ်(၁) နှင့် အမှတ်(၂) စက်မှုဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်ရေး၊ စက်ရုံအတွက် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများ ပြည်တွင်း၌ ထုတ်လုပ်သွားနိုင်ရေးကိစ္စတို့ကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းက ရော်ဘာကုန်ကြမ်းရရှိမှု အခြေအနေ၊ စက်ကိရိယာအင်အား အခြေအနေတို့ကို မေးမြန်းပြီး လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် စက်ရုံ၏ တာယာကွန်ပေါင်း ထုတ်လုပ်မှု ဌာနစိတ် လုပ်ငန်းများကို လည်းကောင်း၊ တာယာထုတ်လုပ်ရာတွင် အသုံးပြုသည့် ပြည်တွင်း၊ပြည်ပ ကုန်ကြမ်းပစ္စည်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ချည်အပေါ် ရော်ဘာအုပ်ဌာနစိတ်၊ ပလိုင်ဖြတ်ဌာနစိတ်၊ တာယာအနား သံကွင်းထုတ်ဌာနစိတ်၊ တာယာစိမ်း ထုတ်လုပ်မှုဌာနစိတ်၊ တာယာပေါင်းဌာနစိတ်လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ စက်ရုံကထုတ်လုပ်သည့် မော်တော်ယာဉ် တာယာ အမျိုးမျိုးနှင့် စက်ဘီးတာယာများကို လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် သတ္တုတွင်းဝန်ကြီးဌာနတို့အတွက် ထုတ်လုပ်ပေးထားသည့် ရော်ဘာပစ္စည်းများကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုတို့သည် ဇူလိုင် ၉ရက် နံနက်ပိုင်းတွင် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ခရုံစံပြကျေးရွာရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ ခရုံစိုက်ပျိုးပညာပေးစခန်းသို့ ရောက်ရှိကြပြီး ကျော်ဇေယျစပါးမျိုး စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးကြသည်။

ဆက်လက်၍ ခရုံစိုက်ပျိုးပညာပေးစခန်းဧရိယာအတွင်း စိုက်ပျိုးထားသည့် ကျော်ဇေယျ၊ မနောသုခ၊ ရွှေဝါထွန်းစပါးမျိုး စိုက်ခင်းများကို လည်းကောင်း၊ ခရုံဂူတောင်အနီး လုပ်မြေ ၄၂၁၆ဧက ဖော်ထုတ်ခြင်း အစီအစဉ်အရ ခရုံတူးမြောင်း တူးဖော်ထားသည့် အခြေအနေများကို လည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း ပေါင်မြို့နယ် သဲအိမ်ကျေးရွာမှ သက်ကြီး အဘိုးအဘွားများအား လက်ဆောင်ပစ္စည်းများ ဂါရဝပြု ပေးအပ်ကြစဉ်။ (သတင်းစဉ်)

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းသည် ခရုံစိုက်ပျိုးပညာပေးစခန်းမှ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးဝန်ထမ်းများအားတွေ့ဆုံ၍ တောင်သူလယ်သမားများ၏ လူနေမှုဘဝ အဆင့်အတန်း မြင့်မားလာရေးအတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များနှင့် စိုက်ပျိုးရေးနည်းပညာဖြန့်ဖြူးခြင်း အစီအစဉ်များကို အောင်မြင်အောင် စည်းရုံးဆောင်ရွက်သွားကြရန် မှာကြားသည်။

ဒုတိယဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် ခရုံစံပြကျေးရွာမှ ဒေသခံ တောင်သူလယ်သမားများ အားလည်းတွေ့ဆုံနှုတ်ဆက်ကြသည်။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)ဒုတိယဗိုလ် ချုပ် ကြီး စိုးဝင်း ပေါင်မြို့နယ် သဲဖြူကုန်း ကျေးရွာရှိ ပဒုမ္မာ ဆပ်ပြာစက်ရုံကို ကြည့်ရှု စစ်ဆေးစဉ်။ (သတင်းစဉ်)

ရေမြောင်းတူးဖော်

ဆက်လက်၍ ခရုံဂူတောင်အနီး လုပ်မြေမြေရိုင်း ဖော်ထုတ်ရေး အစီအစဉ်အရ ရေမြောင်းတူးဖော်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ခရုံဂူတောင်အနီး ရေကြီးကွင်းဒေသ၌ လုပ်မြေမြေရိုင်းဧက ၄၂၁၆ဧက ဖော်ထုတ်ခြင်းလုပ်ငန်းများကို ၂၀၀၁-၂၀၀၂ခုနှစ်က စတင်ဆောင်ရွက်ခြင်းဖြစ်ပြီး စုစုပေါင်းအရှည်ပေ ၁၆၄၃၅၀ ရှိ ရေသွင်းရေထုတ်မြောင်း ၁၃ခု တူးဖော်လျက်ရှိကြောင်း သိရှိရသည်။

သံလွင်တံတား

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိကြရာ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်မျိုးလှ၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် စီမံကိန်းမှ ဒုတိယ အင်ဂျင်နီယာမှူးကြီးများ၊ အင်ဂျင်နီယာများက ကြိုဆိုကြသည်။

ထို့နောက် စီမံကိန်းရှင်းလင်းဆောင်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးနေစိုးနိုင်က သံလွင်တံတား (မော်လမြိုင်)နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ၌ ဤတံတားကြီး တည်ဆောက်ပြီးစီးပါက မြန်မာနိုင်ငံတွင် အရှည်ဆုံး တံတားကြီးဖြစ်လာမည် ဖြစ်ပါကြောင်း။

သံလွင်တံတား (မော်လမြိုင်)ကို ရထားရော၊ ကားပါ အသုံးပြုနိုင်သည့် တံတားကြီးအဖြစ် တည်ဆောက်နေခြင်းဖြစ်ပါကြောင်း၊ ထူးခြားချက် အနေဖြင့်တင်ပြရပါက ယခင် တည်ဆောက်သည့် ရထားရော၊ ကားပါ အသုံးပြုနိုင်သည့် တံတားများ တည်ဆောက်ရာ၌ ရထားလမ်းကို အတွင်းပိုင်းမှာထား၍ တည်ဆောက်ပါကြောင်း၊ ကားလမ်းများကို ရထားလမ်း၏ ဘေးတစ်ဖက်စီတွင် တည်ဆောက်သည့် Cantilever တံတားမျိုးဖြစ်သဖြင့် ဖြတ်သန်းသည့် ကားများအတွက် ယာဉ်နှင့် ကုန်အလေးချိန် ကန့်သတ်ချက်များရှိပါကြောင်း။

နိုင်ခံ့မှုကောင်းမွန်

သံလွင်တံတား (မော်လမြိုင်) တည်ဆောက်ရာ၌ ရထားလမ်းရော ကားလမ်းပါ လမ်းနှစ်ခုလုံးကို တံတားသံပေါင်းကြီးအတွင်း တည်ဆောက်ထားသဖြင့် ကားလမ်းရော ရထားလမ်းပါ တောင့်တင်းခိုင်ခံ့မှု ပိုမိုကောင်းမွန်သည့် တံတားကြီးဖြစ်ပါကြောင်း။

ဤတံတားကြီးပြီးစီးပါက မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းတို့ကို တိုက်ရိုက်ကူးလူး ဆက်စပ်သွားလာနိုင်မည်ဖြစ်ပါကြောင်း။

ဤတံတားကြီးသည် ရန်ကုန်-မော်လမြိုင်-ထားဝယ်-မြိတ်-ကော့သောင်း ပြည်ထောင်စုလမ်းမကြီးပေါ်တွင် တည်ရှိသဖြင့် ပြီးစီးသွားပါက မြန်မာနိုင်ငံ တောင်ဘက်အစွန်ကော့သောင်းမြို့သို့ အချိန်တိုအတွင်း ဆက်သွယ်သွားလာနိုင်စေမည် ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

သံပေါင်များ တပ်ဆင်

ဆက်လက်၍ အင်ဂျင်နီယာချုပ် ဦးဟန်ဇော်က သံလွင်တံတား (မော်လမြိုင်)၏ ပင်မတံတားမှာ အခန်းပေါင်း ၂၁ခန်း ပါရှိသည့် တံတားကြီးဖြစ်ပါကြောင်း၊ ယခုနှစ် ဧပြီလမှ စတင်၍ မော်လမြိုင်ဘက်ကမ်းရော မုတ္တမဘက်ကမ်းကပါ တံတားသံပေါင်များကို တစ်ပြိုင်တည်း တပ်ဆင်လျက်ရှိပါကြောင်း။

ယခုအခါ နှစ်ဖက်စလုံးတွင် ၃၄၁ ပေစီရှိ အခန်းတစ်ခန်းစီနှင့် ဒုတိယတစ်ခန်းစီတွင် ၁၃၁ပေရှိ တံတားသံပေါင်များ တပ်ဆင်ပြီး ဖြစ်ပါကြောင်းနှင့် တံတားသံပေါင် ဆက်လက်တပ်ဆင်သွားမည့် အစီအစဉ်များ၊ တံတားသံပေါင်ရောက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မော်လမြိုင်ဘက်ကမ်း တာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးမျိုးချစ်နှင့် မုတ္တမဘက်ကမ်း တာဝန်ခံ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးအုန်းဟန်တို့က ချဉ်းကပ်တံတားနှင့် ပင်မတံတားတည်ဆောက်ခြင်း လုပ်ငန်းများ ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ရထားလမ်းချဉ်းကပ်တံတား

ဆက်လက်၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ် အောင်မင်းက သံလွင်တံတား(မော်လမြိုင်)၏ ရထားလမ်း ချဉ်းကပ်တံတားများအတွက် မြေကြီးလုပ်ငန်း ဆောင်ရွက်နေမှုများနှင့် မော်လမြိုင်ဘူတာ တည်ဆောက်သွားမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ဝန်ကြီးက ရထားပို့ဆောင်ရေး ဝန်ကြီးဌာနအနေဖြင့် ၈၅၇ပေရှိ ရေးချောင်းတံတားကို တည်ဆောက်လျက်ရှိရာ စက်တင်ဘာလတွင် ပြီးစီးမည်ဖြစ်ပါကြောင်း၊ ရေးဘူတာရုံ အဆင့်မြှင့်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိပါကြောင်း။

ရေးချောင်းတံတား တည်ဆောက်ပြီးစီးသွားပါက မော်လမြိုင်-ရေး-ထားဝယ်ခရီးကို နေ့ချင်းပေါက် သွားနိုင်မည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုက မော်လမြိုင်ဘူတာ တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားသည်။

အကျိုးပြု

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းက သံလွင်တံတား (မော်လမြိုင်)သည် နယ်မြေဒေသ ဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အကူပြုမည့် တံတားကြီးဖြစ်ကြောင်း၊ နိုင်ငံတော်အတွက်သာမက နောင်တစ်ချိန် ဒေသတွင်း နိုင်ငံများနှင့် ဆက်သွယ်သွားလာမှုကိုလည်း အကျိုးပြုမည့် တံတားကြီးဖြစ်ကြောင်း။

တံတားတည်ဆောက်ရေး လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့် ကိုက်ညီပြီး သတ်မှတ်ကာလအတွင်း ပြီးစီးအောင် ကြိုးပမ်းဆောင်ရွက်သွားရန်ဖြစ်ကြောင်း။

စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ရာ၌ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေး၊ တံတားကြီးနှင့် ဝန်ထမ်းများ၏ လုံခြုံရေးတို့ကို အမြဲသတိပြု ဆောင်ရွက်ကြရန်ဖြစ်ကြောင်း မှာကြားသည်။

လုပ်ငန်းများစစ်ဆေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်ဘက်ကမ်း ပင်မတံတား သံပေါင် တပ်ဆင်ပြီးစီးမှု အခြေအနေများ၊ ရေလယ်တိုင်တည်ဆောက်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးကြသည်။

သံလွင် တံတား(မော်လမြိုင်)မှာ ရထားလမ်းတစ်လမ်းနှင့် ကားလမ်းနှစ်လမ်းပါရှိမည့် သံမဏိသံပေါင် တံတားကြီးဖြစ်သည်။

ကားလမ်းအနေဖြင့် မော်လမြိုင်ဘက်ကမ်း ချဉ်းကပ်တံတားမှာ ၁၆၂၄ ပေ၊ မုတ္တမဘက်ကမ်း ချဉ်းကပ်တံတားမှာ ၂၂၅၂ပေ၊ ရေလယ်ပင်မတံတားမှာ ၇၆၉၉ပေ စုစုပေါင်း ၁၁၅၇၅ပေ ရှည်မည်ဖြစ်သည်။

ရထားလမ်းအနေဖြင့် မော်လမြိုင်ဘက်ကမ်း ချဉ်းကပ်တံတားမှာ ၈၇၁၆ပေ၊ မုတ္တမဘက်ကမ်း ချဉ်းကပ်တံတားမှာ ၁၀၀၅၁ပေ၊ ရေလယ်ပင်မတံတားမှာ ၇၆၉၉ပေ စုစုပေါင်း ၂၆၄၆၆ပေရှည်မည် ဖြစ်သည်။

ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း မော်လမြိုင်ဘက်ကမ်း ချဉ်းကပ်တံတားမှာ ၂၈တိုင်ရှိပြီး အပေါ်ပိုင်းကိုယ်ထည်လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးနေပြီဖြစ်သည်။

ပင်မတံတားတိုင် ၁၁တိုင်အနက် ၁၀တိုင် ပြီးစီးနေပြီဖြစ်သည်။

မုတ္တမဘက်ကမ်း ချဉ်းကပ်တံတားလုပ်ငန်းများမှာ ၈၀ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ ပင်မတံတားတိုင် ၁၁တိုင်အနက် ရှစ်တိုင် ပြီးစီးနေပြီဖြစ်သည်။

ကြိုးပမ်းနေ

သံလွင်တံတား(မော်လမြိုင်) တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများ ၂၀၀၄ခုနှစ်အတွင်း ပြီးစီးရေးအတွက် စီမံကိန်းဝန်ထမ်းများက ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များ သံလွင်တံတား (မော်လမြိုင်) တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးနေစဉ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✳

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၂-၇-၂၀၀၃ (စနေနေ့)

၁၃၆၅ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ရက် (အဖိတ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင်မင်းကွန်းဆရာတော်ကြီး၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တိပိဋကရေ၊ ဓမ္မဘဏ္ဍာဂါရိကဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ အမှတ်(၃) အခြေခံပညာဦးစီးဌာန စတုတ္ထအကြိမ်မြောက် ဓမ္မစကြာ ဝတ်ရွတ်ပြိုင်ပွဲ (ဒုတိယဆုရ) (အထက-၄၊ တာမွေ) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)

၈:၀၅ ၅။ သံသာချိုအေးမင်္ဂလာတေး

၈:၁၅ ၆။ စားကြမယ်ဟော့ကောင်းကောင်း

၈:၂၅ ၇။ ဗိုလ်မြတ်ထွန်းတံတား

၈:၃၀ ၈။ International News.

၈:၄၅ ၉။ Grammar Made Easy.

၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

နေ့လယ်ပိုင်း

၁၁:၀၀ ၁။ စစ်သည်တေး

၁၁:၁၀ ၂။ တေးဂီတအစီအစဉ်

၁၁:၃၀ ၃။ ပြည်တွင်းသတင်း

၁၁:၄၀ ၄။ ချစ်စရာ့အရွယ်ကစားကြမယ်

၁၂:၀၀ ၅။ တစ်ပတ်အတွင်း ရုပ်မြင်သံကြား ပြည်တွင်းသတင်းစဉ်

၂:၁၀ ၆။ Weekly International Sports.

၂:၁၅ ၇။ **ရွှေတောင်မြို့ ကျီးသဲလေးထပ်ဆရာတော်ကြီး၏ ပကိဏ္ဏကနမက္ကာရ အစီရွှေယျ ဘုရား ရှိခိုးကြီး (ဒါရိုက်တာ-ဦးသုခ၊ မောင်နှင်းမိုး)**

၂:၄၅ ၈။ International News.

၃:၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ English For Everyday Use.

၄:၄၀ ၄။ မြူးမြူးကြွကြွယဉ်ကျေးမှုအက

၄:၅၅ ၅။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သိပ္ပံ အထူးပြုအားလုံး) (ဓာတုဗေဒ)

၅:၁၀ ၆။ တေးဂီတအစီအစဉ်

၅:၂၅ ၇။ မြန်မာစာ မြန်မာစကား

၅:၄၀ ၈။ အဆိုပြိုင်ပွဲ

၅:၅၅ ၉။ တေးဂီတအစီအစဉ်

၆:၁၀ ၁၀။ စားကြမယ်ဟော့ကောင်းကောင်း

၆:၃၀ ၁၁။ ညနေခင်းသတင်း

၇:၀၀ ၁၂။ မိုးလေဝသအခြေအနေ

၇:၀၅ ၁၃။ Discovery.

၇:၂၀ ၁၄။ ဝါဆိုလဘွဲ့တေးများ

၇:၃၅ ၁၅။ ရွှေတိဂုံစေတီတော်၏ သိကောင်းစရာ ထူးခြားအံ့ဖွယ် အဖြာဖြာ

၈:၀၀ ၁၆။ ပြည်တွင်းသတင်း

၁၇။ နိုင်ငံတကာသတင်းများ

၁၈။ မိုးလေဝသအခြေအနေ

၁၉။ **မဟာဝံသမြတ်ဗုဒ္ဓ (ပထမပိုင်း)**

၂၀။ **ကံ-ကံ၏အကျိုး (အကယ်ဒမီကျော်သူ၊ ရီဝေယံ၊ မေသဥ္ဇာဦး၊ မြတ်ကေသီအောင်) (ဒါရိုက်တာ-မောင်နှင်းမိုး)**

၂၁။ နောက်တစ်နေ့အစီအစဉ်

၂၂။ အစီအစဉ်ပြီး၏။

သားငါးဖွံ့ဖြိုး ဖြည့်အကျိုး

* စာမျက်နှာ ၉ မှ

အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းနှင့် အဖွဲ့ဝင်များသည် မော်လမြိုင်မြို့ မြို့တော်ခန်းမ၌ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင်များ၊ မော်လမြိုင်ခရိုင်နှင့် မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် ဌာနဆိုင်ရာများ၊ ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များအား တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်က မွန်ပြည်နယ်၏ လယ်ယာ၊ သားငါး၊ သစ်တော၊ စက်မှုလက်မှုကဏ္ဍများ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ၊ ငရုတ်ကောင်း ဧကတစ်သောင်း စိုက်ပျိုးရေးအစီအမံများ၊ သစ်ဆိမ့်ပင်အပါအဝင် နှစ်ရှည်သီးနှံစိုက်ပျိုးနိုင်မှုများ၊ ၂၀၀၃-၂၀၀၄ခုနှစ် စီးပွားရေးစီမံကိန်း ရည်မှန်းချက်အကောင်အထည်ဖော်နိုင်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

အားရဖွယ်

ထို့နောက် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက အမှာစကားပြောကြားရာ၌ မွန်ပြည်နယ်၏ မြို့ပြဒေသ ဖွံ့ဖြိုးသာယာမှု၊ ကျေးလက်ဒေသ ဖွံ့ဖြိုးစည်ပင်မှုတို့မှာ အားရဖွယ်ရာ ဖြစ်ကြောင်း၊ ဤသည်မှာ နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုအောက်၌ ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၊ ဝန်ထမ်းများ၊ ပြည်သူများ ပူးပေါင်းလုပ်ကိုင်ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် တိုးတက်လာခြင်းဖြစ်ကြောင်း၊ မွန်ပြည်နယ်သာမက ကျန်ပြည်နယ်၊ တိုင်းအားလုံး တစ်နိုင်ငံလုံး ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်မှာ တွက်ချက်မှုအရရော မျက်မြင်အခြေအနေအရပါ သိသာထင်ရှားလျက်ရှိကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် မွန်ပြည်နယ်တွင် အဇင်းရေလှောင်တမံ၊ ရွှေနတ်တောင် ရေလှောင်တမံ၊ ဝင်းဖနုံ ရေလှောင်တမံ၊ ဝါးပါးရေလှောင်တမံ၊ ဘီးလင်းကျောက်ဖြည့် ရေလွှဲဆည်နှင့် ရေထိန်းတံခါးတို့ကို တည်ဆောက်ခဲ့သကဲ့သို့ မော်လမြိုင်ခရိုင်၌ တာတမံ အရှည် ၃၄မိုင်နှင့် ရေနုတ်မြောင်း ၆၆ မိုင်ခန့်ကို တည်ဆောက်ထိန်းသိမ်းပြီး ရေဘေးအန္တရာယ် ကာကွယ်ထားနိုင်သဖြင့် စိုက်ပျိုးမြေဧက ၆၇၀၀၀ကျော်ကို အကျိုးပြုလျက်ရှိကြောင်း။

ပညာရေးကဏ္ဍ

ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံပညာကျောင်းပေါင်း ၁၄၈ ကျောင်း တိုးချဲ့ဖွင့်လှစ်ခဲ့၍ ကျောင်းပေါင်း ၁၃၅၃ကျောင်း ရှိနေပြီဖြစ်ကြောင်း၊ အဆင့်မြင့်ပညာသင်ကျောင်းများအဖြစ် မော်လမြိုင်မြို့၌ တက္ကသိုလ်၊ ကောလိပ်လေးခု ဖွင့်လှစ်ထားပြီးဖြစ်ကြောင်း။

တိုးချဲ့

အလားတူ ကျန်းမာရေးစောင့်ရှောက်မှုမြှင့်တင်နိုင်ရန်အတွက် ဆေးရုံငါးရုံ၊ ဆရာဝန် ၆၂ဦးကို တိုးချဲ့ဖွင့်လှစ်ခန့်ထားခြင်းများ ပြုလုပ်ခဲ့ကြောင်း၊ မော်လမြိုင်မြို့ ခုတင်-၂၀၀ဆံ့ ပြည်နယ်ဆေးရုံကြီးကို ခုတင်-၃၅၀ဆံ့ ခေတ်မီအထူးကုဆေးရုံအဖြစ် တိုးမြှင့်ခဲ့ပြီးလည်းဖြစ်ကြောင်း။

မွန်ပြည်နယ်သည် စားနပ်ရိက္ခာ ဖူလုံပိုလျှံသည့်အပြင် မြေသယံဇာတ၊ ရေသယံဇာတ အခြေအနေအရ ရှေ့၌လည်း တိုးတက်ဖွံ့ဖြိုးရန် အလားအလာကောင်းလျက်ရှိကြောင်း၊ နိုင်ငံတော်အစိုးရ၏ အခြေအနေ ဖန်တီးပေးမှုနှင့် သယံဇာတပြည့်စုံမှုတို့ကို ဒေသခံပြည်သူများ၏ အလုပ်လုပ်မှုစွမ်းအားဖြင့် ပေါင်းစပ်အားထုတ် လုပ်ကိုင်သွားကြရန်သာ အရေးကြီးကြောင်း။

တွန်းအားပေး

ပြည်နယ် တိုးတက်ဖွံ့ဖြိုးရေးကို အကောင်အထည်ဖော်ရာ၌ နယ်မြေတည်ငြိမ်အေးချမ်းမှု၊ တရားဥပဒေစိုးမိုးမှုရှိရန် အခြေခံအားဖြင့် လိုအပ်ကြောင်း၊ နယ်မြေငြိမ်းချမ်း တည်ငြိမ်မှုအပြင် တိုင်းရင်းသား စည်းလုံးညီညွတ်မှု၊ တိုင်းရင်းသားအချင်းချင်းအပြန်အလှန်နားလည်စာနာမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများသည်လည်း နယ်မြေတစ်ခု၊ ဒေသတစ်ခု တိုးတက်ဖွံ့ဖြိုးရေးအတွက် လိုအပ်ချက်များဖြစ်သည်ကို နားလည်ခံယူပြီး ဒေသတာဝန်ခံများနှင့် ဝန်ထမ်းများသည် မိမိတို့၏ အားသာချက်၊ အားနည်းချက်များကို သုံးသပ်၍ ပြန်လည်ပြုပြင်စရာရှိသည်များကို ပြုပြင်ပြီး တိုးတက်သည်ထက် တိုးတက်အောင် တွန်းအားပေးလုပ်ကိုင်သွားကြရန်လိုကြောင်း။

မိမိတို့ပြည်ထောင်စုကြီး၏ ပြည်နယ်၊ တိုင်းအသီးသီး၌ တိုင်းရင်းသား ညီအစ်ကိုများသည် ချစ်ခင်ရင်းနှီးစွာ စုစည်း နေထိုင်လျက်ရှိကြသဖြင့် ပြည်နယ်၊ တိုင်းအားလုံးသည် ပြည်ထောင်စုငယ်များ အသွင်ဆောင်နေကြကြောင်း။

ထို့ကြောင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ခိုင်မြဲစွာ တည်ဆောက်ရမှာဖြစ်သကဲ့သို့ မိမိတို့အားလုံးသည် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ပွားများနေရန်လည်း လိုအပ်ကြောင်း၊ ဤတိုင်းရင်းသား စည်းလုံးညီညွတ်ရေးစိတ်၊ ပြည်ထောင်စုစိတ်ဓာတ်များသည် မိမိတို့ ဘိုးဘွားများလက်ထက်ကပင် ခေတ်အဆက်ဆက် ငြင်းပယ်၍မရသော လိုအပ်ချက်များပင်ဖြစ်ကြောင်း၊ နောင်လာ နောက်သားများကလည်း ယင်းစိတ်ဓာတ်များကို ဆက်လက်ရှင်သန်ခိုင်မြဲနေအောင် ကြိုးပမ်းနေရမှာဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

မော်လမြိုင်တက္ကသိုလ်

အခမ်းအနားအပြီးတွင် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်တက္ကသိုလ်သို့ ရောက်ရှိကြရာ မော်လမြိုင်တက္ကသိုလ်ပါမောက္ခချုပ် ဦးစန်းတင့်နှင့် ပါမောက္ခများ၊ ဌာနမှူးများ၊ ကထိကများ၊ နည်းပြများနှင့် သရုပ်ပြများက ကြိုဆိုကြသည်။

ထို့နောက် ခန်းမဆောင်၌ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ် ဦးစောလွင်က တက္ကသိုလ်၏ ဘွဲ့ကြို၊ ဘွဲ့လွန်သင်တန်းများ ဖွင့်လှစ်သင်ကြားနိုင်မှု၊ ဆရာ၊ ဆရာမများနှင့် ဝန်ထမ်းများ ခန့်ထားမှု၊ ဆရာနှင့် ကျောင်းသားအချိုးအစားများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အတွင်းရေးမှူး(၂)က နှုတ်ဆက်စကား ပြောကြားရာတွင် တက္ကသိုလ် ဆရာ၊ ဆရာမများသည် နိုင်ငံတော်၏ အနာဂတ် သားကောင်းရတနာများကို အဆင့်မြင့်မြင့် မွေးထုတ်ပေးနေသူများ ဖြစ်ကြကြောင်း။

စေတနာနှင့်ယှဉ်

ဆရာ၊ ဆရာမများသည် မိမိတို့၏ ဖန်တီးပျိုးထောင်နိုင်မှု စွမ်းအားကို တိုင်းပြည်၏ အနာဂတ်နှင့်ယှဉ်၍ ဆက်စပ်ရှုမြင်သုံးသပ်နိုင်သည့် ပညာတတ်များလည်းဖြစ်ကြကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အတွက် အားထားရသည့် နိုင်ငံ့သားကောင်းများ ပေါ်ထွက်လာစေရေးအတွက် လည်းကောင်း၊ နိုင်ငံတော်၏ ပညာရေးရည်မှန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လည်းကောင်း၊ စေတနာနှင့်ယှဉ်သည့် သင်ကြားမှုများဖြင့် မိမိတို့၏ ကျောင်းသား၊ ကျောင်းသူများအား မွေးထုတ်ပေးရန် မှာကြားသည်။

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်တက္ကသိုလ် စာကြည့်တိုက်ကို ကြည့်ရှုစစ်ဆေးကြသည်။

မော်လမြိုင်စက်မှုဇုန်

ထို့နောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် မော်လမြိုင် စက်မှုဇုန်သို့ ရောက်ရှိကြရာ မော်လမြိုင်ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး သော်ဇင်က မော်လမြိုင်စက်မှုဇုန် ထူထောင်ခဲ့မှုနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအား နေရာချထားပေးမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၂)က စက်မှုဇုန်အသစ် ထူထောင်နေဆဲကာလ၌ ကြိုးစားလုပ်ကိုင်သင့်သည်များကို လည်းကောင်း၊ စက်မှုဇုန်၏ မော်တော်ယာဉ်ထုတ်လုပ်မှုနှင့် လယ်ယာသုံး စက်ကိရိယာ ထုတ်လုပ်မှုတို့ကို တိုးတက်ထွန်းကားဖြစ်ထွန်းအောင် ကြိုးစားဆောင်ရွက်ကြရန်နှင့် စက်မှုဇုန်အဖြစ် ပီပြင်စွာဖြစ်ပေါ်လာရေး ဆောင်ရွက်ကြရန် လိုအပ်ပုံတို့ကိုလည်းကောင်း မှာကြားသည်။

ထို့နောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် မော်လမြိုင်စက်မှုဇုန် အခြေအနေကို ကြည့်ရှုစစ်ဆေးကြသည်။

ကြည့်ရှု

ဒုတိယ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင် ရေယာဉ်ဖြင့် မော်လမြိုင်မြို့မှ ပေါင်မြို့နယ် မုတ္တမဘက်ကမ်းသို့ ထွက်ခွာခဲ့ကြပြီး သံလွင်တံတား(မော်လမြိုင်)၏ မော်လမြိုင်ဘက်ကမ်း ချဉ်းကပ်တံတား တည်ဆောက်ပြီးစီးမှု အခြေအနေများ၊ ပင်မတံတား သံပေါင်တပ်ဆင်ပြီးစီးမှု အခြေအနေများ၊ ရေလယ်တိုင် တည်ဆောက်ခြင်း လုပ်ငန်းများကို လည်းကောင်း၊ မုတ္တမဘက်ကမ်း ရေလယ်တိုင် တည်ဆောက်ခြင်းလုပ်ငန်းများ၊ ပင်မတံတား သံပေါင်တပ်ဆင်ပြီးစီးမှု အခြေအနေများ၊ ချဉ်းကပ်တံတား တည်ဆောက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်း၊ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့် အဖွဲ့ဝင်များသည် ပေါင်၊ သထုံ၊ ဘီးလင်း၊ ကျိုက်ထိုဒေသ ဖွံ့ဖြိုးတိုးတက်မှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ပဒုမ္မာဆပ်ပြာစက်ရုံ

ဒုတိယ ဗိုလ်ချုပ်ကြီးသူရရွှေမန်းနှင့် အဖွဲ့ဝင်များ သထုံခရိုင်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးနေချိန်တွင် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် အဖွဲ့ဝင်များသည် ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာအနီးရှိ ပဒုမ္မာဆပ်ပြာစက်ရုံသို့ ရောက်ရှိကြသည်။

ရှေးဦးစွာ စက်ရုံရှင်းလင်းဆောင်၌ ဆပ်ပြာစက်ရုံ စီမံကိန်းဒါရိုက်တာ ဦးကံချွန်က ၂၃-၃-၂၀၀၃ ရက်တွင် ဆပ်ပြာစက်ရုံကို ဖွင့်လှစ်ခဲ့ပြီး အဝတ်လျှော်ဆပ်ပြာနှင့် ကိုယ်တိုက်ဆပ်ပြာ ထုတ်လုပ်မှုအခြေအနေများကိုရှင်းလင်းတင်ပြရာ အတွင်းရေးမှူး(၂)က လိုအပ်သည်များ မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် ဆပ်ပြာအရည်အသွေးစစ်ဆေးရေးဌာနနှင့် စက်ရုံက ထုတ်လုပ်ထားသည့် ဆပ်ပြာများကို ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ အဝတ်လျှော်ဆပ်ပြာများ ထုတ်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကြသည်။ ပဒုမ္မာဆပ်ပြာစက်ရုံကို အမှတ်(၂) စက်မှုဝန်ကြီးဌာန စက်ရုံများက တာဝန်ယူ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် အမှတ်(၁၄) သကြားစက်(ဘီးလင်း)သို့ ရောက်ရှိကြရာ စက်ရုံညွှန်ခန်းမ၌ စက်ရုံမှူး ဦးအောင်သူရက စက်ရုံသမိုင်း အကျဉ်းနှင့် သကြားထုတ်လုပ်မှု အဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ အတွင်းရေးမှူး(၂)က လိုအပ်သည်များမှာကြားပြီး စက်ရုံကို ကြည့်ရှုစစ်ဆေးသည်။

စက္ကူစက်

ထိုမှတစ်ဆင့် အတွင်းရေးမှူး(၂)နှင့် အဖွဲ့ဝင်များသည် ကျိုက်ထိုမြို့နယ်ရှိ မြန်မာ့စက္ကူနှင့် ဓာတုဗေဒလုပ်ငန်း အမှတ်(၁) စစ်တောင်းစက္ကူစက်သို့ ရောက်ရှိကြပြီး ရှေးဦးစွာ စစ်တောင်းမြစ်မှ စက်ရုံသို့ ဝန်ချီစက်များဖြင့် ဝါးများသယ်ယူခြင်း လုပ်ငန်းများကို ကြည့်ရှုကြသည်။

ဆက်လက်၍ ဝါးများ စုဆောင်းထားမှု၊ ဝါးဖြတ်စက်ဖြင့် ဝါးများဖြတ်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ပျော့ဖတ်ကြိတ်စက်၊ ပျော့ဖတ်ဖိစက်လုပ်ငန်းများ၊ စက္ကူချောမွေ့စက်၊ စက္ကူလိပ်စက်၊ စက္ကူဖြတ်စက်၊ မျဉ်းသားစက်လုပ်ငန်းများကိုလည်းကောင်း၊ စက်ရုံက ထုတ်လုပ်ထားသည့် ဗလာစာအုပ်များ၊ လယ်ဂျာစာအုပ်များနှင့် စာရေးစက္ကူများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြသည်။

ကြိုဆို

ဒုတိယ ဗိုလ်ချုပ်ကြီးသူရရွှေမန်း၊ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ည ၇နာရီခွဲတွင် ကျိုက်ထိုမြို့နယ် စစ်တောင်းတံတားသို့ ရောက်ရှိကြရာ ပဲခူးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကိုကို၊ အမှတ်(၇၇) ခြေမြန် တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ် သန်းဋ္ဌေးနှင့်တာဝန်ရှိသူများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာခဲ့ကြသည်။

မွန်ပြည်နယ် ခရီးစဉ်အတွင်း အဖွဲ့ဝင်အဖြစ် လိုက်ပါလာသည့် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးသည် ဇူလိုင် ၇ရက်ညပိုင်းတွင် သထုံမြို့ ခရိုင် ပြည်သူ့ဆေးရုံကို လည်းကောင်း၊ ဇူလိုင် ၉ရက်နံနက်ပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်ပြည်သူ့ဆေးရုံကို လည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့သည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်း ရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်း ဘီးလင်း အမှတ်(၁၄) သကြား စက်ရုံတွင် စက်များ ကြိတ်နိုင်ရေး ပြုလုပ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ဗိုလ်မြတ်ထွန်းတံတား(ညောင်တုန်း) ရေကြောင်း အစုန်လမ်း၊ အဆန်လမ်း ပြောင်းလဲသတ်မှတ်ထား

ရန်ကုန် ဇူလိုင် ၁၁

ဧရာဝတီမြစ်ကူး ဗိုလ်မြတ်ထွန်းတံတား(ညောင်တုန်း) ရေကြောင်းတွင် ရေယာဉ်များ ခုတ်မောင်းရန် ရေလမ်းကြောင်းကိုအဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၁၃)နှင့် (၁၄)အကြားမှလည်းကောင်း၊ အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၁၄)နှင့် (၁၅)အကြားမှလည်းကောင်း ဖွင့်လှစ်ထားရာ ယခုအခါ ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များ ခုတ်မောင်းရန် ရေလမ်းကြောင်းကို အဆန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၂)နှင့် (၁၃)အကြားမှလည်းကောင်း၊ အစုန်လမ်းအဖြစ် ရေလယ်တိုင်အမှတ်(၁၃)နှင့် (၁၄)အကြားမှလည်းကောင်း ၂၀၀၃ခုနှစ် ဇူလိုင် ၁၂ရက်မှစ၍ ပြောင်းလဲသတ်မှတ် ဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲထားသည့်ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၁၁၀မီတာ ရှိ၍ ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်ထက် ၁၇မီတာ ရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့်ဝင်ပေါက်တွင် နေ့မြင် အစိမ်းရောင်တြိဂံ အမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားမည်။ ဝင်ပေါက် ရေလယ်တိုင်များတွင် မြားအမှတ်အသားပြသထားမည်။ မဝင်ရသည့် ရေလမ်းတွင် အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားမည်။

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်၏ တစ်ဖက်တစ်ချက်တွင် ၁၅ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ် တိုင်နှစ်ခုအကြားမှ ဖြတ်သန်းရာတွင် တိုင်ခြေကပ်၍ ခုတ်မောင်းခြင်း မပြုရန်၊ ရေယာဉ်နှစ်စင်း တံတားတိုင်ကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုရန်နှင့် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားသည်။ (သတင်းစဉ်)

✻ မြှောက်တိုင်းလည်း မမြှောက်နဲ့

ရွှေကြိုးဆွဲ ဖွင့်လှစ်ပေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၏ မြန်မာ့ပညာရေးမျှော်မှန်းချက် ကမ္ပည်းမော်ကွန်းနှင့် ပညာရေးဆောင်ပုဒ်ဖွင့်ပွဲ အခမ်းအနား တက်ရောက်ချီးမြှင့်ပြီး ထူးချွန် ကျောင်းသား၊ ကျောင်းသူများ ရွှေကြိုးဆွဲ ဖွင့်လှစ်ပေးစဉ်။

(သတင်းစဉ်)

မာလ်တီမီဒီယာခန်းမများ ထူထောင်နိုင်ခြင်းသည် ကျောင်းသားလူငယ်များအတွက် အခွင့်အလမ်းများဖြစ်

သင်ကြားသင်ယူမှုအခွင့်အလမ်း မဆုံးရှုံးစေရန်အတွက် အမှန်တကယ် အကျိုးရှိရှိအသုံးပြုနိုင်ရန်စီစဉ်

ပညာရေးလုပ်ငန်းသည် ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် သန္နိဋ္ဌာန်စိတ်တို့ အခြေခံသော ရေရှည်ဆောင်ရွက်ရမည့် အမျိုးသားရေးတာဝန်ဖြစ်

ရန်ကုန် ဇူလိုင် ၁၁

ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၏ မြန်မာ့ပညာရေးမျှော်မှန်းချက် ကမ္ပည်းမော်ကွန်းနှင့် ပညာရေးဆောင်ပုဒ်ဖွင့်ပွဲ အခမ်းအနားနှင့် သင်ကြားမှု သင်ယူမှုအထောက်အကူပြု စာသင်ခန်းများ ဖွင့်ပွဲအခမ်းအနားများကို ဇူလိုင် ၅ရက် နံနက် ၇နာရီခွဲက အဆိုပါကျောင်း၌ ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘို တက်ရောက်ချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ချိုထွန်းအောင်နှင့် အဖွဲ့ဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီရုံးမှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ ပြည်နယ် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်း အဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများ၊ ဘင်ခရာ၊ ပန်းဖွား၊ ကိုယ်ကာယအလှ နှင့် ကရင်ဒုံးယိမ်းအဖွဲ့ဝင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ကျောင်းသား၊ ကျောင်းသူများနှင့် ဧည့်သည်တော်များ သည် နိုင်ငံတော်အလံကို အလေးပြုကြပြီး နိုင်ငံတော်သီချင်းကို ပြိုင်တူသီဆို ကြသည်။

ဂုဏ်ပြုသီဆို

ယင်းနောက် **မြန်မာ့ပညာရေးမျှော်မှန်းချက် ကမ္ပည်းမော်ကွန်းနှင့် ပညာရေး ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့** ဟူသော ပညာရေးဆောင်ပုဒ်ကို ထူးချွန် ကျောင်းသား၊ ကျောင်းသူများက ရွှေကြိုးဆွဲ ဖွင့်လှစ်ပေးပြီး မြန်မာ့ကျောင်းသီချင်းကို ဂုဏ်ပြုသီဆိုကြသည်။

ဆက်လက်၍ သင်ကြားမှု သင်ယူမှုအထောက်အကူပြု စာသင်ခန်းများ ဖွင့်ပွဲ အစီအစဉ်ကို ကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးစောထူးစောနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးစောစံဖိုးသင်တို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက ဖွင့်ပွဲဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ကြည့်ရှုအားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် သင်ကြားမှု သင်ယူမှုအထောက်အကူပြု စာသင်ခန်းများအတွင်း လှည့်လည်၍ ကျောင်းသား၊ ကျောင်းသူများ၏ လေ့ကျင့်သင်ကြားမှုကို ကြည့်ရှုစစ်ဆေး အားပေးကြသည်။

ဆက်လက်၍ ဖွင့်ပွဲအခမ်းအနား အစီအစဉ်ကို မြတ်ပညာခန်းမ၌ ကျင်းပရာ ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူများက အနုပညာစွမ်းရည်တို့ဖြင့် ပြသ တင်ဆက်ကြသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ကျောင်းအုပ်ဆရာကြီး ဦးစောထူးစောက သင်ကြားမှု သင်ယူမှု အထောက်အကူပြု စာသင်ခန်းများ အကောင်အထည်ဖော် ဆောင်ရွက်မှုနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးစောစံဖိုးသင်က သင်ကြားမှု သင်ယူမှု စာသင်ခန်းများ ပေါ်ပေါက်လာရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှု အခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက သင်ကြားမှု သင်ယူမှု အထောက်အကူပြုစာအုပ်နှင့် ဗီဒီယိုတိပ်ခွေတို့ကို ကျောင်းအုပ်ဆရာကြီး ဦးစောထူးစောထံ ပေးအပ်သည်။

* ချော့တိုင်းလည်း မပျော့နဲ့

ဆက်လက်၍ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး ချိုထွန်းအောင်က ပညာရေးငွေပဒေသာပင် စိုက်ထူရန် အတွက် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက လှူဒါန်းသည့် ငွေကျပ် သိန်း ၄၀ကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ ဦးစောစံဖိုးသင်ထံ ပေးအပ်သည်။

ပေးအပ်

ထို့နောက် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ – အဖွဲ့ဝင် ဦးစောအေးမောင် က ပညာရေးငွေပဒေသာပင် စိုက်ထူရန်အတွက် ကျောင်းအကျိုးတော်ဆောင် အဖွဲ့က လှူဒါန်းသည့် ငွေကျပ် ၁၆သိန်းကို အမှတ်(၁) အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းကြည်ထံပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကား ပြောကြားရာ တွင် နိုင်ငံတော်အစိုးရအနေဖြင့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက် သည့် နိုင်ငံတော်တည်ဆောက်ရာတွင် အရည်အသွေးမြင့်မားသော လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးမှုတည့်တံ့ခိုင်မြဲ တိုးတက်ရန်လိုအပ်ကြောင်း၊ မြန်မာနိုင်ငံ၏ ပညာရည်အဆင့်အတန်းသည် နိုင်ငံတကာပညာရည်အဆင့် ဖြစ်လာစေရန် ခေတ်နှင့်အညီ ပေါ်ထွန်းလာမည့် နည်းပညာရပ်များကို အချိန်နှင့်တစ်ပြေးညီ အသုံးချနိုင်ပြီး အမြဲရှင်သန်နေသည့် အသိဉာဏ်၊ အမြော်အမြင်တို့ဖြင့်ပြည့်စုံသော ပညာရေးပတ်ဝန်းကျင်ကို ဖန်တီးပေးရန် လိုအပ်လာကြောင်း။

ပညာရေးမြှင့်တင်မှု

ထို့ကြောင့် အမျိုးသားပညာရည်မြင့်မားရေး အနှစ်(၃၀) နှစ်ရှည်စီမံကိန်းကို ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ ၁၉၉၈ခုနှစ်ကစပြီး ပညာရေးမြှင့်တင်မှုအစီအစဉ်များ ချမှတ်ဆောင်ရွက်ခဲ့ရာတွင် အီလက်ထရွန်းနစ် ပညာရေးကို ဦးတည်ပြီး ခေတ်မီဆက်သွယ်ပို့ချမှု နည်းပညာများ၊ ကျွမ်းကျင်မှု ဆိုင်ရာ ပညာရပ်များကို သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရှိရကြောင်း၊ အဆင့်မီ နည်းပညာရပ်များ သင်ကြား သင်ယူနိုင်ရန်အတွက် ပညာရေးမြှင့်တင်မှု အစီအစဉ် ပထမအဆင့်မှာပင် အခြေခံပညာကျောင်းများတွင် သင်ကြားမှု သင်ယူမှု အထောက်အကူပြုခန်းမများ ဖွင့်လှစ်ပြီး သင်ကြားသင်ယူမှု အစီအစဉ် များကို ဆောင်ရွက်ခဲ့ကြကြောင်း။

ကရင်ပြည်နယ်အတွင်းမှာ မာလ်တီမီဒီယာခန်းမများအနေနှင့် 3 Platform ဆိုသည့် အဆင့်ကို အခြေခံပညာအထက်တန်းကျောင်း ၃၀မှာ တပ်ဆင် အသုံးပြုနေပြီး 2 Platform ဆိုသည့် အဆင့်ကို အလယ်တန်းကျောင်း ၄၀နှင့် မူလတန်းကျောင်းအများစုမှာ 1 Platform တပ်ဆင်ကာ သင်ကြားသင်ယူမှု အစီအစဉ်များ ဆောင်ရွက်နေကြောင်း အားရဖွယ်သိရှိရကြောင်း။

၂၁ရာစုကို ပညာခေတ် (သို့မဟုတ်) Knowledge Age ဟု ဖော်ညွှန်း ကြရာတွင် နိုင်ငံတကာအနေဖြင့် ပညာကို ဗဟိုပြုပြီး မိမိနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ကြိုးပမ်းဆောင်ရွက်နေကြကြောင်း၊ ထို့ကြောင့် အခြေခံပညာကျောင်း များတွင် မြန်မာ့ပညာရေး မျှော်မှန်းချက်ဖြစ်သည့် မျက်မှောက်ကာလဖြစ်သော ပညာခေတ်၏ စိန်ခေါ်မှုကို ရင်ဆိုင်နိုင်မည့် စဉ်ဆက်မပြတ် လေ့လာသင်ယူနေ သော လူ့ဘောင်အဖွဲ့အစည်းကို ဖန်တီးပေးနိုင်သည့် ပညာရေးစနစ်တစ်ခု ဖြစ်ထွန်းလာစေရန်ဆိုသည့် ကမ္ပည်းမော်ကွန်းကို ခိုင်ခိုင်မာမာ စိုက်ထူပြီး **ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး တည်ဆောက်အံ့** ဆိုသော ပညာရေးဆောင်ပုဒ်ကို ချမှတ်ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ ယနေ့ဆိုလျှင် ဘားအံမြို့ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းတွင် ပညာရေးမျှော်မှန်းချက် ကမ္ပည်းမော်ကွန်းနှင့် ပညာရေးဆောင်ပုဒ်၊ ဆိုင်းဘုတ်ကို ဖွင့်လှစ်ပြီး မာလ်တီမီဒီယာခန်းမများ ဖွင့်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပနေကြခြင်းဖြစ်ကြောင်း။

အခွင့်အလမ်းများ

အခြေခံပညာကျောင်းများတွင် ဖွင့်လှစ်သင်ကြားနေသည့် မာလ်တီမီဒီယာ ခန်းမများ ထူထောင်ဆောင်ရွက်နိုင်ခြင်းသည် ကျောင်းသားလူငယ်များအတွက် ကျယ်ကျယ်ပြန့်ပြန့် အကျိုးရှိရှိအသုံးချနိုင်သည့် အခွင့်အလမ်းများဖြစ်ကြောင်း၊ သင်ကြားသင်ယူမှု အခွင့်အလမ်းများ မဆုံးရှုံးစေရန်အတွက် မာလ်တီမီဒီယာခန်းမ များကို ဖွင့်လှစ်ပွဲပြီးသည်နှင့် ပိတ်ထား၊ သော့ခတ်ထားခြင်းမျိုး မဖြစ်စေဘဲ အမှန်တကယ် အကျိုးရှိရှိ အသုံးပြုနိုင်အောင် စီစဉ်ဆောင်ရွက်ကြပါဟု မှာကြား လိုကြောင်း။

မာလ်တီမီဒီယာခန်းမများတွင် တပ်ဆင်အသုံးပြုရန်အတွက် ပစ္စည်းကိရိယာ များ ပြည့်စုံစွာရရှိရေး၊ အဆောက်အအုံ ဥပမိရုပ်ကောင်းမွန်ရေး၊ ပရိဘောဂ ပြည့်စုံရေးတို့အတွက် ပညာရေးဌာနကသာမက ဒေသဆိုင်ရာ အာဏာပိုင် အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ စေတနာရှင် ကျောင်းသားမိဘများနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့များက လူအား၊ ငွေအား၊ စည်းရုံးရေးစွမ်းအား တို့နှင့် တက်တက်ကြွကြွ ပါဝင်ကူညီ လှူဒါန်းကြသဖြင့် ကျေးဇူးဥပကာရတင်ရှိပြီး ကြည်နူးဝမ်းမြောက်စွာ မှတ်တမ်းတင်ပါကြောင်း ပြောကြားလိုကြောင်း။

အမျိုးသားရေး

ပညာရေးလုပ်ငန်းဆိုသည်မှာ ပွဲပြီးမီးသေ ရေတိုလုပ်ငန်းမဟုတ်ဘဲ ဇွဲ၊ လုံ့လ၊ ဝီရိယနှင့် မြဲမြံသည့် သန္နိဋ္ဌာန်စိတ်ဓာတ်တို့ကို အခြေခံသော ရေရှည် ဆောင်ရွက်ရမည့် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်ကြောင်း၊ နေ့စဉ်၊ လစဉ်၊ နှစ်စဉ် အခါမလပ် ဆောင်ရွက်နိုင်မှသာ ထိရောက်အောင်မြင်မှာဖြစ်သည့်အတွက် ဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေး အဖွဲ့အစည်းများ၊ မိဘပြည်သူများနှင့် ဆရာ၊ ဆရာမများအားလုံးက အစဉ်လက်တွဲ ပူးပေါင်းဆောင်ရွက်သွားကြပါဟု မှာကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပညာရေးမိသားစုတစ်ခုလုံး၏ ယုံကြည်ချက်များ၊ ကြိုးပမ်းချက်များဖြင့် စိုက်ထူအပ်သည့် မြန်မာ့ပညာရေးမျှော်မှန်းချက် ကမ္ပည်း မော်ကွန်းသည် ပညာရေးလောကသားများသာမက မိဘပြည်သူများ၏ အသည်း နှလုံးထဲမှာ စွဲစွဲမြဲမြဲခံယူပြီး ပညာရေးဆောင်ပုဒ်ဖြစ်သည့် ပညာရေးဖြင့် ခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးတည်ဆောက်နိုင်အောင် နိုင်ငံတော်အတွက် အရည်အချင်းမြင့်မားသော လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးမှုများ တည်တံ့ခိုင်မြဲ တိုးတက်စေရေးအတွက် မာလ်တီမီဒီယာခန်းမများကို အကျိုးရှိရှိ အသုံးပြုပြီး သင်ကြားသင်ယူမှုလုပ်ငန်းများကို ဆောင်ရွက်သွားကြပါဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်အပ်ပါကြောင်းဖြင့် ပြောကြားသွားသည်။

မှတ်တမ်းတင်

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် ဆရာ၊ ဆရာမများ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ ကျောင်းသား၊ ကျောင်းသူများနှင့်အတူ မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ယင်းမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့်အဖွဲ့ဝင်များသည် ဘားအံမြို့ ဘားအံ ဒီဂရီကောလိပ်ဝင်းအတွင်း နံနက် ၉နာရီတွင် ကျင်းပသည့် ဘားအံ တက္ကသိုလ် ပင်မအဆောက်အအုံတည်ဆောက်ရေး အုတ်မြစ်စီမင်္ဂလာ အခမ်းအနား သို့ တက်ရောက်ချီးမြှင့်သည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုနှင့်အဖွဲ့ဝင်များအား ရှင်းလင်းခန်းမ၌ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစောလွင်က ဘားအံတက္ကသိုလ် တည်ဆောက်ရေးဆိုင်ရာများ၊ သင်ကြားစီမံဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ●

နိုင်ငံတော်တစ်ဝန်း ငွားငွားစွင့်စွင့် ပေါ်ထွန်းလာသော တည်ဆောက်ရေးလုပ်ငန်းများ မြင်ကွင်း

ဒုတိယမြို့တော်၏ ဘူတာရုံကြီး

နိုင်ငံတော်၏ ဒုတိယမြို့တော် အင်္ဂါရပ်နှင့်အညီ မြန်မာ့မီးရထား၏ မန္တလေးဘူတာကြီးကို ခံ့ညားထည်ဝါစွာ ပြုပြင်တည်ဆောက် ဖွင့်လှစ်နိုင်ခဲ့သည်။ မန္တလေးဘူတာကြီးမှ တစ်ဆင့် ပြည်ထောင်စုတစ်ဝန်းသို့ တိုင်းရင်းသားပြည်သူများ ရထားလမ်းခရီးဖြင့် လုံခြုံအေးချမ်းစွာ ခရီးဆန့်နိုင်ကြပေပြီ။ (ဓာတ်ပုံမှတ်တမ်း–သတင်းစဉ်)

ဒုတိယမြို့တော်၏ မြနန်းစံကျော်ရွှေနန်းတော်

နိုင်ငံတော်၏ ဒုတိယမြို့တော် မန္တလေးမြို့ကြီးတွင် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များကို ယဉ်ကျေးမှု ဝန်ကြီးဌာနက စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ထားလျက်ရှိသည်။ အပေါ်ပုံတွင် မြနန်းစံကျော် ရွှေနန်းတော်ရှိ အဆောက်အအုံများ တစ်စိတ်တစ်ဒေသကို တွေ့မြင်နိုင်သည်။ (ဓာတ်ပုံမှတ်တမ်း–သတင်းစဉ်)



ကလေးနှင့် ဂန့်ဂေါ–ရေမျက်နှီ ရထား

ကလေးနှင့် ဂန့်ဂေါ–ရေမျက်နှီ အကြား တိုင်းရင်းသား ပြည်သူတို့အတွက် အချိန်မှန်ပြေးဆွဲပေးနေသော မြန်မာ့မီးရထား၏ ရထားတစ်စီး ဂန့်ဂေါ ဘူတာသို့ဆိုက်ရောက်လာသည်ကို ဇွန် ၁၈ရက်က ဤသို့တွေ့ခဲ့ရသည်။(ဓာတ်ပုံမှတ်တမ်း–ခရမ်းစိုးမြင့်)

ရေအားလျှပ်စစ် ထုတ်လုပ်မည့် မုန်းချောင်းရေလှောင်တမံ

ဆည်မြောင်းဦးစီးဌာန မုန်းချောင်းရေလှောင်တမံဘက်စုံစီမံကိန်းအရ ရေအားလျှပ်စစ်ထုတ်လုပ်ပေးမည့် လိုဏ်ခေါင်းကြီးတွင် သံမဏိတံခါးကြီးများကာရံပြီး ရေသွင်းနိုင်သော အဆင့်အထိ ဆောင်ရွက်ပြီးစီးလျက်ရှိသည်ကို မုန်းချောင်းရေသွင်းထားသည့်ရေပြင်ဘက်မှ ဤသို့တွေ့ရသည်။ (ဓာတ်ပုံမှတ်တမ်း–သွင်အေး၊ကြေးမုံ)

❀ စာမျက်နှာ ၇ မှ

ထို့နောက် အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ၊ သံတမန်များနှင့်ဧည့်သည်တော်များသည် အပြည်ပြည်ဆိုင်ရာစီးပွားရေးလုပ်ငန်း ဗဟိုဌာန အဆောက်အအုံ ဧည့်ကြိုခန်းမ၌ ခင်းကျင်းပြသထားသော ၂၀၀၃ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ်ပြခန်းကို ကြည့်ရှုကြသည်။

ဒုတိယပိုင်းအစီအစဉ်များကို ဆက်လက်ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စိန်ထွေးက ၂၀၀၃ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အထိမ်းအမှတ် ပိုစတာပြိုင်ပွဲ စတုတ္ထအဆင့် အသက်(၁၆)နှစ်မှ(၁၈)နှစ်ဆုရရှိသူများအနက် ပထမဆုရ ဒဂုံတက္ကသိုလ်ဒုတိယနှစ်(စီးပွားရေး)မှ မောင်စည်သူအောင်၊ဒုတိယဆုရ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ပထမနှစ်(စီးပွားရေး)မှ မအေးစိုးစံနှင့် တတိယဆုရ နိုင်ငံခြားဘာသာတက္ကသိုလ်ဂျာမန်(စီးပွားရေး)မှ မပိုပိုကြည်တို့အားလည်းကောင်း၊ တတိယအဆင့် အသက်(၁၃)နှစ်မှ(၁၅)နှစ်ဆုရရှိသူများအနက် ပထမဆုရ အလုံမြို့နယ် အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း အဋ္ဌမတန်းမှ မောင်ဇင်ကိုကို၊ ဒုတိယဆုရ ဒဂုံမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဒသမတန်းမှ မောင်ရဲထွဋ်အောင်နှင့် တတိယဆုရ ကမာရွတ်မြို့နယ် ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း အဋ္ဌမတန်းမှ မခင်ချမ်းမြေ့သူတို့အား လည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယဝန်ကြီးဦးမောင်အောင်က ၂၀၀၃ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် ပိုစတာပြိုင်ပွဲ ဒုတိယအဆင့် အသက်(၉)နှစ်မှ(၁၂)နှစ်ဆုရရှိသူများအနက် ဒဂုံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ပဥ္စမတန်းမှ မဆုမြတ်နိုးနွယ်၊ ရန်ကင်းမြို့နယ် ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးကျောင်း ဆဋ္ဌမတန်းမှ မပွင့်သရဖီအောင်နှင့် ဒဂုံမြို့နယ်အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း ဆဋ္ဌမတန်းမှ မောင်သီဟတင်တို့အားလည်းကောင်း၊ ပထမအဆင့် အသက် ခြောက်နှစ်မှ ရှစ်နှစ် ဆုရရှိသူများအနက်မှ ပထမဆုရ ကြည့်မြင်တိုင်မြို့နယ် အမှတ်(၁၀)အခြေခံပညာမူလတန်းကျောင်း ဒုတိယတန်းမှ မောင်ဟိန်းဝဏ္ဏ၊ ဒုတိယဆုရ ဒဂုံမြို့နယ်အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတတိယတန်းမှမောင်ထက်နိုင်လင်းနှင့် တတိယဆုရ တာမွေမြို့နယ် အမှတ်(၁၈)အခြေခံပညာမူလတန်းကျောင်း တတိယတန်းမှ မောင်ကောင်းထက်ကျော်တို့အားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါက်တာဒေါ်ခင်ဝင်းရွှေက ၂၀၀၃ခုနှစ်ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ (အထက်တန်း)ဆုရရှိသူများအနက်မှ ပထမဆုရ ပဲခူးတိုင်း ညောင်လေးပင်မြို့ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း အဋ္ဌမတန်း(က)မှ မောင်ပြည့်မောင်လတ်၊ ဒုတိယဆုရ ဧရာဝတီတိုင်း ဟင်္သာတမြို့ အမှတ်(၅)အခြေခံပညာအလယ်တန်းကျောင်း အဋ္ဌမတန်းမှ မအေးမြတ်သူနှင့် တတိယဆုရ မွန်ပြည်နယ် သထုံမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း နဝမတန်းမှ မမြင့်မြတ်သူတို့အားလည်းကောင်း၊ စာစီစာကုံးပြိုင်ပွဲ(အလယ်တန်း)ဆုရရှိသူများအနက် ပထမဆုရ ရခိုင်ပြည်နယ် စစ်တွေမြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း သတ္တမတန်းမှမနုထက်ထက်လွင်၊ ဒုတိယဆုရ ဧရာဝတီတိုင်း ပုသိမ်မြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း သတ္တမတန်းမှ မဖြူဇာနွယ်နှင့် တတိယဆုရ ရန်ကုန်တိုင်း တောင်ဥက္ကလာပမြို့နယ် အမှတ်(၁)အခြေခံ ပညာအလယ်တန်းကျောင်း သတ္တမတန်း(က)မှ မရွှေစင်တို့အားလည်းကောင်း ဆုများပေးအပ် ချီးမြှင့်သည်။

ထို့နောက် ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့(UNFPA)ဌာနေကိုယ်စားလှယ် Mr.Najib M Assifi က ၂၀၀၃ခုနှစ် ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် လူငယ်လူရွယ် မျိုးပွားမှုကျန်းမာရေးဆိုင်ရာ ပြဇာတ်တိုပြိုင်ပွဲဆုရသူများအနက် ပထမဆုရ မန္တလေးတိုင်း ကိုယ်စားပြု လူငယ်အဖွဲ့၊ ဒုတိယဆုရ ရန်ကုန်တိုင်း ကိုယ်စားပြု လူငယ်အဖွဲ့နှင့် တတိယဆုရ မြန်မာနိုင်ငံကြက်ခြေနီအသင်းကိုယ်စားပြု လူငယ်အဖွဲ့တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းကိုယ်စားပြု လူငယ်အဖွဲ့က ကမ္ဘာ့လူဦးရေနေ့အထိမ်းအမှတ် မျိုးပွားမှုကျန်းမာရေးဆိုင်ရာ သီချင်းဖြစ်သည့် "အလင်းတန်းဝေဖြာစေရာ အနာဂတ်မျိုးဆက်သစ်တို့ ကမ္ဘာ" သီချင်းကို စုပေါင်းသီဆို ဖျော်ဖြေကြပြီး ၂၀၀၃ခုနှစ် ကမ္ဘာ့လူဦးရေနေ့ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

⇨ စာမျက်နှာ ၁၃မှ

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုက အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရသည် နယ်စပ်ဒေသအပါအဝင် ပြည်ထောင်စုကြီးတစ်ခုလုံး လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးစသည့် အခြေခံအဆောက်အအုံများကို တိုးချဲ့တည်ဆောက်ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ထို့အတူ ဒေသ၏ စီးပွားရေးတိုးတက်မြင့်မားလာမှုနှင့်အတူ ဒေသဖွံ့ဖြိုးတိုးတက်လာမှုအရှိန်အဟုန်ကောင်းများကို ဆက်လက်ထိန်းသိမ်းမြှင့်တင် ပေးနိုင်ရန်နှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအတွက် ဒေသခံတိုင်းရင်းသားလူငယ်များ အဆင့်မြင့်ပညာနှင့် ကျွမ်းကျင်မှုဆိုင်ရာ ပညာရပ်များ သင်ကြားနိုင်ရန် စီစဉ်ထားရှိ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဒေသတွင်း တည်ရှိပြီးဖြစ်သော ကောလိပ်များအပြင် အဆင့်မြင့်ပညာ ပိုမိုသင်ကြားသင်ယူနိုင်ရန်အတွက် ကရင်ပြည်နယ်အတွက် ဘားအံဒီဂရီကောလိပ်ကို တက္ကသိုလ်အဖြစ် အဆင့်မြှင့်ပေးပြီးဖြစ်ကြောင်း။

ယင်းသို့ နိုင်ငံနှင့်အဝန်း တစ်ပြေးညီ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ဘက်စုံထောင့်စုံမှ အဆက်အစပ်ရှိရှိ ဖောက်ချလုပ်ကိုင်နိုင်ခြင်းမှာ နိုင်ငံတော်၏ တည်ငြိမ်အေးချမ်းမှုမှာ ယခင်ကထက် ပိုမိုထူးခြား တိုးတက်လာနေခြင်းကြောင့်ပင်ဖြစ်ကြောင်း။

ကာကွယ်ထိန်းသိမ်း

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အဓိကဖြစ်သည့် နိုင်ငံတော်ကြီးထာဝရငြိမ်းချမ်းသာယာမှုရှိရေးအတွက် ဒေသခံပြည်သူများ၊ ဌာနဆိုင်ရာဝန်ထမ်းများက နိုင်ငံတော်နှင့် အတူ အစဉ်လက်တွဲကာ အမျိုးသားရေးသတိဖြင့် ဝိုင်းဝန်းကာကွယ်ထိန်းသိမ်းသွားကြရမည်ဖြစ်ကြောင်း။

ပြည်သူများက နိုင်ငံတော်အတွင်း ရရှိပြီးဖြစ်သည့် ဖွံ့ဖြိုးတိုးတက်မှုအခြေခံကောင်းများကို ဆက်လက်ထိန်းသိမ်းမြှင့်တင်ရေး၊ နိုင်ငံတော်ကြီးအေးချမ်းသာယာ ဖွံ့ဖြိုးရေးအတွက် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ တစည်းတလုံးတည်း တက်ညီလက်ညီ ပူးပေါင်းပါဝင် ဆောင်ရွက်ပေးကြရန်ဖြစ်ကြောင်း။

ဌာနဆိုင်ရာများအနေဖြင့် ဒေသခံပြည်သူများ၏ အကျိုးစီးပွားဖြစ်ထွန်းရေးကို ဆောင်ရွက်ပေးခြင်း၊ တိမ်မြုပ်နေသောစီးပွားရေးလုပ်ကွက်များ ဖော်ထုတ်ပြီး ပြည်သူများအား လုပ်ကိုင်ခွင့်ရရှိအောင် စီမံဖန်တီးပေးခြင်းနှင့် တရားဥပဒေနှင့်အညီ မှန်ကန်သည့် ဦးဆောင်စည်းရုံးမှုများဖြင့် ပြည်သူများအား စည်းရုံးသွားကြရန် လိုအပ်ကြောင်းစသည်ဖြင့် အကျယ်တဝင့်မှာကြားပြီး အခမ်းအနားကိုရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီး မောင်ဘိုသည် အခမ်းအနားသို့ တက်ရောက်လာကြသည့် ဒေသခံပြည်သူများ၊ လူမှုရေးအသင်းအဖွဲ့တို့မှ တာဝန်ရှိသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုနှင့် အဖွဲ့ဝင်များသည် ကော့ကရိတ်မြို့တပ်နယ် ခန်းမသို့ ရောက်ရှိ ညအိပ်ရပ်နားသည်။ (သတင်းစဉ်)

ဝါဆိုသင်္ကန်း ကပ်လှူပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၁

အင်းစိန်မြို့နယ် အရှေ့ကြို့ကုန်း ရပ်ကွက်ရှိ ဖြူးကုန်းတောရ စာသင်တိုက်၏ ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တအာစိဏ္ဏ ဆရာတော်ကြီး ကြီးမှူးလျက် ဝါဆိုသင်္ကန်းကပ်လှူပူဇော်ပွဲကို ဇူလိုင် ၁၃ရက်တွင် ယင်းကျောင်းတိုက်ကြီး၌ နံနက် ၉နာရီ၌ စတင်ကျင်းပမည်ဖြစ်သည်။

(က-ပ)

အစိုးရဌာနပိုင်မော်တော်ယာဉ်များ မသုံးစွဲရနေ့

လစဉ်လ၏ ဒုတိယပတ်(တနင်္ဂနွေနေ့)နှင့် နောက်ဆုံးပတ် (တနင်္ဂနွေနေ့) တို့သည် ရုံးလုပ်ငန်းအတွက် မဖြစ်မနေ သွားလာရန် လိုအပ်သည့် ကိစ္စရပ်မှအပ မော်တော်ယာဉ်များ မသုံးစွဲရနေ့ဖြစ်သည်။

၂၀၀၃ ခုနှစ်၊ ဇူလိုင်လအတွက် (၁၃-၇-၂၀၀၃) ရက်နေ့

နှင့်

(၂၇-၇-၂၀၀၃) ရက်နေ့

သဒ္ဓမ္မဇောတိကာရုံစာသင်တိုက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းမည်

ရန်ကုန် ဇူလိုင် ၁၁

ဘဒ္ဒန္တ ဉာဏဝံသ သာသနာ့ဓဇ သိရီပဝရ ဓမ္မာစရိယ အဂ္ဂမဟာပဏ္ဍိတ နိုင်ငံတော် ဩဝါဒါစရိယအမှူးထားလျက် စာချစာသင်အရှင်မြတ်တို့အား နှစ်စဉ် လှူဒါန်းပူဇော်သကဲ့သို့ ဝါဆိုသင်္ကန်းများ လှူဒါန်းပူဇော်ကြရန် ဂေါပကအဖွဲ့က နိုးဆော်ထားသည်။ (က-ပ)

ရွာပြန်အတွေး

* မရောက်တာကြာ၊ ဇာတိရွာကို
ရောက်လာတော့လည်း၊ ဖက်လဲတကင်း
သူငယ်ချင်းတွေ၊ ဆီးကြိုနေကြ
ဟော့ ဖိုးဝကြီး၊ ဟော့ကောင်ကြီးဟု
ခရီးဦးကြို၊ ခွန်းချိုခေါ်သံ
နားပြည့်လျှံမျှ၊ ကြားလိုက်ရချိန်
နှလုံးအိမ်၌၊
ဟိုတစ်ချိန်က၊ ငယ်ဘဝကို
ပြန်ရသည်သို့ ခံစားမိ။
* သူတို့ကိုကြည့်၊ ပြုံးစိစိနှင့်
ပျော်သည့်ဟန်ပန်၊ ငယ်မူပြန်ပြီး
ဟကောင်ကြီးရ၊ ငဖိုးဝရ
ဟိုတုန်းကဆို၊ မင်းကိုခေါ်ပြီး
မင့်ဦးကြီးက၊ မြို့ကြီးပေါ်မှာ
ပညာသင်ပေး၊ ကျောင်းထားပေးတော့
ငေးလို့ကျန်ရစ်၊ ငါတို့ဖြစ်အင်
မင်းမြင်ခဲ့တာ၊ သတိရမှာပေါ့
ခုတော့မောင်ရေ၊ အခြေနေက
ငေးနေရမှာ၊ မင်းသာမင်းပဲ
သဲကွဲသိအောင်၊ မင်းနားထောင်. . . တဲ့။
* ခုနေချိန်ခါ၊ ငါတို့ရွာမှာ
ကျောင်းမှာအထက်တန်း၊ ဆေးပေးခန်းနဲ့
ရွာလမ်းသာယာ၊ ကောင်းလိုက်တာလေ
သောက်သုံးရေလည်း၊ အမြဲသန့်ရှင်း
အဝီစိတွင်းနဲ့၊ စိုက်ခင်းတွေလည်း
တကတည်းကွာ၊ ထွက်လိုက်တာများ
စီးပွားခြေနေ၊ အိမ်တွေကိုကြည့်
ချင့်ချိန်ကြည့်ပါ၊ ဖိုးဝရာ. . . တဲ့။
* တောသားမြို့ရောက်၊ တစ်ခေါက်တစ်ခါ
ရွာပြန်လာခိုက်၊ စိတ်ကြိုက်ဝါကြွား
လေလုံးထွားတာ၊ ဖြစ်မှာပါပဲ
စိတ်မှာစွဲပြီး၊ ရွာထဲလျှောက်ကာ
ကြည့်လိုက်ကာမှ၊ အားရအံ့ဩ
သူတို့ပြောသမျှ၊ တွေ့မြင်ရ၍
ငေးရ တွေးရ
ဝမ်းသာရတာအမှန်ပါ။
* အင်း. . . မြို့မှာမွေးဖွား
တောသားကိုယူ၊ အိမ်သူသက်လျာ
မရွှေစွာအား၊ ကိုယ့်ရွာအကြောင်း
သတင်းကောင်းကို
ပြန်ပြောင်းကြွားရဦးမှာပါကလား။ ။

ဖိုးဝ

၂၀၀၃ခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်း ထုတ်ပြန်ကြေညာ

ရန်ကုန် ဇူလိုင် ၁၂

၂၀၀၃ခုနှစ် မတ်လအတွင်းက ကျင်းပစစ်ဆေးခဲ့သော တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းများကို ယနေ့နံနက် ၆နာရီတွင် ထုတ်ပြန်ကြေညာလိုက်သည်။

အဆိုပါအောင်စာရင်းများကို သက်ဆိုင်ရာ ပြည်နယ်၊တိုင်းနှင့် မြို့နယ်အသီးသီးရှိသက်ဆိုင်ရာစာစစ်ဌာနကျောင်းများတွင် တစ်ချိန်တည်း ကြေညာကပ်ထားမည်ဖြစ်သည်။

ထို့အပြင်အင်းစိန်မြို့နယ်အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ရန်ကင်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ကမာရွတ်မြို့နယ် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၊လမ်းမတော်မြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၊ ဒဂုံမြို့နယ်အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းနှင့် သဃ်္ဃန်းကျွန်းမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတို့တွင်လည်းရန်ကုန်တိုင်းမှအပအခြားပြည်နယ်နှင့် တိုင်းများ၏အောင်စာရင်းများကို ကပ်ထားပေးမည်ဖြစ်သည်။

(သတင်းစဉ်)

လမ်းပန်းဆက်သွယ်ရေးခက်ခဲသောပြည်နယ်/ တိုင်းများမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများအသံလွှင့်ကြေညာပေးမည်

ရန်ကုန် ဇူလိုင် ၁၁

၂၀၀၃ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်စာရင်းများအနက်မှ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ပြည်နယ်နှင့်တိုင်းများရှိ စာစစ်ဌာနများမှ အောင်စာရင်းများကို မြန်မာ့အသံရေဒီယို အစီအစဉ်မှ ဇူလိုင်၁၂ရက်(စနေနေ့) မွန်းလွဲ၁နာရီခွဲတွင် ၃၀ဒသမ၈၅မီတာမှ အသံလွှင့်ကြေညာပေးမည်ဖြစ်သည်။

ထိုသို့ ကြေညာရာတွင် ကချင်ပြည်နယ်မှ တနိုင်း၊ မချမ်းဘော၊ ပူတာအို၊နောင်မွန်း၊ ဖားကန့်နှင့် ဆွမ်ပရာဘွမ်မြို့နယ်၊ ကရင်ပြည်နယ်မှ ဖာပွန်၊ကြာအင်းဆိပ်ကြီးနှင့် ကမမောင်း၊ချင်းပြည်နယ်မှ ကန်ပက်လက်၊ မတူပီ၊ မင်းတပ်နှင့် ပလက်ဝ၊ရခိုင်ပြည်နယ်မှ ဂွ၊ ကျိန္တလီ၊ အမ်း၊ မာန်အောင်နှင့် ဇရပ်ကုန်းခင်၊ ရှမ်းပြည်နယ်မှ မိုးမိတ်၊ နမ့်ဆန်(မြောက်)၊ မိုင်းဆတ်၊ မိုင်းကိုင်၊ကွမ်းလုံ၊ မိုင်းတုံ၊ မိုင်းပျဉ်း၊ မောက်မယ်၊ မိုင်းယောင်း၊ ကျေးသီးမံစံ၊ ကွန်ဟိန်း၊ ဟိုပန်၊ မိုင်းခတ်၊ မိုင်းပန်၊ မိုင်းဖြတ်၊ မဘိမ်း၊ မိုင်းရှူးနှင့် မန်တုံ၊တနင်္သာရီတိုင်းမှ ပုလော၊ ဘုတ်ပြင်းနှင့်ပလ၊ မကွေးတိုင်းမှ ပေါက်၊ ထီးလင်း၊ ဆော၊ လောင်းရှည်၊ ကျောက်ထု၊ စေတုတ္တရာနှင့်ငဖဲ၊ စစ်ကိုင်းတိုင်းမှ နန်းယွန်းနှင့် ရန်ကုန်တိုင်းမှ ကိုကိုးကျွန်းစသည့် စာစစ်ဌာနများကို ကြေညာပေးမည်ဖြစ်သည်။

(သတင်းစဉ်)

ရွှေလမင်း

ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၁

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့မှ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဝါတွင်းသုံးလ ပတ်လုံး ရွှေတိဂုံစေတီတော် ဂေါပက အဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီး များက အနယ်နယ်အရပ်ရပ်မှ ဘုရားဖူး လာကြသော ဗုဒ္ဓဘာသာဝင် သူတော်စင် များအား ဥပုသ်သီတင်းသီလ ဆောက် တည်နိုင်ရေးနှင့် နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ချီးမြှင့်ပွဲကို နှစ်စဉ် ကျင်းပခဲ့သည်။

တရားနာနိုင်

ယခု ၁၃၆၅ ခုနှစ်တွင် ဩဝါဒါစရိယ ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်း ကပ်လှူပွဲ၊ သီလခံယူပွဲနှင့် နိဗ္ဗာန်ရောက် ကြောင်းတရားတော်များ ဟောပြောပွဲ များကိုလည်း ရွှေတိဂုံစေတီရင်ပြင် တောင်ဘက်မုခ်ရှိ ရှေးဟောင်း ဗုဒ္ဓ ရုပ်ပွားတော်များ တန်ဆောင်းတွင် ဝါဆိုလပြည့်နေ့ (ဇူလိုင် ၁၃ ရက်) မှ သီတင်းကျွတ်လပြည့်နေ့(အောက်တိုဘာ ၁၀ရက်)အထိ အပတ်စဉ် ဥပုသ်နေ့ တိုင်း နံနက် ၉ နာရီတွင် ကျင်းပသွား မည်ဖြစ်ကြောင်းနှင့် မည်သူမဆို လာ ရောက် တရားတော်များ နာယူနိုင် ကြောင်း သိရသည်။ (က-ပ)

သဃ်န်းကျွန်း ရန်မျိုးအောင် စေတီတော် ပန်းပေါင်း ၈၄၀၀၀ ပူဇော်ပွဲ

ရန်ကုန် ဇူလိုင် ၁၁

သဃ်န်းကျွန်းမြို့နယ် ဆုတောင်းပြည့် ရန်မျိုးအောင် စေတီတော်မြတ်ကြီးအား ဆရာတော် ဦးဣန္ဒေဝဘာသ (ပြည်)နှင့် တပည့် ခုနစ်ရက်သားသမီးများ၊ စေတီတော် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းလင်း(ရော)နှင့် ဂေါပကအဖွဲ့ ဝင်များ၊ အလှူရှင်များ စုပေါင်း၍ ပထမအကြိမ် ပန်းပေါင်း ၈၄၀၀၀ ကပ်လှူပူဇော်ပွဲကို ဇူလိုင် ၁၃ရက်(ဝါဆိုလပြည့်နေ့) နံနက်ပိုင်းတွင် စေတီတော်ရင်ပြင်ပေါ်၌ စည်ကားသိုက်မြိုက် စွာ ဆင်ယင်ကျင်းပမည်ဖြစ်သည်။

ယင်းနေ့ ညနေ ၃ နာရီတွင် မြို့နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌဆရာတော် ဘဒ္ဒန္တ ဝိမလ အရှင်သူမြတ်က ပန်းပေါင်း ၈၄၀၀၀ လှူဒါန်းပူဇော်ရခြင်း အကျိုးတရားတော်များ ချီးမြှင့် မည်ဟု သိရသည်။ (၅၀၆)

ဇမ္ဗူရတနာကျောင်း ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၁၁

ရန်ကုန်တိုင်း အလုံမြို့နယ် ဇမ္ဗူ ရတနာကျောင်းတိုက်တွင် ဝါကပ်တော် မူကြမည့် သံဃာတော် အရှင်သူမြတ် တို့အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း ပွဲကို ဇူလိုင် ၁၃ ရက် ညနေတွင် အဆိုပါ ကျောင်းတိုက်ရှိ ဇမ္ဗူမင်္ဂလာ ဓမ္မာရုံကြီး၌ ကျင်းပမည်ဖြစ်ရာ အလှူရှင် များ ကြွရောက်ကြရန် သာသနာ့ ဝေယျာဝစ္စအဖွဲ့က နိုးဆော်ထားကြောင်း သိရသည်။ (က-ပ)

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်းကပ်မည်

ရန်ကုန် ဇူလိုင် ၁၁

ဘိုကလေးမြို့နယ်အသင်း(ရန်ကုန်) အသင်းသူ၊ အသင်းသားများ စုပေါင်းပြီး (၉)ကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲကို ဇူလိုင် ၂၇ ရက် နံနက် ၉နာရီမှ စတင်၍ ဗဟန်းရွှေဂုံတိုင် ခြောက်ထပ်ကြီးဘုရားဝင်း မျက်နှာစာရှိ ဘိုကလေး မြို့နယ်အသင်း သိမ်ကျောင်း ဓမ္မာရုံတွင် ကျင်းပမည်ဖြစ်၍ အသင်းသူ၊ အသင်း သားများနှင့် မြို့နယ်သူ၊ မြို့သားများ ကြွရောက်ကြရန် ဖိတ်ကြားထားသည်။

လှူဒါန်းနိုင်

ပင့်သံဃာ ၁၀ ပါးအတွက် လှူဖွယ်ပစ္စည်းများနှင့် အလှူငွေများကို အသင်း ဥက္ကဋ္ဌ ဦးထွန်းလှ ဖုန်း-၂၂၁၄၃၉၊ ဒုတိယဥက္ကဋ္ဌ ဦးတင့်ဇော် ဖုန်း-၂၉၁၃၃၈နှင့် အသင်းတိုက် ဖုန်း-၂၁၂၅၀၈ တို့သို့ ဆက်သွယ်လှူဒါန်းကြရန် နိုးဆော်ထားသည်။ (က-ပ)

မဟာစည် ဝါတွင်းသုံးလ တရားစခန်းဖွင့်မည်

ရန်ကုန် ဇူလိုင် ၁၁

ပဲခူးတိုင်း ကဝမြို့နယ် သက္ကလ စံပြကျေးရွာ ဥတ္တရာရုံ မဟာစည် သာသနာ့ရိပ်သာကြီး၌ ဝါဆိုလပြည့် နေ့မှ သီတင်းကျွတ်လပြည့်နေ့အထိ နှစ်စဉ် ကျင်းပမြဲဖြစ်သော တရားစခန်း ပွဲကို ပဓာနနာယက ဆရာတော် နယ်လှည့်ဓမ္မကထိက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တစန္ဒိမာ(သာသနဓဇ ဓမ္မာစရိယ မဟာဓမ္မာစရိယ) အရှင်သူမြတ်က ဟောကြားပြသမည်ဖြစ်ရာ တရားစခန်း ဝင်လိုသော ယောဂီများ ကြိုတင်စာရင်း ပေးသွင်းနိုင်ကြောင်း သိရသည်။ (က-ပ)

ညောင်ကန်အေးဆရာတော် သာသနာပြုခရီးမှ ပြန်ကြွလာ

ရန်ကုန် ဇူလိုင် ၁၁

မဟာစည်ဩဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာ ပဓာနနာယက မဟာဓမ္မကထိက ဗဟုဇနဟိတဓရ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဆရာတော် ဘဒ္ဒန္တ ဣန္ဒကသည် ဧပြီ ၁၄ ရက်တွင် ဂျပန်နိုင်ငံသို့ သာသနာပြုခရီးကြွရောက် ရာမှ ဇူလိုင်၈ရက် ည၇နာရီက ပြန်လည်ကြွရောက်တော်မူလာရာ ညောင်ကန်အေး ရိပ်သာ ဝေယျာဝစ္စအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းကြည်နှင့် အမှုဆောင်အဖွဲ့ဝင်များက ကြိုဆိုပူဇော်ခဲ့ကြကြောင်း သိရသည်။ (က-ပ)

သဒ္ဓမ္မဇမ္ဗူဟာဓမ္မာရုံ ဝါဆိုသင်္ကန်းဆက်ကပ်မည်

ရန်ကုန် ဇူလိုင် ၁၁

မင်္ဂလာတောင်ညွန့်မြို့နယ် စံပြ ပုသိမ်ညွှန့် ရပ်ကွက်လုံးဆိုင်ရာ သဒ္ဓမ္မ ဇမ္ဗူဟာဓမ္မာရုံ၌ ဝါတွင်းဝါပ ဥပုသ် နေ့တိုင်း နံနက် ၉ နာရီခွဲတွင် သီတင်း သီလ ဆောက်တည်ပွဲပြုလုပ်လျက်ရှိပြီး ဇူလိုင် ၁၃ ရက်၊ ဝါဆိုလပြည့် (ဓမ္မစကြာ အခါတော်နေ့) မွန်းတည့် ၁၂ နာရီတွင် ဝါကပ်တော်မူကြမည့် သံဃာတော် အရှင်သူမြတ် ၂၅ ပါးတို့အား (၁၅) ကြိမ်မြောက် စုပေါင်း ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းမည်ဖြစ်သည်။

ဟောကြားမည်

ဝါတွင်း လပြည့်နေ့တိုင်း ဓမ္မပူဇာ (နေ့တရားပွဲ)ကို မွန်းလွဲ ၁ နာရီတွင် နယ်လှည့်ဓမ္မကထိကအကျော် အရှင် စန္ဒသာရ (ဓမ္မဇမ္ဗူဟာ) ဒက္ခိဏာရာမ ရွှေကျင်စာသင်တိုက် ကျောင်းကုန်းမြို့မှ မြတ်ဗုဒ္ဓ၏တရားတော်များကိုဟောကြား ပြသမည်ဟု သိရသည်။ (က-ပ)

ဝိပဿနာ သင်တန်းပေးမည်

ရန်ကုန် ဇူလိုင် ၁၁

၁၃၆၅ ခုနှစ် ဝါဆိုလပြည့်ကျော် ၅ ရက် မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၁ နာရီထိ နေ့စဉ် သင်တန်းကို ဥပုသ်နေ့နား၍ သီတင်းကျွတ်လဆန်း ၇ ရက်အထိ ပေးပြီး မွန်းလွဲ ၁ နာရီမှ ဥပုသ်နေ့တိုင်း တရားဟောပြောပြီး မိမိတို့ သင်ကြား ကျက်မှတ်ပြီး စာများနှင့် သုတ္တန်ဝိနည်း အဘိဓမ္မာတရားအားလုံး၊ သမထနည်း၊ ဝိပဿနာနည်း အသုံးပြု အားထုတ်နိုင်စေရန် မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် ပွဲကုန်းရပ် အနောက်ခင်မကန်တိုက် သစ္စာဂုဏ်ရည် စည်သာကျောင်းဆရာတော် ဘဒ္ဒန္တနာရဒ(ဓမ္မာစရိယ စာချမဟာဓမ္မကထိက ဗဟုဇနဟိတဓရ)က ပို့ချဟောပြော မည်ဟုသိရသည်။ (က-ပ)

ဝါဆိုသင်္ကန်းဝယ်ယူလှူဒါန်းနိုင်

ရန်ကုန် ဇူလိုင် ၁၁

မြကြာဖြူ သင်္ကန်းတိုက်က ပိတ်အုပ် အသစ်များဖြင့် ဝိနည်းတော်နှင့်အညီ ချုပ်လုပ်ထားသော ဝါဆိုသင်္ကန်းများကို ရုံး၊ စက်ရုံ၊ ကုမ္ပဏီ၊ အသင်းအဖွဲ့ အစည်းများအား အထူးနှုန်းဖြင့် ရောင်းချ ပေးလျက်ရှိသည်။

ဝါဆိုသင်္ကန်း ဝယ်ယူလှူဒါန်းလို သော ရဟန်းရှင်လူ ပြည်သူများ ကိုမင်းသူ-မအေးအေးသောင်း အမှတ် (၁၂၀) ဗားကရာလမ်းမကြီး ဗဟိုလမ်း မီးပွိုင့် စက်သုံးဆီဆိုင်ရှေ့ စမ်းချောင်း မြို့နယ် ဖုန်း-၅၂၅၁၀၁ သို့ ဆက်သွယ် ဝယ်ယူနိုင်ကြောင်း သိရသည်။ (က-ပ)

Government of the Union of Myanmar
Ministry of Forestry
Myanma Timber Enterprise

Dated: 10-7-2003

Myanma Timber Enterprise will hold the sealed tender sale as follows:

Sealed Tender Sale (STWB-03/03-04)

Commodity	-Teak Scantlings, Teak Left Over Flitches.
Quality	-Third.
Location	-Yangon Furniture Factories and Plywood Factories.
Sales Basis	-FOB Yangon in US Dollars.
Earnest Money	-US $ 5000
Payment	-By PAA L/C (TTR)
Closing Date	-16-7-2003 (Wednesday) 12:00 noon.

Bids in sealed envelopes are to be dropped into the box marked **Sealed Tender Sale for WBI** which is kept at Wood-Based Industry Department office of the Myanma Timber Enterprise. Please contact the above Department if further information is required.

Sealed Tender Committee.
Wood Based Industry Department (MTE)

ကန့်ကွက်နိုင်ပါသည်

မြောင်းမြမြို့၊ (၅)ရပ်ကွက်၊(၁၂)လမ်း၊ အမှတ်(၆)၊ မြေတိုင်းရပ်ကွက် အမှတ်(၁၅/ရှမ်းကုန်းပိုင်း)၊ ဦးပိုင်အမှတ် (၅၉+၆၀)၊ ဧရိယာ (၀ဒသမ၀၃၂+ ၀ဒသမ၀၂၇)ဧကရှိ ဒေါ်သက်အိုအမည်ပေါက်မြေနှင့် မြေပေါ်ရှိ အဆောက်အအုံ အားလုံးတို့အား ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူမည်ဖြစ်၍ အဆိုပါမြေ၊ မြေပေါ်ရှိ အဆောက်အအုံတို့အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ယနေ့မှစ၍ (၇)ရက်အတွင်း လူကိုယ်တိုင် ဖြစ်စေ၊ စာဖြင့်ဖြစ်စေ မြောင်းမြမြို့နယ် မြေစာရင်းဦးစီးဌာန (သို့မဟုတ်) ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်ကုန်းဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးပြတ်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဦးတင်ဆွေး
အထက်တန်းရှေ့နေ(၁၃၅၅၇)
အမှတ်(၄၁)၊ (၄)လမ်း၊ မြောင်းမြမြို့.
ဖုန်း ၀၄၂-၇၀၄၂၇။





ဆီမီယိုဒေသဆိုင်ရာ သမိုင်းနှင့်ရိုးရာဓလေ့ဌာန
(SEAMEO Regional Centre for History and Tradition)
သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ ဆီမီယိုဒေသဆိုင်ရာသမိုင်းနှင့် ရိုးရာဓလေ့ဌာန (SEAMEO Regional Centre for History and Tradition) ၏ အစီအစဉ်ဖြင့် အောက်ပါသင်တန်းများကို ဖွင့်လှစ်မည်ဖြစ်ပါသည်။

(က) **ဖွင့်လှစ်မည့်သင်တန်းများ** - CHAT Communication in English Course
i. Basic Level Course
ii.Intermediate Level I Course
iii.Intermediate Level II Course

(ခ) **ဖွင့်လှစ်ပို့ချမည့်သင်တန်းကာလ** -၂-၈-၂၀၀၃ ရက်နေ့မှ ၁၉-၁၀-၂၀၀၃ ရက်နေ့အထိ (၁၂)ပတ်

(ဂ) **သင်တန်းဖွင့်လှစ်မည့်နေရာ** -ဆီမီယိုဒေသဆိုင်ရာ သမိုင်းနှင့်ရိုးရာဓလေ့ဌာန၊ ပြည်လမ်း၊ ရန်ကုန်မြို့။

(ဃ) **သင်တန်းပို့ချမည့်နေ့နှင့်အချိန်** -အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့၊ သောကြာနေ့များတွင် (၀၇:၀၀)နာရီမှ (၀၉:၀၀)နာရီထိ
- အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့များတွင် (၀၉:၀၀)နာရီမှ (၁၂:၀၀)နာရီထိ၊ (၁၂:၀၀)နာရီမှ (၁၅:၀၀)နာရီထိ၊ (၁၅:၀၀) နာရီမှ (၁၈:၀၀) နာရီထိ

(င) **သင်တန်းဝင်ခွင့်အရည်အချင်း** -Basic Level Courseအတွက် အနိမ့်ဆုံးအခြေခံ ပညာအထက် တန်း သင်ယူပြီးမြောက်ခြင်း လက်မှတ်တင်ပြနိုင်သူများ၊
-Intermediate Level I Courseအတွက် Basic Level Course (သို့) ဝင်ခွင့်စာမေးပွဲ အောင်မြင်ပြီးသူများ၊
-Intermediate Level II Courseအတွက် Intermediate Level I Course တက်ရောက်အောင်မြင်ပြီးသူများ၊
-Intermediate Level I Course သို့ တိုက်ရိုက် တက်ရောက် လိုသူများသည်ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို၁၈-၇-၂၀၀၃ ရက်နေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီထိ ဖြေဆိုရပါမည်။ ၎င်းစာမေးပွဲအတွက် ဝင်ကြေးငွေ ၅၀၀ိ/ကို ၁၇-၇-၂၀၀၃ ရက် နေ့ (၀၉:၀၀) နာရီမှ (၁၄:၀၀)နာရီအတွင်း ပေးသွင်းရပါမည်။

(စ) **လျှောက်လွှာစတင်လက်ခံမည့်ရက်**-၂၁-၇-၂၀၀၃ (ဓာတ်ပုံနှစ်ပုံ ယူဆောင်လာရန်)

(ဆ) **လျှောက်လွှာပိတ်မည့်ရက်** -၂၉-၇-၂၀၀၃

၂။ Advanced Level II Course ကို စာမေးပွဲဖြေဆိုအောင်မြင်ခဲ့ပြီး သတ်မှတ်သင်တန်းချိန် ပြည့်မီအောင် တက်ရောက်ထားသူများအား Diploma လက်မှတ်ပေးအပ်ပါမည်။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ရုံးချိန်အတွင်း ဆီမီယိုဒေသဆိုင်ရာ သမိုင်းနှင့် ရိုးရာဓလေ့ဌာန၊ ပြည်လမ်း၊ ရန်ကုန်မြို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (ဖုန်း-၅၁၅၁၈၀၊ ၅၃၉၇၀၈)။

Queen's Rose
ကခိုယ်ကာယလေ့ကျင့်ရေးခန်းမ
(အမျိုးသမီးသီးသန့်)
အမှတ် ၂၂၇၊ ဒုတိယထပ် အလယ်ခန်း၊ ကျိုက္ကဆံလမ်း၊ တာမွေ၊ ရန်ကုန်။ Ph. 09-50-14865
(ကျောက်မြောင်းဈေးကားမှတ်တိုင်အနီး)

ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ

လုံးချင်း တိုက်ခန်း၊ မြေ၊ စက်ရုံ၊ ဂိုဒေါင်များ ဝယ်/ငှား လိုသည်။

ဖုန်း-၂၄၀၈၃၂၊ ၂၈၇၁၂၉။

လက်ထပ်မင်္ဂလာကျေးဇူးတင်လွှာ

ဟင်္သာတမြို့၊ အမှတ်(၁၅)၊ ဗိုလ်ချုပ်လမ်းနေ ဒေါက်တာဦးစိုးမြင့်-ဒေါ်ခင်မြင့်မြင့်တို့၏သားကြီး

မောင်မြတ်သူ B.E(Mechanical) Hearty Rattan Artifacts

နှင့်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ်(၆၀ G-1)၊ ပါရမီလမ်းသစ်နေ

ပါမောက္ခဒေါက်တာဦးသိန်းအောင်-ဒေါ်အယ်(လ်)နာသိန်းတို့၏သမီးလတ်

မအေးသူဇာအောင်(ခ)ကေးကေး B.Sc(Physics) Kay Kay Store

တို့၏ ၆-၇-၂၀၀၃ (တနင်္ဂနွေ)နေ့နံနက်ပိုင်းတွင် ပါရမီလမ်းနေအိမ်၌ပြုလုပ်သော နေကာဟ်လက်ထပ်ပွဲနှင့် မင်္ဂလာဦးညှော်ခံပွဲတွင် ကြွရောက်ချီးမြှင့်ကြသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ SEDONAHotel ၌ပြုလုပ်သော မင်္ဂလာညစာစားပွဲတွင် မင်္ဂလာသြဝါဒစကား ချီးမြှင့်ပြောကြားပေးသော ပါမောက္ခဦးမောင်မောင်ဝင့်အားလည်းကောင်း၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဒေါက်တာ ဒေါ်ကြွယ်ကြွယ်သိန်းအားလည်းကောင်း၊ ကြွရောက်ချီးမြှင့်ကြသော ဂုဏ်သရေရှိလူကြီးမင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာဝတ်စုံဖန်တီးပေးသော DOZO မသီတာဝင်း အားလည်းကောင်း၊ မိတ်ကပ်နှင့်ဆံပင်အလှပြုပြင်ပေးသော မအေးအေးခိုင်(မန္တလေး)အားလည်းကောင်း၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ပေးသော စိုင်းဘုန်းထူးနှင့်အဖွဲ့ အားလည်းကောင်း၊ တေးသံသာများဖြင့် ဖျော်ဖြေပေးသော စန္ဒရားသိန်းမြင့်သိန်းနှင့် အဆိုရှင်များအားလည်းကောင်း၊ Sedona Hotelမှမန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း ကျေးဇူးဥပကာရ အထူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့် မောင်မြတ်သူ-မအေးသူဇာအောင်။

ထိမ်းမြားမင်္ဂလာညှော်ခံပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ကြို့ကုန်းသစ်တောဝင်း၊ အမှတ်၇(က)နေ

ဦးရွှေကျော်(ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန)-ဒေါ်ယဉ်ယဉ်

တို့၏တစ်ဦးတည်းသောသား

မောင်စည်သူကျော်

(Cosmos Marine Co.,Ltd, Greece)

နှင့်

အုတ်တွင်းမြို့နယ်(၁)ရပ်ကွက်နေ

ဦးမျိုးဦး(မူလတန်းကျောင်းအုပ်၊ အမက သံဘို)-ဒေါ်စန်းစန်းဝေ

တို့၏တစ်ဦးတည်းသောသမီး

မဇာခြည်ဦး B.Sc(Maths:)

(အာရှမနေဘဏ်၊ တောင်ငူ)

တို့၏ ၆-၇-၂၀၀၃ရက်နေ့တွင် I.B.C၌ ကျင်းပပြုလုပ်သော မင်္ဂလာညှော်ခံပွဲတွင် ကြွရောက်ချီးမြှင့်ပေးသော ဒုတိယဗိုလ်ချုပ်ကြီးချစ်ဆွေ(ငြိမ်း)နှင့်ဇနီး ဒေါ်မြင့်မြင့်ခင်တို့အားလည်းကောင်း၊ မေတ္တာဖြင့် မင်္ဂလာလက်ဖွဲ့ပေးပို့ချီးမြှင့်ပါသော သစ်တောရေးရာဝန်ကြီးဌာနဝန်ကြီး ဦးအောင်ဖုန်းနှင့်ဇနီး ဒေါ်ခင်စစ်အေးတို့အားလည်းကောင်း၊ မင်္ဂလာအောင်စံပယ်ပန်းကုံးနှင့် မင်္ဂလာလက်စွပ်ဆင်မြန်းပေးသော သစ်တောရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးသိုက်ထွန်းနှင့်ဇနီး ဒေါ်နွဲ့နွဲ့ကြည်တို့အားလည်းကောင်း၊ ၅-၇-၂၀၀၃ရက်နေ့တွင် တော်ဝင်ခန်းမ၌ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးသော အင်းစိန်မြို့နယ် တရားသူကြီး ဦးတူးမော်အားလည်းကောင်း၊ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသော ဦးသန်းမြတ်စိုး၊ မေတ္တာဖြင့် မင်္ဂလာပန်းကြဲပေးသော ဝါလေး၊ မင်္ဂလာအောင်စံပယ်ပန်းကုံး ဗန်းကိုင်ဆောင်ပေးသော မဆွေရည်မွှန်နှင့် မင်္ဂလာလက်စွပ်ဗန်းကိုင်ဆောင်ပေးသော မဆွေသဲမွှန်၊ သတို့သားအရံများဖြစ်ကြသော မောင်သူရိန်နှင့် မောင်လှိုင်ဘုန်းဆွေ၊ သတို့သမီးအရံများဖြစ်သော မဇာမီကျော်နှင့်မစုဝေအောင်တို့အားလည်းကောင်း၊ မေတ္တာဖြင့် ပန်းအလှပြုပြင်ပေးသော ဒေါ်တင်ကြည်(ချိုသဲသစ်ခွ)နှင့်ဒေါ်မြင့်မြင့်တို့အားလည်းကောင်း၊ မင်္ဂလာအခါတော်ပေး သီဆိုပေးသော တေးသံရှင်ထပ်ဆင့် အကယ်ဒမီ ဒေါ်ချိုပြုံး၊ စန္ဒရားကိုမြတ်မင်း တေးဂီတအဖွဲ့နှင့်တေးသံရှင်များအားလည်းကောင်း၊ မိတ်ကပ်ဆံပင် မင်္ဂလာဝတ်စုံ အလှဖန်တီးရှင် ခင်စန်းဝင်းနှင့်အဖွဲ့၊ ဓာတ်ပုံနှင့်ဗီဒီယိုမှတ်တမ်းတင်ပေးသော ကိုမင်းသိန်းနှင့် ကိုစိုးလွင်ဦးတို့အားလည်းကောင်း၊ အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးကြသော သစ်တောဦးစီးဌာနမှ ဝန်ထမ်းများအားလည်းကောင်း၊ I.B.C မှ ဗဟိုမန်နေဂျာ ဦးမောင်ငြိမ်းနှင့်ဝန်ထမ်းများအားလည်းကောင်း၊ ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟများအားလည်းကောင်း လှိုက်လှဲစွာကျေးဇူးတင်ရှိပါသည်။

နှစ်ဖက်သောမိဘများနှင့်မောင်စည်သူကျော်-မဇာခြည်ဦး။

အမည်ပြောင်းခြင်း

ဦးတီဒေါလ်၏ သမီးများဖြစ်ကြသော အထက(၃)၊ မ/ဥက္ကလာ ဒသမတန်းမှ မနီနီအား မနီအဲမ်ဇင်ဟုလည်းကောင်း၊ ပြောင်းလဲခေါ်ပါရန်နှင့် နဝမတန်းမှ မဒုကိမ်းအား မမေရီဇန်ဟုလည်းကောင်း ပြောင်းလဲခေါ်ကြပါရန်။

မနီအဲမ်ဇင်၊ မမေရီဇန်။

ဖခင်အမည်မှန်

အထက(၂)လသာ၊ ဒသမတန်း (D)မှ မသင်းစုလှိုင်၊ ပဉ္စမတန်း (A)မှ မဖြူဖြူခိုင်နှင့် အထက (၁)လသာ၊ နဝမတန်း(E)မှ မောင်လှိုင်ထွန်းမြင့်တို့၏ ဖခင်အမည်မှန်မှာ ဦးဇော်မင်းဦး [၁၂/မဂဒ(နိုင်)၀၅၇၇၆၇] ဖြစ်ပါသည်။

ဦးဇော်မင်းဦး။

အမည်ပြောင်းခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ (၁၃)ရပ်ကွက်၊ ရှင်ထွေးညိုလမ်း၊ အမှတ်(၁၀၁၈)မှ ဦးတင်အေး၏ သားဖြစ်သူ ဦးအောင်ခင်အား နိုင်ငံသားစိစစ်ရေးကတ်[အမှတ်၁၂/ဥကတ(နိုင်) ၁၃၅၉၆၉]အရ မောင်စိုးမင်းအောင်ဟု ပြောင်းလဲခေါ်ပါရန်။

အမည်ပြောင်းခြင်း

ဦးစွပ်ပရာမန်နီ-ဒေါ်နာဂမား တို့၏သား အထက(၁) ပုဇွန်တောင် ဆဋ္ဌမတန်းမှ မောင်မူနီရန်ဒီအား မောင်ဝင်းဇော်လတ်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်ဝင်းဇော်လတ်။**

အမည်ပြောင်းခြင်း

ဦးအောင်သန်း ဒေါ်နှင်းယုဝေ တို့၏သား အထက(၁) ဒဂုံအဋ္ဌမတန်း (H)မှ မောင်ဝဏ္ဏသီဟ(ခ) မောင်ဝဏ္ဏအား မောင်အောင်ကောင်းမြတ်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်အောင်ကောင်းမြတ်။

အမည်ပြောင်း

အဖဦးလှမြင့်၏သား မောင်လှမျိုးထက် [7/Ka Wa Na(N)094235] အား မောင်စိုင်းရန်နိုင်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်စိုင်းရန်နိုင်။

အမည်ပြောင်း

အလက(၃)၊ ပခုက္ကူ ပဉ္စမတန်းမှ (ဖ)ဦးမြင့်ဝေ၏သမီး မေဦးဆွေအား မေအင်ကြင်းဟုပြောင်း၍ ခေါ်ဆိုပေးပါရန်။

ခေါ့စပ်ကြောင်းလမ်းပြီးစီးခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မအူကုန်း၊ အမှတ်(၉)၊ (၁၃၄)လမ်းနှင့် အမှတ်(၄၃၉/၄၄၀)၊ စောရန်ပိုင်လမ်း၊ (၂၈)ရပ်ကွက်၊ ဒဂုံမြို့နယ် (မြောက်)နေ ဦးတင်မောင်ဦး B.A, B.L,B.J.S (Advocate) တရားရေးနှင့်ဥပဒေ (ရှေ့နေချုပ်ရုံး၊ ငြိမ်း)-ဒေါ်ကြည်ကြည်ဆွေဦး (EMMA) (ခေတ္တ-U.S.A)တို့၏သား

မောင်မြတ်မင်း(ခ)မင်းမင်း (ခေတ္တ-U.S.A) နှင့်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ အမှတ်(၂၅)၊ လှည်းတန်းလမ်းမနေ ဦးမြင့်လင်း (မဟေသီကုမ္ပဏီလီမိတက်)-ဒေါ်ခင်ညွှန့် (U.B.A) (ငြိမ်း) (EMPRESS ကာရာအိုကေခန်းမ)တို့၏သမီးလတ်

မမြတ်ကေသီ B.Sc (Zoo)

Dip in Japanese (Tokyo, Japan)

Dip in Pharmacle (ခေတ္တ-U.S.A)

တို့သည် ၉-၇-၂၀၀၃နေ့တွင် နှစ်ဖက်လူကြီးမိဘဆွေမျိုးများနှင့် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်မြတ်မင်း-မမြတ်ကေသီ။

ဖခင်အမည်မှန်

အထက(၁)မှော်ဘီ၊ ဒသမတန်း (က)မှ မချိုချိုမာ၏ ဖခင်အမည်မှန်မှာ ဦးစိန်တူး [၁၂/မဘန(နိုင်)၀၅၇၉၀၀]ဖြစ်ပါကြောင်း။

ဦးစိန်တူး။

အများသိစေရန်သတိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လှကြည် [၁၂/မရက(နိုင်)၀၇၁၇၄၅]၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း သတိပေးကြေညာပါသည်။

ရန်ကုန်တိုင်း၊ မရမ်းကုန်းမြို့နယ်၊ (၆)ရပ်ကွက်၊ ပြည်သူ့လမ်း (၇)မိုင်၊ အမှတ် ၁၂ကေ (၁)ပေါ်ရှိ မြေနှင့် မြေပေါ်ရှိ အဆောက်အအုံသည် ဒေါ်လှကြည်တစ်ဦးတည်း ပိုင်ဆိုင်သော မြေနှင့်အဆောက်အအုံဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်လှကြည်၏ သဘောတူဆန္ဒမပါရှိဘဲ မည်သူတစ်ဦးတစ်ယောက်မှ အထက်ပါ နေအိမ်၏လိပ်စာနှင့် ယင်းအိမ်၌ တပ်ဆင်ထားသော တယ်လီဖုန်းအမှတ်ကို အလွဲသုံးစားမပြုပါရန် သတိပေးကြေညာပါသည်။ ထိုသို့ပြုလုပ်လာပါကတရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း သတိပေးကြေညာပါသည်။

ညွှန်ကြားချက်အရ-
ဦးညိမ်းမြင့်
တရားရုံးချုပ်ရှေ့နေ (စဉ်-၂၄၃၀)
အမှတ်-၅၆၁၊ ပထမထပ်၊
ကုန်သည်လမ်း၊ ရန်ကုန်မြို့။

လက်ထပ်ပြီးစီးခြင်း

ရန်ကုန်မြို့၊ အမှတ်(၆၁)၊ ရတနာရိပ်ငြိမ်၊ ဝိဇ္ဇာလမ်းသွယ်၊ မရမ်းကုန်းမြို့နယ်နေ ဦးလှဆောင်-ဒေါ်စိန်ရွှေတို့၏သား

မောင်သက်မောင်

(Price Waterhouse Coopers, Singapore) နှင့်

ရန်ကုန်မြို့၊ အမှတ်(၁၀၆)(ဂ)၊ အေးရိပ်ငြိမ်လမ်းသွယ်၊ မရမ်းကုန်းမြို့နယ်နေ

ဦးငွေထွန်း-ဒေါ်ကြင်သန်းတို့၏သမီးငယ်

မစီစီထွန်း

(Siemens Pte. , Ltd. Singapore)

တို့သည် ၂၄-၆-၂၀၀၃နေ့တွင် တရားရုံးချုပ်၌ ထိမ်းမြားမင်္ဂလာလက်မှတ်ရေးထိုးပြီးဖြစ်ပါကြောင်း။

မောင်သက်မောင်-မစီစီထွန်း။

နှစ်(၃၀)ပြည့် ပုလဲရတုမင်္ဂလာဆုတောင်း

ဖေဖေ **ဒေါက်တာမြင့်လွင်** (ခေတ္တ-U.S.A)နှင့် မေမေ **ဒေါ်ဝင်းဝင်းသန်း**တို့၏ ၁၂-၇-၂၀၀၃ နေ့တွင် ကျရောက်သော နှစ်(၃၀)ပြည့် မင်္ဂလာမှသည် နောင်နှစ်များစွာတိုင်အောင် ချစ်မိသားစုနှင့်အတူ ပျော်ရွှင်ချမ်းမြေ့နိုင်ပါစေ...။

ချစ်သားကြီး-ဝင်းနေလင်း (ခေတ္တ-U.S.A)-သက်သက်စန္ဒာ
ချစ်သားငယ်- ထွန်းနေလင်း (ခေတ္တ-U.S.A)
ချစ်သမီးကြီး- သစ္စာခိုင်ခိုင်အောင် (ခေတ္တ-U.S.A)
ချစ်သမီးထွေး- စပယ်သင်းသင်းအောင်။

မွေးနေ့ဆုမွန်လွှာ

သား **ကိုမျိုး (ရွှေရည်ဦး)**၏ ၁၂-၇-၂၀၀၃ရက်တွင် ကျရောက်သော မွေးနေ့မှသည် နှစ်၁၂၀တိုင် ကိုယ်စိတ်နှစ်ပါး ကျန်းမာ၊ချမ်းသာ၍ ဘဝ၏အောင်မြင်မှုများစွာကို ရယူပိုင်ဆိုင်နိုင်ပါစေ။

ဦးနှင့်အန်တီ
(နေခြည်လင်း၊တောင်ကြီးမြို့)

ခေါ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မြိတ်မြို့၊ ဈေးတန်းရပ်၊ အမှတ်(၁၀၀)၊ ပုလဲလမ်းနှင့် ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ်(၄၉)၊ သံတံတားလမ်းနေ ဦးအပ်တီ(ခ)ဦးဟုတ်စိန်-ဒေါ်ပိုးကြည် တို့၏တစ်ဦးတည်းသောသား

မောင်မင်းစိုး

နှင့်

မြိတ်မြို့ (ဦးကျောက်ဝါး)-ဒေါ်ရှုအင်တို့၏မြေး

ရန်ကုန်မြို့၊ အမှတ်(၄၀)၊ ၈၈ လမ်း၊ ကန်တော်ကလေးနေ

ဦးဝင်းတင်(ခ) ဦးမောင်ကျော်-ဒေါ်ခင်အေး (ခ)ဒေါ်စုဝါ

တို့၏ဒုတိယသမီး

ဒေါက်တာမီမီသွယ် (M.B,B.S) (Ygn)

လက်ထောက်ဆရာဝန် (ရန်ကုန် ပြည်သူ့ဆေးရုံကြီး)

တို့သည် နှစ်ဖက်သောမိဘများ၏သဘောတူညီချက်အရ ၆-၇-၂၀၀၃ နေ့တွင်Western Park(1) Restaurant ၌ စေ့စပ်လက်စွပ်လဲလှယ်ပေးသော ဒေါက်တာဦးစိန်ဝင်း တွဲဖက်ပါမောက္ခ၊ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဆေးတက္ကသိုလ်(၂) အင်းစိန်အထူးကုဆေးရုံသစ်ကြီး၏ဇနီး ဒေါ်ဖြူဖြူဝင်းနှင့် ဂုဏ်သရေရှိမိဘလူကြီးမင်းများ၏ရှေ့တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့် မောင်မင်းစိုး-မမီမီသွယ်။

လက်ထပ်ပြီးစီးခြင်း

1st Yr. Dip. in English, M.U.F.L.

မောင်အောင်စိုးစိုး B.E. (Electronics), M.T.U

နှင့်

မခင်ချစ်ဝင်း B.E. (Electronics), M.T.U

2nd Yr. Dip. in English, M.U.F.L.

ချမ်းအားကျေးဇူးတင်နေသူများ

Positive

CD, Count

Complication

B.A, C.T.M.P

အချိန်တိုကာလ (၁၃)ပတ်အတွင်း ကွန်ပျူတာဖြင့် စာစီစာရိုက်၊

Desktop Publishing Course

MCC

Elephant House Home Furnishings & Accessories

Export Quality Surplus

Green Elephant House Main Showroom

Green Elephant House Inya Showroom

E-mail: smeh@mptmail.net.mm

Website : http://www.elephant.house.com - Webpages : http://www.allmyanmar.com

ProNet Computer Centre

We offer the following certification and courses:

MCP, MCSE, MCSA, A+
Network Engineer
Software Engineer
ACCPAC Plus
Office 2002, D.T.P
C, C++ and more

ENROLL NOW

No.40, R-201, Aungthapyay St, Backside Yuzana Plaza
Mingalataungnyunt Tsp; Yangon. Ph: 200747 Ext-7316



မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာလုပ်ငန်းကော်မတီ စီးပွားရေးအဖွဲ့နှင့် မြန်မာ့ကွန်ပျူတာကုမ္ပဏီလီမိတက်(MCC)တို့ ပူးပေါင်းဖွင့်လှစ်မည့် အခြေခံရုံးလုပ်ငန်း ကျွမ်းကျင်မှုသင်တန်း တက်ရောက်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။**သင်တန်းစတင်ဖွင့်လှစ်မည့်ရက်**–၂၁–၇–၂၀၀၃
၂။**သင်တန်းဖွင့်လှစ်မည့်နေရာ** –မြန်မာ့ကွန်ပျူတာကုမ္ပဏီလီမိတက် (MCC)တတိယထပ်၊ သိမ်ကြီးဈေးစီရုံ၊ ပန်းဘဲတန်းမြို့နယ်။
၃။**သင်တန်းအချိန်** –ညနေ(၅)နာရီမှ(၇)နာရီ (တနင်္လာမှသောကြာ)
၄။**သင်တန်းကာလ** –(၃)လ
၅။**အနိမ့်ဆုံးပညာအရည်အချင်း** –အခြေခံပညာအထက်တန်း(က)အဆင့် အောင်(သို့)တက္ကသိုလ်ဝင်တန်းအောင်
၆။**လက်ခံမည့်သင်တန်းသူဦးရေ** –(၃၅)ဦး၊ အမျိုးသမီးများသာ
၇။**လျှောက်လွှာစတင်ရောင်းချမည့်ရက်**–၁၄–၇–၂၀၀၃

သတ်မှတ်ထားသော လျှောက်လွှာပုံစံများကို တစ်စောင်လျှင်(၁၀၀ိ/–) နှုန်းဖြင့် အောက်ပါလိပ်စာတွင် တစ်ဦးလျှင် တစ်စောင်နှုန်းသာဝယ်ယူနိုင်ပြီး ၁၈–၇–၂၀၀၃ နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်သည်။

အတွင်းရေးမှူး (စီးပွားရေးအဖွဲ့)
သီတာရောင်စုံဓာတ်ပုံဆိုင်၊ အခန်း(၅)၊ တိုက်(၁)၊ အင်းစိန်လမ်း၊ လှည်းတန်းမီးပွိုင့်အနီး၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ဝန်ထမ်းအလိုရှိသည်

၁။ ကော်မရှင်အသုံး (Supervisor)
- AGTI (MT) / TTC / THS.
၂။ ကုန်သည် (Supervisor)
၃။ ကုန်လုပ်ဆောင်ဆွဲ

တာသောက်ကုန်ပစ္စည်းများ တင်သွင်းရောင်းချနိုင်မည့် အခွင့်အရေး

Pro Active Marketing

Tel: 535768, 525901, 727164

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌ ကျပ်ငွေဖြင့်ခန့်ထားရန်)

၁။ **Sales Man** (ရောင်း/မောင်း) ကျား (၅) ဦး
(၁၀ ပေ၊ ၁၄ ပေကား ကျွမ်းကျွမ်းကျင်ကျင်မောင်းနိုင်ရမည်)
၂။ **Sales Promoter** မ (၅) ဦး
၃။ **Assistant Accountant** မ (၂) ဦး

အမှတ်စဉ်(၁)နှင့်(၂)အတွက် နယ်ခရီးထွက်နိုင်ရမည်။ အခြေခံပညာအထက်တန်းအောင်မြင်ရမည်။ ရုပ်ရည်သန့်ပြန့်ရမည်။ အမှတ်စဉ်(၃)အတွက် B.Com(or)L.C.C.I Level IIအောင်မြင်ပြီးသူဖြစ်ရမည်။ အမှတ်စဉ် အားလုံးအတွက် အသက် (၂၀)မှ (၃၀)အတွင်းရှိရမည်။ လျှောက်ထားသူများသည် လေဘာကတ်မိတ္တူ၊ C.Vနှင့်တကွ အောက်ပါလိပ်စာအတိုင်း(၇)ရက်အတွင်း လျှောက်ထားနိုင်ပါသည်။

Feel Cosmetics Group
Shwe Myitzu Co., Ltd.
၁၉/၂၁၊ (၆၂)လမ်း၊ မိုလ်တထောင်မြို့နယ်။



ရွှေတောင်ပြုန်း ရွှေလီ
–တောင်ပြုန်းရွှေလီ(စား/ငြိမ်းဂရက်၄၅၀၀ိ/–)
–တောင်ပြုန်း၊ မုံရွာ၊စစ်ကိုင်း
(စား/ငြိမ်း ၆ ရက် ၃၀၀၀ိ/–)
–၅–၈–၀၃ ညထွက်မည်။
ကိုနန္ဒ အမှတ်၁၅၀၊ အနော်ရထာလမ်း။ ၄၇ လမ်းထိပ်၊ Ph. 01-201300, 203570.



တရားမကျင့်ထုံးဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆
ရန်ကုန်တိုင်းတရားရုံး
၂၀၀၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်–၈၃

ဒေါ်ခင်ကြည်
(၎င်း၏အခွင့်ရ ကိုယ်စားလှယ်
ဒေါ်မျိုးမျိုးစိုး)
တရားနိုင်

၁။ ဒေါ်ခင်ကြည်
(၎င်း၏အခွင့်ရကိုယ်စားလှယ်
ဒေါ်မာလာစိုး)
၂။ ဦးမြင့်စိုး
တရားရှုံးများ

ရန်ကုန်တိုင်း တရားရုံး၊ ၁၉၉၄ ခုနှစ်၊ တရားမကြီးမှုအမှတ် ၄၆၀တွင် ရရှိခဲ့သော ဒီကရီအရ ကွယ်လွန်သူ ဦးဘစိုး၏ ကျန်ရစ်ခဲ့သော အောက်ဖော်ပြပါ ပစ္စည်းစာရင်းတွင် ပါရှိသော မရွှေ့မပြောင်းနိုင်သော ပစ္စည်းအပါအဝင် အမွေပုံပစ္စည်းများကို လေလံတင်ရောင်းချ၍ လေလံတင်ရောင်းချရငွေမှ ကျပ် ၁၄၄၂၃၀၀ိ/–ကို အမှတ်(၁)တရားရှုံးသို့ ပေးအပ်စေ၍ ကျန်လေလံတင်ရောင်းချရငွေများ၏ ၃/၈ ပုံကို တရားနိုင်က ရယူနိုင်ရန်အတွက် ၂၀၀၃ ခုနှစ် ဩဂုတ်လ ၂၂ ရက်နေ့ နံနက် ၁၀:၀၀ နာရီအချိန်တွင် ၎င်းပစ္စည်းများတည်ရာ အရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင် လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်ပါသည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှ ဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့်နည်းစနစ်ကို ရောင်းချသူအရာရှိကသတ်မှတ်သည့် အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းချက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချရက် မတိုင်မီ ရုံးအချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၂၀၀၃ ခုနှစ် ဇူလိုင်လ ၈ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ် လက်မှတ်ရေးထိုးလိုက်သည်။

လှဝင်း
တွဲဖက်တိုင်းတရားသူကြီး(ဂ)
ရန်ကုန်တိုင်းတရားရုံး

ပစ္စည်းစာရင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၃၄–စီ၊ လူနေရပ်ကွက်၊ ဦးပိုင်အမှတ်၊ ၈(အိုင်)၁ နှင့် ၈(ဘီ)၄ စုစုပေါင်းမြေအကျယ်အဝန်း (၀.ဒသမ ၃၀၂)ဧကရှိသော မြေပိုင်မြေနှင့်တကွ၊ ၎င်းမြေပေါ်ရှိ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ အမှတ်(၂၄၈/ဘီ)ဟု ခေါ်တွင်သော အဆောက်အအုံနှင့် အကျိုးခံစားခွင့်များ။

(၁–တရားရှုံး၏သား ဦးစိုးထွဋ် လက်ရှိနေထိုင်လျက်ရှိပါသည်။)

ကြမ်းခင်းဈေး–ကျပ်ငွေသိန်း (၂၀၀၀)



တရားမကျင့်ထုံးဥပဒေအမိန့်—၂၁၊ နည်းဥပဒေ—၆၆
ရန်ကုန်တိုင်းတရားရုံး
၂၀၀၃ခုနှစ်၊ တရားမဇာရီမှုအမှတ်—၈၃

ဒေါ်ခင်ကြည် **နှင့်** **၁။ ဒေါ်ခင်ကြည်**
(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်မျိုးမျိုးစိုး) **(၎င်း၏အခွင့်ရကိုယ်စားလှယ် ဒေါ်မာလာစိုး)**
၂။ ဦးမြင့်စိုး
တရားနိုင် **တရားရှုံးများ**

ရန်ကုန်တိုင်းတရားရုံး ၁၉၉၄ခုနှစ်၊ တရားမကြီးမှုအမှတ်—၄၆၀တွင် ရရှိခဲ့သော ဒီကရီအရ ကွယ်လွန်သူ ဦးဘစိုး၏ ကျန်ရစ်ခဲ့သော အောက်ဖော်ပြပါပစ္စည်းစာရင်းတွင် ပါရှိသော မရွှေ့မပြောင်းနိုင်သော ပစ္စည်းအပါအဝင် အမွေပုံပစ္စည်းများကို လေလံတင်ရောင်းချ၍ လေလံတင်ရောင်းချရငွေမှကျပ် ၁၄၄၂၃၀၀၀/—ကို အမှတ်(၁)တရားရုံးသို့ ပေးအပ်စေ၍ ကျန်လေလံရောင်းချရငွေများ၏ ၃/၈ ပုံကို တရားနိုင်က ရယူနိုင်ရန်အတွက် ၂၀၀၃ခုနှစ် ဩဂုတ်လ(၁၅)ရက်နေ့ နံနက်(၁၀း၀၀)နာရီအချိန်တွင် ၎င်းပစ္စည်းများ တည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့်ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း၊ လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်ပါသည်။

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်စုံတစ်ရာ ပေါ်ပေါက်ပါက တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချသည့်နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းချက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

၂၀၀၃ခုနှစ် ဇူလိုင်လ(၈)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးလိုက်သည်။

လှဝင်း
တွဲဖက်တိုင်းတရားသူကြီး(၈)
ရန်ကုန်တိုင်းတရားရုံး။

ပစ္စည်းစာရင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆အယ်လ်)+၃၀(ဘီ)၊ လူနေရပ်ကွက် ဦးပိုင်အမှတ် ၁၂၂ဘီ/၃ + ၈ဒီ/၁ မြေအကျယ်အဝန်း (၀.၁၁၄ ဧက)နှင့် (၀.၀၄၁၇ ဧက)ကျော်ရှိသော မြေပိုင်မြေနှင့် ၎င်းမြေပေါ်ရှိ ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေတောင်ကြား(၂)ရပ်ကွက်၊ ရွှေတောင်ကြားလမ်း၊ အမှတ်၃၄ဘီဟုခေါ်တွင်သော အဆောက်အအုံနှင့်အကျိုးခံစားခွင့်များ။

(၁—တရားရှုံးလက်ရှိနေထိုင်လျက်ရှိပါသည်။)

ကြမ်းခင်းဈေး=ကျပ်ငွေသိန်း(၄၀၀၀)

မောင်ဟန်ဇော်ဖြိုး (ခ) မောင်သော်ထွန်းအောင်နှင့် အကျိုးဆောင် ဦးအေးနိုင်တို့သိစေရန်

၂-၇-၂၀၀၃ရက်နေ့ထုတ် ကြေးမုံနေ့စဉ်သတင်းစာပါ "ဒေါ်ဖြိုး(ခ) ဒေါ်ဖြိုးသာရ သိစေရန်ကြေညာချက်"မှာ လုံးဝမမှန်ကန်ပါ။ ၂၃-၁-၂၀၀၃နေ့တွင် အဘွားဖြစ်သူ ဒေါ်ခင်အေးကြွယ်(ခ)ဒေါ်အေးကြွယ်က မောင်ဟန်ဇော်ဖြိုးအား မေတ္တာဖြင့် ငွေ(၄၀)သိန်း (ကျပ်သိန်းလေးဆယ်တိတိ)ပေးအပ်သည့် စာချုပ်ချုပ်ခဲ့သည်ကို အကျိုးဆောင်ဦးအေးနိုင်ကိုယ်တိုင်ပါဝင်သိရှိပြီးဖြစ်ပါသည်။ အဆိုပါစာချုပ်ငွေကို မောင်ဟန်ဇော်ဖြိုးကိုယ်တိုင် လက်ခံရယူပြီးကြောင်း လက်မှတ်ရေးထိုးထားပါသည်။ မောင်ဟန်ဇော်ဖြိုးသည် မိခင်ဒေါ်ဖြိုး(ခ)ဒေါ်ဖြိုးသာရထံသို့ မည်သည့်ငွေကြေးတစ်စုံတစ်ရာမျှ အပ်နှံထားမှုမရှိပါ။ လူကြီးမင်းတို့၏ကြေညာချက်မှာ ဒေါ်ဖြိုး(ခ)ဒေါ်ဖြိုးသာရ၏ လုပ်ငန်းနှင့် ဂုဏ်သိက္ခာကို ထိခိုက်နစ်နာစေပါသည်။ လူကြီးမင်းတို့၏ ကြေညာချက်အား (၇)ရက်အတွင်း ရုပ်သိမ်းကြောင်း ကြေညာပေးရန် တောင်းဆိုလိုက်သည်။ ကြေညာရန်ပျက်ကွက်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

ဒေါ်ဖြိုး(ခ)ဒေါ်ဖြိုးသာရ၏ လွှဲအပ်ညွှန်ကြားချက်အရ—
ဦးတင်ယု(ဆကာကြီး)H.G.P
စဉ်—၈၂၉၃၊ အထက်တန်းရှေ့နေ။
အမှတ်—၅၇၊ ဘဏ်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

မော်တော်ယာဉ်များလေလံတင်ရောင်းချရန်

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာနတွင် အသုံးမလိုတော့သော လေးဘီးမာဇဒါဘီ ၆၀၀(ပစ်ကပ်)(၂)စီးအား မျက်မြင်အနေအထားအတိုင်း ၃၁-၇-၂၀၀၃နေ့တွင် လေလံတင်ရောင်းချမည်ဖြစ်ပါသည်။
၂။ လေလံဆွဲဝယ်လိုသူများသည် လေလံစည်းကမ်းချက် တစ်စောင်လျှင် (၁၀၀၀/—)နှုန်းဖြင့် အောက်ပါလိပ်စာတွင် ၂၁-၇-၂၀၀၃နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါသည်။ စည်းကမ်းချက်များ ဝယ်ယူပြီးသူများအား မော်တော်ယာဉ်များကို ၂၆-၇-၂၀၀၃နေ့မှစ၍ ကြည့်ရှုခွင့်ပြုပါမည်။ အသေးစိတ်သိလိုပါက အောက်ပါလိပ်စာဖုန်းနံပါတ်အတိုင်း စုံစမ်းနိုင်ပါသည်။

လေလံတင်ရောင်းချရေးအဖွဲ့
ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန
ဝန်ကြီးများရုံး၊ သိမ်ဖြူလမ်း၊ ရန်ကုန်မြို့။
ဖုန်း—၂၄၈၀၆၉၊ ၂၅၂၀၉၂၊ ၂၅၂၀၉၄၊ ၅၆၅၉၇၅

ဝမ်းနည်းကြေကွဲခြင်း
ဦးညို (၆၇)နှစ်
ကျောင်းဆရာ(ငြိမ်း) အထက(၁)ပြင်ဦးလွင်

ဦးစန်းယု ဒါရိုက်တာ (Oriental Comet Travels Co.,Ltd.)၏ ဖခင်ဖြစ်သူ ဦးညိုသည် ၆-၇-၂၀၀၃ရက်နေ့တွင် ကွယ်လွန်ကြောင်း ကြားသိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

Oriental Comet Travels Co.,Ltd နှင့်
Auto Net Travels Co.,Ltdမှ ဝန်ထမ်းမိသားစုများ။

ဝမ်းနည်းကြေကွဲခြင်း
မောင်ဘီဂျေး
အသက်(၃၃)နှစ်၊ (ကလေးမြို့)

ချစ်သူငယ်ချင်း မောင်မနော၏ညီသည် ၈-၇-၂၀၀၃ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် သူငယ်ချင်း၏မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ရန်ကုန်၊ မုံရွာ၊ ကလေးမြို့ရှိ
သူငယ်ချင်းများ။

အများသိစေရန်ကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေ မ/၈-၁၃၊ နှင်းဆီလမ်း၊ မြို့သစ်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့နေ မရွှေရွှေမြင့် နိုင်ငံသားမှတ်ပုံတင်အမှတ် [၁၃/လရန(နိုင်)၀၇၉၇၅၉] က အောက်ဖော်ပြပါမြေနှင့် RC နှစ်ထပ်တိုက်တစ်လုံးနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးစာချုပ်ချုပ်ဆိုပြီးဖြစ်ပါသည်။ ၎င်းမြေနှင့်နှစ်ထပ်တိုက်နှင့်ပတ်သက်၍ မည်သူမဆိုကန့်ကွက်လိုပါက စာချုပ်စာတမ်းအထောက်အထားများဖြင့် (၇ရက်အတွင်း)ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက အရောင်းအဝယ်စာချုပ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ရောင်းချမည့်ပစ္စည်းစာရင်း

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်အရှေ့နှင့် သရက်ကုန်းတိုက်နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀-ဘီ)၊ မြေကွက်အမှတ် ၅၂၄အီး၃/၁ ဧရိယာ(၀.၀၁၂၉၀)ဧကရှိ ဘိုးဘွားပိုင်မြေကွက်နှင့် ယင်းမြေကွက်ထဲသို့ အများဆုံးဝင်/ထွက်လမ်း အပါအဝင်အကျိုးခံစားခွင့်အားလုံး။

ညွှန်ကြားချက်အရ—
တွံတေးဦးသိန်းဝင်း B.A, HG.P,R.L တရားရုံးချုပ်ရှေ့နေ (၄၇၅၈)
ရုံး(၁၃၂)၊ (ပ)ထပ်၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့၊ ဖုန်း—၃၇၅၂၉၂။
(အိမ်)၂၀၈၊ မဟာဗောဂ(၂)လမ်း၊ (၃)ရပ်ကွက်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

လွမ်းဆွတ်သတိရခြင်း

၁၁-၇-၂၀၀၁ရက်မှစ၍ မိသားစုနှင့် ခွဲခွာသွားခဲ့သည်မှာ (၂)နှစ်ပြည့်မြောက်ပြီဖြစ်သော်လည်းလွမ်းဆွတ် သတိရနေပါသည်။ ကွယ်လွန်သူအား ရည်စူး၍ ပြုလုပ်သော ဒေါ်ခင်ခင်ဝေ(ခ)ဂရေစီအား လှူဒါန်းမှု အစုစု ကုသိုလ်ကောင်းမှုများကို ရောက်ရာဘုံဘဝမှ သာဓုခေါ်နိုင်ပါစေ။ **အမျှ—အမျှ—အမျှ**

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးဝင်း(၅၆)နှစ်
B.E(E.P)
တိုင်းလျှပ်စစ်အင်ဂျင်နီယာ(မန္တလေး)

မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ တိုင်းလျှပ်စစ်အင်ဂျင်နီယာ(မန္တလေး) ဦးဝင်းသည် ၆-၇-၂၀၀၃ရက်တွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

'စိုး'လျှပ်စစ်နှင့်စက်ကိရိယာကုမ္ပဏီလီမိတက်။

ဖခင်အမည်မှန်

မအူပင်မြို့၊ အထက(၁)ဒသမတန်း(B)မှ မမေသူမျိုး၏ ဖခင်အမည်မှန်မှာ စောမျိုးအေး[၁၄/မအပ(နိုင်)၀၉၁၂၁၉]ဖြစ်ပါကြောင်း။

စောမျိုးအေး။

ကန့်ကွက်နိုင်ရန်ကြော်ငြာ

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂-ဂျေ)၊ မြေကွက်အမှတ် (V-၇၇အေ) ဧရိယာ(၀.၀၁၅၀)ဧကရှိ နှစ်(၆၀)ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ မင်္ဂလာတောင်ညွန့်မြို့နယ်၊ မြန်မာ့ဂုဏ်ရည်လမ်း၊ အမှတ်(၁၅၉/၁၆၁)ခေါ် အဆောက်အအုံပါ အခွင့်အရေးအရပ်ရပ်တို့ကို လက်ရှိနှင့် တရားဝင်အမည်ပေါက် ပိုင်ရှင် ဦးကျော်ဝင်းနှင့် ဒေါ်ခင်ကြည်တို့ထံမှ ဒေါ်ခင်စန်းဝင်းက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသငွေကို ပေးချေပြီးဖြစ်ပါသည်။ ယင်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိလျှင် ခိုင်လုံသောအထောက်အထားဖြင့် ဤကြော်ငြာပါသည့် နေ့မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူ မရှိလျှင် ယင်းအရောင်းအဝယ်ကိစ္စကို ပြီးမြောက်အောင် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ညွှန်ကြားချက်ဖြင့် —
ဦးသန်းအောင်
ဝိဇ္ဇာဘွဲ့နှင့် ဥပဒေဘွဲ့ရ
တရားရုံးချုပ်ရှေ့နေနှင့်
နိုတြီပဗ္ဗလစ်
၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ရန်ကုန်မြို့။

ဦးအုန်းကြိုင် (၇၉)နှစ်

လက်ထောက်စာစစ်(ငြိမ်း)
ဆောက်လုပ်ရေးဝန်ကြီးဌာန၊ဝန်ကြီးရုံး
သဲကုန်းမြို့နယ်အသင်းဝင်

သဲကုန်းမြို့နေ (ဦးပု-ဒေါ်ကျော့)တို့၏ သား၊ ဒေါ်သန်းခင်၏ခင်ပွန်း၊ ဦးအောင်မင်း(စာရင်းစစ်၊ ငြိမ်း၊ သတ္တုတွင်း-၂)၊(ဝင်းချယ်ရီ Co.,) ဒေါ်ကြည်ကြည်ဝေ၊ ဦးဝင်းကျော်-ဒေါ်မိုးမိုးခိုင်၊ ဒေါ်မြင့်မြင့်ကြည်၊ ဦးမျိုးလှိုင်(Golden Eagle Co.,)၊ ဒေါ်စန်းစန်းဦး၊ ဦးသောင်းလွင်(Univan Co.,)-ဒေါ်ခင်သီတာဝင်း(MFTB)၊ ဦးသောင်းထွဋ်(မြေတိုင်း၊ အိုးအိမ်)-ဒေါ်မာမာကြည်၊ ဒေါ်တင်တင်ထွေး(ဆောက်လုပ်ရေးဝန်ကြီးရုံး)တို့၏ မွေးသဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် အမှတ်(၁၃)၊ မဟာဗောဂလမ်း၊ ကျိုက်တော်ရပ်နေအိမ်၌ ၈-၇-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၁၂-၇-၂၀၀၃ (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးဘဦး (၇၈)နှစ်

လဝက(ငြိမ်း)

စစ်တွေမြို့၊ မင်းဂံရပ်ကွက်၊ အကွက် ၇နေ (ဦးအောင်ဖဖြူ-ဒေါ်ဖြူမယေ)တို့၏ သား၊ ဒေါ်ယဉ်လှ၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ဦးယဉ်လှ-(ဦးသောင်းတင်)၊ ဦးမောင်မောင်လှ-ဒေါ်သာရာ၊ ဦးတင်ရွှေ-ဒေါ်ခင်မြင့်၊ဒေါ်မမြိုင်၊ ဦးထွန်းကြိုင်-ဒေါ်သန်းအေး၊ဦးအေးကြိုင်-မတင်တင်ညို၊ မအေးအေးသိန်း၊ ဦးရွှေထွန်းခိုင်၊ မောင်ထွန်းဝင်း၊ မအေးနုတို့၏ ချစ်လှစွာသော ဖခင်၊ မြေး ၁၈ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုးသည် စစ်တွေမြို့ မင်းဂံရပ်ကွက် နေအိမ်၌ ၈-၇-၂၀၀၃ ရက်တွင် ကွယ်လွန်ပါ၍ ၁၁-၇-၂၀၀၃ရက် မွန်းလွဲ ၁နာရီတွင် အာကိုတ်တော်ကုန်းသုသာန်၌ မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ကျေးဇူးတင်ရှိခြင်း

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

ဦးသိန်းအောင်(၇၆)နှစ်

သိန်းကမ္ဘာပွဲရုံ၊ ပျော်ဘွယ်မြို့

၉-၇-၂၀၀၃ရက်တွင် ကွယ်လွန်သွားခဲ့သော ဦးသိန်းအောင်၏ ဈာပနသို့ လိုက်ပါပို့ဆောင်ပေးခဲ့ကြသော ရပ်နီးရပ်ဝေးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား ကျေးဇူးတင်ရှိပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးစိုးသိန်း(ခ)ဦးဇော်

(ရဲအုပ်၊ ငြိမ်း)၊ လ/၅၆၇၂၁

အသက် (၇၁)နှစ်

(မင်းလှ)

ပဲခူးတိုင်း၊ မင်းလှမြို့၊ ဌာနာ ရပ်ကွက်သစ်နေ ဒေါ်မမလေး-ဒေါ်ကြွယ်ကြွယ်တို့၏မောင်၊ ဒေါ်အုန်းကြည်၏ ခင်ပွန်း၊ ရဲအုပ်ဝင်းထွန်း - ဒေါ်ခင်စိုးစိုးအောင်၊ မောင်ထွန်းထွန်းအောင်-မကြူကြူသိန်း (ရတနာထွန်းရွှေဆိုင်)တို့၏ ဖခင်၊ မြေးသုံးယောက်တို့၏ အဘိုးသည် ၇-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၁-၇-၂၀၀၃ရက် မွန်းလွဲ ၁နာရီတွင် မင်းလှမြို့အနောက်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဦးအောင်အောင်မြင့် (အောင်အောင်)(၅၃)နှစ်

(ပုဇွန်တောင်)

ရန်ကုန်မြို့၊ အမှတ်(၉၆)၊ (၂၉)ရပ်ကွက်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်နေ ဦးသိန်းလွင်-(ဒေါ်လေးတင်)တို့၏ သား၊ (ဦးသန်းလွင်)-ဒေါ်သန်းစီတို့၏ သားသမက်၊ (ဒေါ်ခင်သန်းမြင့်)၏ခင်ပွန်း၊ မောင်အောင်ကိုကိုမြင့်(ကမ္ဘာကျော် T.Vရောင်းဝယ်ရေး)-မောင်မြတ်ကိုကိုအောင်(Hi-Fi T.V ရောင်းဝယ်ရေး)၊ မငုဝါအောင်(Journeys Tour Co., Ltd.)တို့၏ မွေးသဖခင် ဦးအောင်အောင်မြင့်သည် ၁၀-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၂-၇-၂၀၀၃(စနေနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်သီရိဝင်း (၄၈)နှစ်

B.Sc (Maths)

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဝန်ထမ်းဟောင်း

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၂)ရပ်ကွက်၊ (၃၄)လမ်း၊ အမှတ်(၁၄၁/၁၄၃)၊ ပထမထပ်ယာနေ (ဦးဟန်-ဒေါ်ကြည်)တို့၏ မြေး၊ ဒေါ်တင်တင်ဦး (အငြိမ်းစား၊ ကျောင်းဆရာမ၊ အထက-၃၊ မင်္ဂလာတောင်ညွန့်၊ St. Joseph Convent)၏ ချစ်လှစွာသော သမီး၊ မောင်ဇော်ဝင်းတင်(EXE Corporation Yangon Branch)၏ ချစ်လှစွာသော အစ်မ ဒေါ်သီရိဝင်းသည် ၉-၇-၂၀၀၃ ရက်တွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၁-၇-၂၀၀၃ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

Mrs. G.M.C Nelson(ခ) ဒေါ်မီမီခိုင် အသက်(၉၀)

မော်လမြိုင်မြို့၊ မရမ်းကုန်းရပ်ကွက်၊ အမှတ်(၄၂)၊ ပုလဲလမ်းနေ(Dr. S.A.R. Valles-ဒေါ်ကြူကြူ)တို့၏ သမီး၊ (Mr. G.E. Nelson)၏ ဇနီး၊ ဖျာပုံမြို့နေ ဒေါက်တာကျော်စွာထွန်း-ဒေါ်ခင်မြင့်ဝေ၊ မော်လမြိုင်မြို့နေ ဦးကျော်ညွှန့်(ပြည်နယ်စီမံရေးရာမန်နေဂျာ၊ ကုန်သွယ်/လယ်ယာ၊ မွန်ပြည်နယ်)-ဒေါ်စန်းစန်းလွင်တို့၏ မိခင်၊ ကိုကျော်စွာမြင့်-မသိန်းသိန်းအေး၊ ကိုကျော်စွာအောင်၊ ကိုမင်းမင်းစိုး-မသိန်းသိန်းငွေ၊ ကိုကျော်မင်းလွင်၊ မသင်းမာလာကျော်၊ မကြေးမုံကျော်တို့၏ အဘွား၊ အောင်ကျော်စွာမျိုး၊ ဟိန်းထက်ကျော်စွာတို့၏ အဘွားသည် မော်လမြိုင်နေအိမ်၌ ၉-၇-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၁၁-၇-၂၀၀၃ရက် မွန်းလွဲ ၁နာရီတွင် ပိန္နဲကုန်းခရစ်ယာန်သုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာ

ဦးအောင်မြင့် (၇၆)နှစ်

(သူရဲကောင်းမှတ်တမ်းဝင်)

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဓမ္မာရုံလမ်း၊ အမှတ်(၅၆)နေ (ဦးကျော်လင်း-ဒေါ်ကျင်)တို့၏ သားကြီး၊ (ဒေါ်ခင်ခင်ထွေး)၏ ခင်ပွန်း၊ (ဦးတင်မောင်)-ဒေါ်မြမြတို့၏ အစ်ကိုကြီး၊ ဦးမြင့်ဦး-ဒေါ်စလိုမီ၊ ဒေါက်တာဦးဟန်စိန်(မုံရွာပြည်သူ့ဆေးရုံကြီး)-ဒေါ်ခင်ယုမေ၊ ဦးခင်မောင်လတ်-ဒေါ်ခင်ခင်လေး၊ ဒေါက်တာသိန်းကျော်-ဒေါ်မာလာမြင့်(ငွေစာရင်း၊ ဆောက်လုပ်ရေး)၊ ဦးတင်ဦး(ရေနံဓာတု)၊ ဒေါ်သီတာအောင်(သတ္တဗေဒဌာန၊ ရန်ကုန်တက္ကသိုလ်)၊ မစန်းစန်းငွေ၊ ဦးခင်မောင်ဝင်း(MTM Shipping)၊ ဦးအောင်ဆန်းဝင်း(Skipper Shipping)တို့၏ ကျေးဇူးရှင်မွေးသဖခင် ဦးအောင်မြင့်သည် ၁၀-၇-၂၀၀၃ ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၂-၇-၂၀၀၃ (စနေနေ့) ညနေ ၃:၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း
အလ်ဟဂျ်အဟ်မဒ်အဗ္ဗဒွလ်လတီးဖ်ဃာဇီ(ခ)

ဦးမြင့်မောင်(ခ)ဦးမောင်မြင့် အသက်(၇၂)နှစ်

ရှခင်းသာအိမ်ဆောက်ပစ္စည်းဆိုင်
မဟူရာသွင်းကုန်ထုတ်ကုန်ကုမ္ပဏီ
မီလုံစတားအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်
မိုးကြိုးတည်းခိုရိပ်သာ
(ရှခင်းသာ)

ပုသိမ်မြို့နေ(ဦးလှတင်-ဒေါ်ရန်)၏ သား၊ (ဦးထွန်းအောင်)-ဒေါ်ချိုတီတို့၏ သားသမက်၊ရန်ကုန်မြို့၊ကျောက်တံတားမြို့နယ်၊ (၃၄)လမ်း၊အမှတ်(၁၁၆/၁၂၄) နှင့် ပန်းဘဲတန်းမြို့နယ်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၅၁၂/၅၁၄)၊ (ရှခင်းသာ) နေ ဒေါ်ဝင်းကြည်၏ ချစ်လှစွာသော ခင်ပွန်း၊ဒေါ်ခင်သီတာM.Sc.(Maths;)-ဦးသန်းဝင်း၊ဒေါ်ဘေဘီ[B.Sc. (Maths;) Hons;အထက်တန်းရှေ့နေ]၊ ဒေါ်လှလှဝင်း[B.Sc.(Phy;)Q]၊ဦးမောင်မောင်ဦး-ဒေါ်မိုးမိုး၊ ဒေါ်ချိုချိုဝင်း[B.Sc(Phy;)]-ဦးကိုကိုအောင် [M.A.QII (Geo;)]၊ ဦးမောင်မောင်လတ်-ဒေါ်စန္ဒာ၊ ဒေါ်စန္ဒာဝင်း[B.Sc (Phy;) Q Credit]-ဦးကျော်စိုး [B.Sc(Zool;)] တို့၏ မွေးသဖခင်၊ မမေဂျူးလတ် (၉တန်း၊ အထက-၁၊ ကျောက်တံတား)၊ မယွန်းရွှေရည်ဝင်း(၅တန်း၊ အထက-၂၊လသာ)၊ မောင်နေပိုင်လတ်(၅တန်း၊ အလက-၂၊ပန်းဘဲတန်း)၊ မစုလဲ့ရည်ဝင်း (၄တန်း၊ အထက-၂၊ လသာ)၊ မောင်ကျော်ထက်အောင်(Grade III, B.E.C)၊ မနှင်းပွင့်ဖြူ(K.G.F.I.S.C)၊မယွန်းမီမီအောင်(သူငယ်တန်း၊ အလက-၂၊ ပန်းဘဲတန်း)၊ (မောင်ဟမ္မဇာ)၊ မနုရည်မိုးဦး၊ မိုးပွင့်ဖြူတို့၏အဘိုးသည် ၆-၇-၂၀၀၃ ရက်တွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါ၍ ယင်းနေ့ဇိုဟိုရ်နမာဇ်အပြီး စူရ်တီစွန္နီဂျာမေဗလီကြီးတွင် ဂျနာဇာနမာဇ်ဝတ်ပြုပြီး ရေဝေး စွန္နီကဘာရ်စတန်၌ ဒါဖနာပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့ အားအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု။

ဦးခင်စိုး အသက်(၄၀)

စီးကရက်ပုံနှိပ်

ရန်ကုန်မြို့နေ (ဦးမောင်ငယ်)-ဒေါ်မြင့်သန်း(စီးကရက်စက်ရုံ-၁)တို့၏ သား၊ (ဦးကျော်ဒင်)-ဒေါ်အုန်းစိန်တို့၏ သားသမက်၊ ဒေါ်ခင်ပြုံး(ခ)ဒေါ်ခင်နှောင်း၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်မြတ်ကိုကို၊ မောင်သန်းဝင်းကို(အထက-၁၊ လှိုင်သာယာ)၊ မောင်မင်းထွန်းကိုတို့၏ မွေးသဖခင်သည် ၈-၇-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၁၂-၇-၂၀၀၃ (စနေနေ့) မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ခြောက်မိုင်ခွဲအိမ်မှကားများ မွန်းလွဲ ၁နာရီနှင့် လှိုင်သာယာအိမ်မှကားများ မွန်းလွဲ ၁:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊တန်ဆောင်း၊ရေတွင်း၊ ရဟန်း ဒါယကာကြီး

ဦးလှကြည် (၈၃)နှစ်

တပ်ကြပ်ကြီး၊ ငြိမ်း
(ဝါးခယ်မ)

ဧရာဝတီတိုင်း၊ ကြံခင်းမြို့၊ မင်းသီရိရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ အမှတ်(အေ-၂၀၇)နေ (ဦးဆင်-ဒေါ်ကျင်မယ်) (ဝါးခယ်မ)တို့၏ သားကြီး၊ (ဦးစိုးရ-ဒေါ်ခင်နု၊ စပါးရိုး)တို့၏ သားသမက်၊ ဒေါ်လှခင်(စပါးရိုး)၏ ခင်ပွန်း၊ (ဦးလွယ်ကို-ဒေါ်သိန်းမြင့်)(မန္တလေး)တို့၏ မောင်၊ ဦးမောင်လင်း-ဒေါ်မြကြည်(ရွှေလောင်း)၊ (ဦးစိန်ကြည်)-ဒေါ်တင်တင်မြင့်(အောင်ပန်း)၊ (ဦးစိန်ဝင်း-ဒေါ်အေးရင်)(ပေါင်းတည်)၊ဦးသောင်း(Daimaru Co. Ygn)-ဒေါ်ငွေငွေဦး၊ (ဦးစိန်ရှန်)-ဒေါ်ကြည်လှ(ဝါးခယ်မ)တို့၏အစ်ကိုကြီး၊(တပ်ကြပ်ကြီးကျော်သီဟ-ဒေါ်တင်တင်လှ)(ပြင်ဦးလွင်)၊ ဦးကြည်မောင်(စက်ရုံမှူး၊ ကြံခင်းဘိလပ်မြေစက်ရုံ၊ မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း)-ဒေါ်ဝင်းဝင်းခိုင်၊ ဦးသန်းစိန်(စာရင်းစစ်မှူး၊ မြို့နယ်စာရင်းရုံး၊ ကလေးမြို့)-ဒေါ်မြင့်မြင့်ရီ၊ မလှလှစိန်၊ ဦးစိန်မိုး-ဒေါ်သီတာ(တမူးမြို့)၊ (မစန်းစန်းမွေး)၊ ဗိုလ်မှူးလှဦး(ဒုတပ်ရင်းမှူး)-ဒေါ်စန်းစန်းအေး(အလပြဆရာမ၊ မိုင်းခုတ်)၊ မောင်စိန်တိုးတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မြေး ၁၅ယောက်၊ မြစ်နှစ်ယောက်တို့၏ အဘိုးသည် ၇-၇-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၉-၇-၂၀၀၃ရက်တွင် ကြံခင်းမြို့သုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဦးဘကောင်း (၈၂)နှစ်

B.A.,B.L
လက်ထောက်
ကျောင်းသားရေးရာမှူး(ငြိမ်း)
အခြေခံပညာဦးစီးဌာန(ကျောင်းသားရေးရာ)
(ရှမ်းမကား)

စစ်ကိုင်းတိုင်း၊ ဝက်လက်မြို့နယ်၊ ရှမ်းမကားရွာနေ (ဦးလှိုင်-ဒေါ်ကြွယ်မိ)တို့၏ သား၊ ရန်ကုန်တိုင်း၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ရုံးကြီးလမ်း၊ အမှတ်(၂၂)နေ ဒေါ်သိန်းရင်(စီးပွားရေးတက္ကသိုလ်၊ ငြိမ်း)၏ ခင်ပွန်း၊ မခိုင်မေကောင်း (Final Year - Physics)၊ မောင်ဇင်ဝေကောင်း (Final Year-Chemistry၊ ပညာတန်ဆောင်)တို့၏ ဖခင်သည် ၈-၇-၂၀၀၃ရက်တွင် အာရုတော်ဝင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၂-၇-၂၀၀၃(စနေနေ့)ညနေ ၃နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ကြည့်မြင်တိုင်နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး

ဒေါ်တင်တင်(ခ)အန်ရေဘွန် အသက်(၇၇)နှစ်

ဂရိတ်စတားတိုး

ရန်ကုန်မြို့၊ အမှတ်(၃၅)၊ ငါးလွှာ၊ ရေကျော်လမ်းမ၊ ပုဇွန်တောင်မြို့နယ်နေ [ဦးတန်ချိုင်ချင်း(ခ)တန်ထွာထောင်]၏ ဇနီး၊ ဦးကျော်လွင်-ဒေါ်နီလာ၊ ဒေါ်မြင့်မြင့်မော်၊ ဦးရဲလွင်-ဒေါ်တင်တင်နှင်း၊ ဦးစံလွင်-ဒေါ်မာလာတို့၏ မိခင်၊ မြေး ၁၁ယောက်တို့၏ အဘွားသည် ၉-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၁-၇-၂၀၀၃ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး

ဦးမြတင်(ခ)ဦးမြဒင် အသက်(၆၇)နှစ်

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နေ (ဦးအုန်းတင်-ဒေါ်ငွေခင်)တို့၏ သား၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်း(၈)လမ်းမြောက်နေ ဒေါ်စန်းရီ(ခ) ဒေါ်စန်း၏ခင်ပွန်း၊ (ဦးမြသီး)-ဒေါ်မာမာချို(စိန်သံမဏိ)၊ ဦးအေးမင်း-ဒေါ်သီသီအေး၊ ဒေါက်တာ ကျော်လင်း(မ/ဥက္ကလာပဆေးရုံကြီး)-ဒေါ်ရီရီငွေတို့၏ ဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် အာရုတော်ဝင်ဆေးခန်း၌ ၇-၇-၂၀၀၃ ရက်တွင် ကွယ်လွန်ပါ၍ ၉-၇-၂၀၀၃ ရက်တွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း။ ကျန်ရစ်သူမိသားစု။

မညို(ခ)အေးအေးသန့် အသက်(၄၅)နှစ်

ကုန်စိမ်းပွဲရုံ၊ (ပြည်)

သဲကုန်းမြို့နယ်၊ ဆင်မီးဆွဲမြို့၊ အုတ်ဖိုးစုရပ်နေ (ဦးတင်ငွေ)-ဒေါ်လှကြည်တို့၏ သမီး၊ ကိုလှဝင်း-မရီမြင့်တို့၏ ညီမ၊ အမှတ်(၁၀၆၂)၊ ဘုရားနီလမ်းရှည်၊ ပြည်မြို့နေ ကိုအီးထောင်(ခ)ကိုမောင်မြင့်၏ ဇနီး၊ မောင်ထွန်းနိုင်ဦး-မငွေငွေမော်၊ မမေဇင်သက်၊ မခင်မျိုးခိုင်၊ (၉၃၅)၊ အင်းဝ(၇)လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့တို့၏ မွေးသမိခင်၊ မြေး နှစ်ယောက်တို့၏ အဘွားသည် ၁၀-၇-၂၀၀၃ရက်တွင် ရန်ကုန်မြို့၊ နှလုံးအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၂-၇-၂၀၀၃ရက် ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ခရစ်တော်၌အိပ်ပျော်ခြင်း

ဆရာမကြီးဒေါ်နန် အသက်(၈၆)နှစ်

(တောင်ကြီး)

တောင်ကြီးမြို့၊ အမှတ်(၁၃၇/ဂ)၊ နေလလမ်းသွယ်၊ ရေအေးကွင်းရပ်နေ (ဆရာကြီးဦးလဆမ်-ဆရာမဒေါ်အမ်ဆိုင်)တို့၏ ဒုတိယသမီး၊ (ဦးဂမ်အောင်)၏ ချစ်လှစွာသောဇနီး၊ (ဦးတန်ဘောင်ဂမ်)-ဒေါ်မာဆိုင်၊ (ဦးဂျန်မော်တူး)-ဒေါ်မာထွယ်၊ ဒေါက်တာဆယ်မြူရယ်လင်း - ဒေါက်တာစောနန္ဒာအောင် (ခေတ္တ-ဟောင်ကောင်)၊ ဦးဒေးဗစ်လင်း-ဒေါ်နန်းရွှေကြည်၊ ဒေါ်ခေါန်ရာ၊ ဒေါက်တာလနူ - ဒေါ်မော်လီ(ခေတ္တ-U.S.A)၊ ဒေါက်တာတူးလွမ်-ဒေါ်ဒိုင်ယာနာ၊ ဒေါ်လုဆိုင်တို့၏ မွေးသမိခင် ကျေးဇူးရှင်၊ တူ၊ တူမ ၂၆ယောက်တို့၏ အဒေါ်၊ မြေး ၂၄ယောက်၊ မြစ် ၁၇ယောက်တို့၏ အဘွားသည် ၉-၇-၂၀၀၃ရက်တွင်ခရစ်တော်၌အိပ်ပျော်သွားပါ၍ ၁၂-၇-၂၀၀၃(စနေနေ့)နံနက် ၁၁နာရီတွင်တရုတ်နှစ်ခြင်းခရစ်ယာန်အသင်းတော်၌ ဝတ်ပြုကိုးကွယ်ပြီး တောင်ကြီးမြို့၊ ဟိုပုန်းသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။(တရုတ်နှစ်ခြင်းအသင်းတော်မှကားများ မွန်းလွဲ၁၂:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသောက် (၈၁)နှစ်

(ဖားကူး)

ရန်ကုန်မြို့၊ အမှတ်(၁၆)၊ သမိန်ဗရမ်းလမ်း၊ တာမွေမြို့နယ် (ဦးဘသိန်း-ဒေါ်အုံးမေ)တို့၏ သား၊ဒေါ်ညွှန့်ရီ၏ မောင်၊ ဦးကြည်၏အစ်ကို၊ ဒုတိယဗိုလ်မှူးကြီးထွန်းစိန်(ရေ)-ဒေါ်ခင်သန္တာတို့၏ဦးလေး၊ မြေး သုံးယောက်တို့၏ အဘိုးလေးသည် ၁၀-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၂-၇-၂၀၀၃ရက် ညနေ ၃:၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂:၄၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယကာကြီး

ဦးခင်မောင်ကြီး(ခ)ဦးခင်ကြီး အသက်(၇၇)နှစ်

ဒုအထွေထွေမန်နေဂျာ(ငြိမ်း)
မြန်မာနိုင်ငံခြားကုန်သွယ်မှုဘဏ်
(မော်လမြိုင်)

ရန်ကုန်တိုင်း၊ အမှတ်(၅၃)၊ မအူပင်လမ်း၊ စမ်းချောင်းမြို့နယ်နေ (ဦးမောင်တင်-ဒေါ်ငွေပွင့်)တို့၏ သား၊ (ဦးစောဖေ-ဒေါ်စမ်းတင့်)တို့၏ သားသမက်၊ (ဒေါ်ခင်တင့်တင့်)၏ ခင်ပွန်း၊ (ဦးသိန်းမြင့်)-ဒေါ်ရီမြိုင်၊ ဒေါ်အေးအေးသစ်၊ ဦးစိုးဝင်း(ငြိမ်း၊ MFTB)၊ ဒေါ်မာမာဆွေတို့၏ အစ်ကို၊ ဦးမင်းသိုက်-ရှားလော့၊ ဦးစိုးသိုက်၊ ဦးအေးသိုက်-ဒေါ်မြင့်မြင့်ခိုင်၊ ဦးအောင်သိုက်-ဒေါ်မိုးနှင်းဖြူ၊ ဒေါ်သဇင်သိုက်(MFTB)၊ ဒေါ်မိုးမမသိုက်-ဦးစိုင်းလေးမြင့်တို့၏ ဖခင်၊ မြေး သုံးယောက်တို့၏အဘိုးသည် ၁၀-၇-၂၀၀၃ရက်တွင် မဟာမြိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၂-၇-၂၀၀၃ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှကားများ နံနက် ၁၁:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ရှုတီ (၇၅)နှစ်

(တောင်ကြီး)

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ်(၁၀၁)၊ ရွှေတောင်တန်းလမ်းနေ ဦးလေးရာ၏ ချစ်လှစွာသော ဇနီး၊ ဒေါ်ကြည်ကြည်ဝင်း-ဦးကြည်ကင်၊ ဦးစိန်မြင့်-ဒေါ်ခင်ခင်ထွေး၊(ဦးမြင့်ဦး)-ဒေါ်ဝင်းကြည်၊ ဒေါ်သွယ်သွယ်ဝင်း-ဦးအောင်ကောင်းစိန်၊ ဒေါ်စုစုဝင်း-ဦးကျင်စိုး၊ ဒေါ်သန္တာဝင်း-ဦးထွန်းလှ၊ ဒေါ်သဇင်ဝင်း-ဦးအောင်ကျော်မြင့်တို့၏ မိခင်၊ မြေး၂၁ယောက်တို့၏အဘွားသည် ၁၀-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၂-၇-၂၀၀၃(စနေနေ့) နံနက် ၁၁နာရီတွင် နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။

(အထက်ပါနေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်ချိုချိုမြင့် (၅၉)နှစ်

နှင်းရွှေရည်ရွှေဆိုင်၊ (နန္ဒဝန်ဈေး)

ရန်ကုန်မြို့၊ အမှတ်(၉၀၃)၊ ဗြဟ္မစိုရ်လမ်း၊ (၆)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးမောင်ဆန်း-ဒေါ်ဒေါင်းရွှေ)တို့၏ သမီး၊ (ဦးကျော်ရင်-ဒေါ်မေမေ)တို့၏ ချွေးမ၊ ဗိုလ်မှူးလှရင်(ငြိမ်း)-ဒေါ်ခင်စု(ဆန်းဝင်းရွှေဆိုင်)၊ဦးအောင်ကျော်-ဒေါ်ကြင်အေး(ခေတ္တ-USA)၊ဦးလှရွှေ(ခ)ဦးကူးပေါင်း-ဒေါ်မြင့်မြင့်သန်းတို့၏ညီမ၊ ဦးဝင်းတင်(ခေတ္တ-ဂျပန်)-ဒေါ်ကြင်လှ(ရွှေစံအိမ်ရွှေဆိုင်)၊ (ဦးအောင်သူ)-ဒေါ်ခင်ဖြူရှိန်တို့၏ အစ်မ၊ (ဦးဥာဏ်စိုး၊ ဒု/မန်နေဂျာ၊ သစ်ထုတ်လုပ်ရေးဌာန၊ ပဲခူး)၏ ဇနီး၊ (စဝ်ရန်ကြီးအောင်)-မနှင်းမာလာစိုး၊ မောင်ရန်နိုင်စိုး(တ/နှစ်၊ သချာ်)-မဇင်မာနွယ်တို့၏ မိခင်၊ မောင်ဝေယံမင်းသန့်(YTTC)၊မဖြူသန့်ခိုင်တို့၏ အဘွားသည် ၉-၇-၂၀၀၃ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၁-၇-၂၀၀၃ (သောကြာနေ့)ညနေ ၃နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယိကာမကြီး

ဒေါ်စု အသက်(၉၀)

(အောင်လံ၊ကျုံမငေး)

ကျုံမငေးမြို့နေ(ဦးထွန်းပိုင်-ဒေါ်အိမ်မြိုင်)တို့၏ သမီး၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ (၃၀)ရပ်ကွက်၊ ပင်လုံလမ်း၊ အမှတ်(၂၂၈)နေ ဦးမောင်ဟန်၏ ဇနီး၊အရှင်နန္ဒသီရိ(ပဲရစ်မြို့၊ ပြင်သစ်နိုင်ငံ)၊ အရှင်ဉာဏနန္ဒ(ငါးထပ်ကြီး စာသင်တိုက်)တို့၏ ရဟန်းဒါယိကာမကြီး၊ တောင်ဥက္ကလာပမြို့နေ(ဦးပြူး)-ဒေါ်ဖွားခင်(သဘာဝမုန့်ဟင်းခါးလုပ်ငန်း)တို့၏ ကျေးဇူးရှင် ဒေါ်လေး ဒေါ်စုသည် ၉-၇-၂၀၀၃ရက်တွင် ကွယ်လွန်သွားပါ၍ ၁၁-၇-၂၀၀၃ (သောကြာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပါမည်။[ဒဂုံမြို့သစ်(မြောက်ပိုင်း)နေအိမ်မှကားများနံနက် ၁၁နာရီတွင် ထွက်ပါမည်။]ကျန်ရစ်သူမိသားစု။

ဒေါ်စောကြွေ (၈၈)နှစ်

(ဖောင်တော်သီ)

ပဲခူးတိုင်း၊ ဒိုက်ဦးမြို့နယ်၊ ဖောင်တော်သီမြို့နေ (ဦးစန္ဒာ-ဒေါ်ဖွားအို)တို့၏ သမီး၊ ဦးတင်ဦး-(ဒေါ်တင်လှ)၊ ဦးမြင့်သိန်း(Asia World)-ဒေါ်လှမြင့်၊ ဦးမြင့်ကြည်(တိမ္မေးကု၊ မြစ်ကြီးနား)-ဒေါ်ထွေးထွေးကြူ၊ (ဦးတင်မြင့်)၊ ဦးမောင်ပြုံး-ဒေါ်ကြည်ကြည်ဝင်း၊ (ဦးသန်းအောင်)-ဒေါ်မြင့်မြင့်စိန်တို့၏ ကျေးဇူးရှင်မိခင်ကြီး၊ မြေး ၁၃ယောက်တို့၏ ဘွားဘွားကြီး၊ ဦးစိန်မောင်၏ဇနီးသည် ၉-၇-၂၀၀၃ ရက်တွင် အမှတ်(၃၉၁)၊ (၁၁)ရပ်ကွက်၊ ဇေယျာအေးမြ(၁)လမ်း၊ မြောက်ဒဂုံမြို့သစ်နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၁-၇-၂၀၀၃ရက် ညနေ ၅နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃:၄၅နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာ

ဦးအောင်မြင့် (၇၆)နှစ်

(သူရဲကောင်းမှတ်တမ်းဝင်)

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဓမ္မာရုံလမ်း၊အမှတ်(၅၆)နေ (ဦးကျော်လင်း-ဒေါ်ကျင်)တို့၏သားကြီး၊ ဗိုလ်ကြီးထွန်းထွန်းလတ်-ဒေါ်ခင်ယုမွန်၊ ဗိုလ်ကြီးမင်းမင်းလတ်-ဒေါ်မြင့်မြင့်ချို(အင်္ဂလိပ်စာဌာန-ထားဝယ်ကောလိပ်)၊ မအိအိဟန် (စီးပွားရေးတက္ကသိုလ်၊မုံရွာမြို့)၊ မဟေဇင်ဦး (MIRACO MARINE)၊ မဇင်မာဟန်(IM.1)၊ မပိုပိုကျော်(UFL)၊ မောင်မြင့်မောင်မောင်၊ မောင်ဘိုဘိုလတ်၊ မတင်နှင်းယုနှင့်မစုစုဟန်တို့၏ ချစ်လှစွာသော အဘိုး၊ မြစ်နှစ်ယောက်တို့၏ အဘိုးသည် ၁၀-၇-၂၀၀၃ရက်တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၁၂-၇-၂၀၀၃ (စနေနေ့) ညနေ ၃:၃၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အထက်ပါနေအိမ်မှ ကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမြေးမြစ်တစ်စု။

ဒေါ်ခင်သစ်(၇၂)နှစ်

(တွံတေး)

ရန်ကုန်တိုင်း၊ တွံတေးမြို့၊ ဇီးဖြူကုန်းကျေးရွာနေ (ဦးမောင်မှိန်-ဒေါ်လေးတင်)တို့၏ သမီး၊ (ဦးကျော်သောင်း)-ဒေါ်ခင်သန်း၊ (ဦးမောင်ကို)-ဒေါ်ခင်မြင့်တို့၏ ညီမ၊ (ဦးမြိုင်)၏ ဇနီး၊ ကိုခင်မောင်ချို(ခေတ္တ-မလေးရှား)-မသန်းသန်းကြည်၊ ကိုတင်မောင်ချို-မညိုညို၊ ကိုမောင်မောင်လွင်(ကပစ-၃)-မနီနီချို၊ ကိုဇော်မင်း(ခေတ္တ-မလေးရှား)-မတင်တင်ဝေ၊ ကိုမြင့်နိုင်-မတင်တင်ချို (စီမံကိန်းရေးဆွဲရေး)တို့၏ မိခင်၊ မြေး ၁၀ယောက်တို့၏ အဘွားသည် ၉-၇-၂၀၀၃ရက်တွင် ၁/အနော်မာမြို့ပတ်လမ်း၊ သာကေတမြို့နေအိမ်၌ ကွယ်လွန်ပါ၍ ၁၁-၇-၂၀၀၃(သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ဘုရား၊ သိမ်၊ ကျောင်း၊ တန်ဆောင်း၊ ရဟန်းဒါယကာကြီး

ဦးစိန်လွင်(၆၉)နှစ်

ကုန်သွယ်ရေး(အငြိမ်းစား)
(မင်းရွာ)

ရန်ကုန်မြို့၊ သုံးခွမြို့နယ်၊ မင်းရွာကျေးရွာနေ (ဦးကျော်ရင်-ဒေါ်ငွေးမြင့်)တို့၏သားကြီး၊မော်လမြိုင်မြို့နေ(ဦးအောင်ဖိုန်-ဒေါ်ခင်ပု)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ အမှတ်(၄၂)၊ ရန်ကင်းလမ်း၊ စမ်းချောင်းမြို့နယ်နေ ဒေါ်သန်းရင်၏ ခင်ပွန်း၊ ဦးဝိစိတ္တ-(ဒေါ်မြင့်သိန်း)၊ ဦးမောင်အေး - ဒေါ်ဝင်းဝင်းနွဲ့တို့၏ အစ်ကို၊ ကိုလှမောင်ထွန်း-မနွယ်နီဦး၊ မောင်မြတ်စိုး-မလွင်လွင်မော်၊ မောင်တင်ထွန်း-မခင်သန်းလွင်တို့၏ ဖခင်၊ ကျော်သူရ၊ ဝေယံကျော်၊ သူရအောင်မင်းတို့၏ အဘိုးသည် ၉-၇-၂၀၀၃ရက်တွင် ကွယ်လွန်၍ ၁၁-၇-၂၀၀၃ရက် မွန်းလွဲ ၂နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများမွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်တင်တင်မြ (၇၂)နှစ်

MARRIE
အငြိမ်းစား (UNICEF)

ယစ်မျိုးဝန်ထောက်ကြီး(ဦးမောင်မောင်တင်-ဒေါ်မြသီ၊ ဒေါ်စုစုတင်)တို့၏ သမီးကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၄၆)ရပ်ကွက်၊ စံရိပ်ငြိမ်လမ်း၊ အမှတ်(၁၃၇)နေ ဦးတင်အောင်(ဦးစီးအရာရှိ၊ ပြည်တွင်းအခွန်-ငြိမ်း)၏ ချစ်လှစွာသော ဇနီး၊ ဦးသိန်းမြင့်(ပြည်တွင်းအခွန်)-ဒေါ်နွယ်နွယ်ဝင်း(ပြည်တွင်းအခွန်)၊ (ဦးတင်စိုး)-ဒေါ်သက်သက်တင်(စည်ပင်၊ သာကေတ)၊ ဦးမျိုးအောင်၊ (ဦးဝင်းအောင် SAE ဆောက်လုပ်ရေး)-ဒေါ်သီတာသိမ်း၊ ဦးအေးဝင်း-ဒေါ်မြတ်မြတ်လွင်၊ ဦးစိုးမြင့်အောင်(Asia Express) - ဒေါ်ခိုင်ကျော့လင်း၊ဒေါ်လှလှခိုင်(လ/ထကထိက၊ ပထဝီဌာန၊ ဒဂုံတက္ကသိုလ်)၊ ဦးကျော်ဇေယျ၊ ဒေါ်စပယ်အောင် (ပြည်တွင်းအခွန်)တို့၏ ချစ်လှစွာသော မွေးသမိခင်၊ မြေး ငါးယောက်တို့၏ အဘွားသည် ၉-၇-၂၀၀၃ရက် မွန်းလွဲ၁:၃၀နာရီတွင် မဟာမြိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၁-၇-၂၀၀၃ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၈:၃၀နာရီတွင် ထွက် ပါမည်။) ကျန်ရစ်သူမိသားစု။

ဒေါ်စန်းရင် (၆၉)နှစ်

(အမက-၁၄၊ တာမွေ)

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း၊ ပျားရည်ကုန်းရပ်ကွက်၊ အမှတ်(၇၈)နေ (ဦးဘရင်-ဒေါ်သိန်းနွယ်)တို့၏ သမီး၊ ဦးသိန်းရွှေ(ဒုရဲမှူး၊ ငြိမ်း)၏ဇနီး၊ (ဦးကျော်စိန်)-ဒေါ်ခင်ညွှန့်တို့၏ ညီမ၊ (ဦးဝင်းမောင်-ဒေါ်မြင့်မြင့်၊ ဗလကြေးပြားလုပ်ငန်း)၊ (ဦးကျော်ဇော)-ဒေါ်သီတာအောင်၊ (ဦးဝင်းကျော်)တို့၏ အစ်မ၊ တူ၊ တူမ ၁၅ယောက်၊ မြေး၁၁ယောက်တို့၏ အဘွားသည် ၁၀-၇-၂၀၀၃(ကြာသပတေးနေ့)တွင် ကွယ်လွန်ပါ၍ ၁၂-၇-၂၀၀၃ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ကန်တော်ကလေးထီးတန်းဓမ္မာရုံအသင်းကြီး

ဦးအောင်မြင့်(၇၇)နှစ်

အသင်းကြီး၏ဦးဆောင်နာယကအဖွဲ့ဝင် ဦးအောင်မြင့်သည် ၁၀-၇-၂၀၀၃ရက်တွင် ကွယ်လွန်ပါ၍ ၁၂-၇-၂၀၀၃ (စနေနေ့)ညနေ ၃နာရီတွင် သဂြိုဟ်မည်ဖြစ်ပါကြောင်း။ မွန်းလွဲ ၂နာရီတွင် အသင်းဓမ္မာရုံကြီးမှ အသင်းသားများ စုပေါင်းပို့ဆောင်ကြပါရန်။ အမှုဆောင်အဖွဲ့။

ဒေါ်တင်တင်မြ (၇၂)နှစ်

(MARRIE)
အငြိမ်းစား (UNICEF)

ယစ်မျိုးဝန်ထောက်ကြီး (ဦးမောင်မောင်တင်-ဒေါ်မြသီ၊ ဒေါ်စုစုတင်)တို့၏သမီးကြီး၊ ဗိုလ်မှူးကြီးတင်မောင်အေး(တပ်မတော်ဆေးရုံကြီး၊ ငြိမ်း)-ဒေါ်မေအေးမြင့်(ခေတ္တ-Bangkok)၊ (ဗိုလ်တင်မောင်ထွေး၊တပ်မတော်-လေ)၊ဦးသူရ(နို့ချက်စက်ရုံ၊မန္တလေး)-ဒေါ်ချိုချိုတင်၊ ဒုရဲမှူးဒေါ်ရီရီတင်(စည်ပင်သာယာရဲတပ်ဖွဲ့)တို့၏ ချစ်လှစွာသော အစ်မကြီး ဒေါ်တင်တင်မြသည်၉-၇-၂၀၀၃ရက် မွန်းလွဲ ၁:၃၀ နာရီတွင် ကွယ်လွန်သွားပါ၍ ၁၁-၇-၂၀၀၃ရက် နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ ကျန်ရစ်သူမောင်နှမများ။

ဦးသိန်းအောင် (၆၅)နှစ်

ပန်းဘဲတန်း (ဥက္ကံ)

ဥက္ကံမြို့၊ ဂေါ့ကျေးရွာနေ ဦးမောင်ပု-ဒေါ်လှစိန်တို့၏သား၊ ဦးညွှန့်၊ ဒေါ်သန်းမေတို့၏မောင်၊ ဦးစိန်ခင်-ဒေါ်တင်အေး၊ ဦးသိန်းထွန်း-ဒေါ်ရင်အေးတို့၏ အစ်ကို၊ ဒေါ်တင်လှ၊ ဒေါ်စန်းစန်းအုန်းတို့၏ ခင်ပွန်း၊ ဦးရဲထွဋ်(လ/ထကြီးမှူး၊ စည်ပင်/ယာဉ်)-ဒေါ်သီတာဦး၊ (တော်မီလှကျော်)-ဒေါ်မာလာဦး၊ ဦးတင်အောင်ကို(စည်ပင်/ဈေးဌာန)တို့၏ ဖခင်၊ မြေး လေးယောက်တို့၏ အဘိုးသည် ၉-၇-၂၀၀၃ရက်တွင် မြောက်ဥက္ကလာပ ဆေးရုံကြီး၌ ကွယ်လွန်သွားပါ၍ ၁၁-၇-၂၀၀၃ (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမ

ဒေါ်အေးအေးသန်း အသက်(၄၅)နှစ်

စန်းပလတ်စတစ်လုပ်ငန်း

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ အမှတ်(၄၈)၊ (၁၆၆)လမ်းနေ ဦးတင်လှိုင်-ဒေါ်အုံးကြည် (၃၃၃/ပလတ်စတစ်)၏သမီးကြီး၊ ဦးဝမ်စိန်-ဒေါ်ကျင်ယုံ(ကျုံခုနိ)တို့၏ ချွေးမ၊ ဦးစန်းလှိုင်၏ ဇနီး၊ မနုနုယဉ်၊ ကိုသန့်ဇင် - မမြင့်မြင့်စန်း(ငွေသဇင်ပလတ်စတစ်)၊ မအေးအေးမြင့်(၃၃၃-ပလတ်စတစ်)၊ ကိုသိုက်ဝင်း-မဆွေမြတ်ဝင်း (သမ္မာဆန္ဒပလတ်စတစ်)၊ ကိုမျိုးညွှန့်-မနန်းတင်တင်ဆွေ(ဦးရွှေရိုးအိတ်ပါး)တို့၏ အစ်မ၊ မသင်းသင်းလှိုင်၊ မောင်အောင်မိုးသူတို့၏ မွေးသမိခင်၊ တူ၊ တူမ ခြောက်ယောက်တို့၏ အဒေါ်ကြီးသည် ၉-၇-၂၀၀၃ရက်တွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၁-၇-၂၀၀၃(သောကြာနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၂:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဦးသိန်းတန် (၇၉)နှစ်

ဆက်သွယ်ရေး (ငြိမ်း)

ပြင်ဦးလွင်မြို့နေ (ဦးမြ-ဒေါ်ငွေစိန်)တို့၏ သား၊ မန္တလေးမြို့နေ ဦးစိန်လှမောင်-ဒေါ်တင်တင်၊ (ဦးကျော်မွေး)-ဒေါ်သောင်း၊ ဦးကျော်အေး၊ ဦးကျော်ငွေတို့၏အစ်ကို၊ ပြင်ဦးလွင်မြို့နေ (ဦးလှသိန်းမောင်-ဒေါ်သန်းတင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ သစ်လုပ်ငန်းအရာရှိနေအိမ်နေ ဒေါ်အေးကြည်၏ ခင်ပွန်း၊ ဦးမျိုးမြတ်(ညွှန်ကြားရေးမှူး၊ စီမံ/စာရင်း၊ သစ်တောရေးရာ)-ဒေါ်နုနုမြတ်၊ ဦးဝင်းချို-ဒေါ်ယုယုသိန်း၊ ဦးတင်ဝင်း(သုခဆောက်လုပ်ရေး)-ဒေါ်ယိုယိုသိန်းတန်၊ ဦးအောင်သိန်းတန်(လဝက၊ တောင်ကြီး)-ဒေါ်သက်မာမိုး၊ ဒေါ်ဝေဝေသိန်းတန်(ဆသရ)တို့၏ မွေးသဖခင်၊ မြေး ၁၀ယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးသည် ၉-၇-၂၀၀၃ရက်တွင် အကယ်ဒမီအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၁၁-၇-၂၀၀၃ (သောကြာနေ့) နံနက် ၁၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။(နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး

ဦးလှမြင့် (၆၆)နှစ်

ကုန်သွယ်/လယ်ယာ(ငြိမ်း)
(ကျိုက်လတ်)

(ဦးမောင်မောင်-ဒေါ်ခင်တင့်)တို့၏ သား၊ (ဦးသိန်းဟန်-ဒေါ်ကျင်)တို့၏ သားသမက်၊ ရန်ကုန်တိုင်း၊ အမှတ်(၅၁)၊ မင်းရဲကျော်စွာ၊ (၁၄)လမ်း၊ လှိုင်သာယာမြို့နယ်နေ (ဒေါ်ယဉ်ယဉ်စု)၏ ချစ်လှစွာသော ခင်ပွန်း၊ ဦးလှကြည်-ဒေါ်သိန်းမြင့်တို့၏ အစ်ကို၊ ဦးမြင့်ဦး-ဒေါ်သီတာအေး၊ ဦးကြည်တိုး-ဒေါ်မြင့်မြင့်သိန်း၊ ကိုကြည်စိုး၊ ကိုဗိုလ်ဗိုလ်မင်း-မအင်ကြင်ငြိမ်းဝင်းတို့၏ မွေးသဖခင်၊ မြေး လေးယောက်တို့၏အဘိုးသည် ၉-၇-၂၀၀၃ ရက်တွင် ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မင်းရဲကျော်စွာ(၁၄)လမ်း၊ အမှတ်(၅၁) နေအိမ်၌ ကွယ်လွန်သွားပါ၍ ၁၁-၇-၂၀၀၃ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။

(နေအိမ်မှကားများ မွန်းလွဲ ၁၂:၃၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး

ဦးဖုန်းမြင့် (၅၃)နှစ်

ပဲခူးတိုင်း၊သနပ်ပင်မြို့၊ ဘုရားကြီးပိုင်း(၈)လမ်းနေ (ဦးကျော်ရင်)-ဒေါ်တင်လှတို့၏ သား၊ ဒေါ်စောမြင့်၏ ခင်ပွန်း၊ မောင်မြင့်ဇော်ဦး၊ မောင်ထူးထူးကျော်၊ မဝင်းဝင်းငွေ၊ မခင်ခင်ငွေ၊ မသင်းသင်းထွေးတို့၏ဖခင်ကြီး၊ (ဦးသန်းမြင့်)-ဒေါ်တင်အေးတို့၏ ညီ/မောင်၊ ဦးငွေဝင်း-ဒေါ်စန်း၊ ဦးအောင်မြင့်-ဒေါ်စန်းစန်းငွေ၊ ဦးဟန်တင့်-ဒေါ်စိန်အေး၊ ဦးလှနိုင်-ဒေါ်သန်းငွေ၊ ဦးမင်းသိန်း-မစန်းစန်းဝင်း၊ ဦးအောင်ကျော်(တကက) ကယားပြည်နယ်တို့၏ အစ်ကိုကြီး၊ ပဲခူးတိုင်း၊ သနပ်ပင်မြို့နယ်၊ ကျားခေါင်ကျေးရွာ ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီစာရေးကြီး ဦးဖုန်းမြင့်သည် ၁၀-၇-၂၀၀၃ရက်တွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၁၂-၇-၂၀၀၃ (စနေနေ့)နံနက် ၁၁:၃၀နာရီတွင် ဦးဟန်တင့်-ဒေါ်စိန်အေး၊ အမှတ်(၃၇၃)၊ နီလာ(၁)လမ်း၊ ၈ရပ်ကွက်၊ နေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်-၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်-၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး-၂၉၁၈၃၂၊စာတည်းများ-၂၉၂၈၃၂၊ သတင်းထောက်မှူး-၂၉၂၈၃၃၊ မန်နေဂျာ-၂၉၁၈၃၃၊ စီမံ/ငွေစာရင်း-၂၉၁၄၅၄၊ ဖြန့်ချိရေး ၂၉၂၈၃၀၊ ကြော်ငြာ-၂၉၉၄၂၇၊ ပုံနှိပ်-၂၉၂၈၃၁။ R/184

ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး အဘက်ဘက်မှ ဖွံ့ဖြိုးတိုးတက်နေသော ယောနယ်ဒေသ၏ မြို့တော်ဂန့်ဂေါ

ကွင်းဆင်းလေ့လာရေးသားသူ – ခရမ်းစိုးမြင့်
ဓာတ်ပုံမှတ်တမ်းတင် – ရေချမ်းမြင့်

ရန်ကုန် ဇူလိုင် ၁၀

ကြေးမုံသတင်းအဖွဲ့သည် ၂၀၀၃ ခုနှစ် ဇွန် ၁၈ ရက်က ယောဒေသ မြို့တော် ဂန့်ဂေါသို့ ခရီးတစ်ခေါက် ရောက်ခဲ့သည်။

ဂန့်ဂေါသည် မကွေးတိုင်း၌ပါဝင်သော ခရိုင်မြို့တစ်မြို့ဖြစ်သည်။ ဂန့်ဂေါ ခရိုင်အတွင်း ဂန့်ဂေါ၊ ထီးလင်းနှင့်ဆောမြို့တို့ပါဝင်ပြီး ၂၁၅၃ ဒသမ ၉၅၆ စတုရန်းမိုင် ကျယ်ဝန်းသည်။ အရှေ့အနောက် ၅၅ မိုင်နှင့် တောင်မြောက် ၁၇၃မိုင်ရှိပြီး ခရိုင်မြို့ဂန့်ဂေါ၏ မြေမျက်နှာပြင် အမြင့်ဆုံးနေရာမှာ ၃၅၇၆ ပေမြင့်သည်။

ပုံညာတောင်နှင့် ဂန့်ဂေါမြို့သည် ၃၅မိုင်ခန့်သာဝေးသည်။ သို့သော် ထိုဒေသသည် ယခင်က သွားလာရေးအတွက် လမ်းပန်းက မသာယာခဲ့ပေ။ အမြင်နီးသော်လည်း ခရီးကဝေးခဲ့ရသောအရပ်ဟု ဆိုရမည်ဖြစ်သည်။

စာမျက်နှာ ၁၃ ကော်လံ ၁ သို့ ☆

သာသနာ့ဗိမာန်တော်ကြီး

ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့တွင် စုပေါင်းတည်ဆောက်ခဲ့သော သာသနာ့ဗိမာန်တော်ကြီး ပြီးစီးနေသည်ကို ဇွန် ၁၈ရက်က ကြေးမုံသတင်းအဖွဲ့ ဤသို့တွေ့ခဲ့ရသည်။ (ဓာတ်ပုံ–ရေချမ်းမြင့်)

ကရင်ပြည်နယ်နှင့် အချို့နယ်မြေဒေသများ သောင်းကျန်းမှုများရှိနေပြီး လုံခြုံရေးအပြည့်အဝမရှိသဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်း၊ တည်ဆောက်ရေးလုပ်ငန်းများ အပြည့်အဝ ဆောင်ရွက်မပေးနိုင်သည်များရှိနေရာနှန်းပြည့် အဖြူရောင်နယ်မြေဖြစ်ပေါ်ရေး ဒေသခံပြည်သူများ၏ ပူးပေါင်းပါဝင်မှု ရယူလုပ်ကိုင်

ရန်ကုန် ဇူလိုင် ၁၀

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမောင်ဘိုတို့သည် မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သူရမြင့်အောင်၊ သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်အုန်းမြင့်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ ဇူလိုင် ၈ ရက် မွန်းလွဲပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့နယ် ဒုံသမိတံတားသို့ ရောက်ရှိကြရာ အမှတ်(၂၂) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်ငွေသိန်း၊ ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးချိုထွန်းအောင်နှင့် တာဝန်ရှိသူများကကြိုဆိုကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✪

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး သူရရွှေမန်းနှင့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂) ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်းတို့ ဘားအံမြို့နယ် ဒုံသမိချောင်းတံတားပတ်ဝန်းကျင်၌ ပုစွန်မွေးမြူရန် ပြင်ဆင်နေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ယနေ့ထုတ်စောင်ရေ ၂၂၄၁၂၆